# မြဝတီ

**The Mirror Daily**

၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့။ Sunday , 11 September 2016 (၈၆၈၁)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ လန်ဒန်၊ အမေရိကန် တရားဝင်ခရီးစဉ် စတင်

**ရန်ကုန် စက်တင်ဘာ ၁၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လန်ဒန်မြို့ခရီးစဉ်၊ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည့် တရားဝင်ခရီးစဉ်နှင့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံရုံးမှ ဒုတိယသံအမတ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပနိုင်ငံများသို့ထွက်ခွာရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။**(သတင်းစဉ်)

# (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ နန်နင်းမြို့၌ ကျင်းပ



**(၁၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ကြည့်ရှုအားပေးစဉ်။**(သတင်းစဉ်)

## မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ဒုတိယသမ္မတ ဦးမြင့်ဆွေ ဖွင့်လှစ်ပေး

**နန်နင်း စက်တင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ ချင်းရှုံးတောင်ရှိ ဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဘုန်းတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတသည် ချင်းရှုံးတောင်တွင် လှည့်လည်ကြည့်ရှုလေ့လာသည်။

ချင်းရှုံးတောင်တန်းသည် နန်နင်းမြို့၏ ထင်ရှားသောမြင်ကွင်း ရှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ခံ့ညားထည်ဝါသည့် စိမ်းလန်းသောတောင်ကုန်း၊ တောင်တန်းများ၊ စိမ်းစိုသောသစ်ပင်ကြီးများ၊ ကြည်လင်သောစမ်းချောင်းနှင့် အံ့သြဖွယ်ကျောက်တုံးများစသည့် လှပသောမြင်ကွင်းများကြောင့် ထင်ရှားပြီး အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အဆင့်အမြင့်ဆုံးနေရာအဖြစ် သတ်မှတ်ထားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကွမ်ရှီးပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ချန်ဝူအား ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် လိယွမ်အစိုးရဧည့်ဂေဟာ၌ လက်ခံတွေ့ဆုံပြီး ကုန်သွယ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✱




ကြေးမုံ

## တည်ငြိမ်သည့်လှုပ်ရှားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ

နှစ်ပေါင်းများစွာကြာခဲ့သည့် နိုင်ငံရေးမတည်ငြိမ်မှု၊ အာဏာပိုင်တို့၏ အဂတိလိုက်စားခဲ့မှု၊ အုပ်ချုပ်ရေးအဆင့်ဆင့်၏ အလွဲသုံးစားစီမံခန့်ခွဲခဲ့မှု၊ ပရမ်းပတာစီမံခန့်ခွဲခဲ့မှု၊ တစ်ဖန် ယင်းတို့နှင့်ယှဉ်တွဲနေသော ကိုယ်ကျိုးရှာ မသမာခဲ့မှုများကြောင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးက စိုက်ဆင်းထိုးကျလာခဲ့သည်မှာ ဆင်းရဲမွဲတေမှုတွင်ထိပ်တန်း၊ မဖွံ့ဖြိုးမှု၌ တစ်ဂဏန်းဖြစ်ခဲ့ရသည်။

ယနေ့ကာလလို ပြည်သူလူထု ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရသစ်ပေါ်ပေါက်လာသည့်အခါ အစိုးရသစ်က တိုင်းပြည်ပြန်လည်ထူထောင်ရေး ဆောင်ရွက်ကြရာတွင် အနာဂတ်ခရီးအတွက် မျိုးစေ့ချစိုက်ပျိုးရသည်က တစ်မျိုး၊ ယခင်လက်ကျန် ပေါင်းမြက် မြေစာအမှိုက်နှင့် ပိုးမွှားများကို သန့်စင်ရသည်က တစ်မျိုးဟူ၍ တစ်ပြိုင်နက်တာဝန်များ ပိုမိုကြီးလေးနေရသည်။ ဒါက လက်တွေ့ရင်ဆိုင်နေရသော မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပြဿနာ။

သို့သော်

မည်သို့ပင် တာဝန်ကြီးလေးသည်၊ ပြဿနာများ များပြားလှသည်ဆိုစေကာမူ အစိုးရသစ်အနေဖြင့် မိမိတို့ မလုပ်မဖြစ် လုပ်ရမည့်အလုပ်၊ မယူမဖြစ်ယူရမည့်တာဝန်၊ မထမ်းမဖြစ်ထမ်းရမည့် လုပ်ငန်းဆောင်တာများဖြစ်သည့် အားလျော့စွာ ငြင်းလို့မရ။ ရှောင်လွှဲလို့မရ။ အတိတ်ကို ပုံချရုံသက်သက်ဖြင့်မရ။

သည်လို လုပ်ကြရသည့်အခါ ပြည်သူ့အစိုးရအဖွဲ့၊ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်အသီးသီးနှင့် မဏ္ဍိုင်အားလုံးတို့သည် အစိုးရသက်တမ်း အပြောင်းအလဲဖြစ်သည်နှင့်တစ်ပြိုင်နက် မိမိတို့အင်အား၊ စွမ်းအားများကို ရှိသမျှထုတ်ကာ အရှိန်အဟုန်ဖြင့် သုတ်သုတ်ပြေးခဲ့ကြသည်ကိုလည်း ပြည်သူတို့က သတိပြုမိ၊ အသိအမှတ်ပြုမိကြပါသည်။

**အင်တိုက်အားတိုက် သည်းလှိုက်အူလှိုက်**

ယခုဆိုလျှင် ရက်တစ်ရာ အစိုးရသစ်ကာလကို ကျော်ဖြတ်လာခဲ့ပြီဖြစ်ပါသည်။ သည်လိုအချိန်သည် အစိုးရအဖွဲ့သစ်အနေဖြင့် ရှေ့ခရီးကို ဆက်ကာပြေးရင်း မိမိတို့၏ သက်လုံနှင့် စွမ်းအားများကိုလည်း ပြန်လည်ဆန်းစစ် သုံးသပ်ကြည့်ကြရမည့် ကာလဖြစ်သည်ဟု ယူဆပါသည်။ ပြည်သူတို့က အလွန်မျှော်လင့်ထားသည့် ပြည်သူ့အစိုးရဖြစ်သည့်အတွက် လမ်းခုလတ်တွင် မောပန်းနွမ်းလျ ခြေကုန်လက်ပန်းကျလို့မဖြစ်။ အသက်ကို မှန်မှန်ရှူကာ မိမိတို့၏ အရွေ့များ၊ စွမ်းဆောင်ခဲ့မှုများကို စိစစ်ခြင်းဖြင့် ရေရှည်ခရီးအတွက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်နိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

ထိုသို့ ပြန်လည်ဆန်းစစ်ရာတွင် ပြည်သူ့အမြင်၊ ပြည်သူ့ဝေဖန်ချက်၊ ပြည်သူ့သုံးသပ်ချက်များကိုလည်း ရှုမြင်ကြည့် နားထောင်ကြည့်ရန် လိုမည်ဟု ယူဆပါသည်။

ပြည်သူတို့အမြင်တွင် အစိုးရအဖွဲ့ခေါင်းဆောင်များထဲတွင် အစီအမံသစ်များကို တက်တက်ကြွကြွ ကြွေးကြော်ကာ တက်တက်ကြွကြွ အင်ပြည့်အားပြည့် အလုပ်လုပ်နေကြသူများ၊ အသံတိတ်တိတ်ဆိတ်ဆိတ်ဖြင့် မိမိတို့၏ ယန္တရားကို စနစ်တကျပြင်ဆင်ပြီး အင်ပြည့်အားပြည့် လုပ်နေကြသူများ၊ အသံလည်းမထွက် အလုပ်လုပ်နေသလား၊ လုပ်မနေဘူးလားဆိုသည်ကို မသိရသူများဟူ၍ အမျိုးမျိုးရှိနေပါသည်။

မည်သို့ရှိစေ၊ ပြည်သူတို့က အစိုးရအဖွဲ့သစ် တက်လာသည့်အခါ အားကောင်းမောင်းသန်ဖြင့် ဆိုင်းဘုတ်တင်ကြွေးကြော်လုပ်ဆောင်ခဲ့သမျှကို အားရဝမ်းသာဖြစ်ကာ ထောက်ခံအားပေးခဲ့ကြသည်သာ ဖြစ်ပါသည်။ သို့သော်လည်း အချို့မှာ ၎င်းတို့ကြွေးကြော်ခဲ့သည့်အတိုင်းဖြစ်မလာဘဲ နောက်ဆုတ်ခဲ့သည်များ၊ တစ်ထစ် ပြန်ဆင်းသွားခဲ့သည်များကို နားမလည်နိုင်ဖြစ်ခဲ့ရသည်တို့လည်း ရှိပါသည်။ ကြွေးကြော်ခဲ့သလောက် မအောင်မြင်ခဲ့ခြင်းကို ပြည်သူလူထုက သဘောပေါက်နိုင်သော်လည်း အဘယ်ကြောင့် ကြွေးကြော်ခဲ့သလို မဖြစ်ရခြင်းကိုမူ အနိမ့်ဆုံးအားဖြင့် ပြည်သူလူထုကို အသိပေးတင်ပြရန် လိုပါမည်။

ယခုအခါ ထိုထိုသမျှသော အောင်မြင်မှု၊ မအောင်မြင်မှုများကို စနစ်တကျ ပြန်လည်ဆန်းစစ်ပြီး ရှေ့ခရီးအတွက် ပြန်လည်ဆုံးဖြတ်စရာများရှိပါလိမ့်မည်။ အရေးကြီးသည်မှာ မည်သို့သော ဆုံးဖြတ်ချက်မျိုးကိုမဆို အလောသုံးဆယ် ချမှတ်ခြင်းမပြုဘဲ အချိန်အနည်းငယ်ယူလေ့လာခြင်း၊ မိမိတို့လက်အောက်မှ အမှန်တကယ် အလုပ်လုပ်ကြမည့် ယန္တရားအဆင့်ဆင့်ကို ညှိနှိုင်းစိစစ်ခြင်းတို့ကို နားလည်အောင်လုပ်ရန် လိုအပ်မည်ဟု မြင်ပါသည်။

လက်ရှိ အစိုးရအဖွဲ့၏ အောက်ခြေအုပ်ချုပ်ရေး ယန္တရားအဆင့်ဆင့်တွင် အမျိုးမျိုးသောပြဿနာများရှိနေကြောင်းကို ကြားသိနေရသည်။ ထို့ကြောင့် ထိုယန္တရားအဆင့်ဆင့်ကို အလုပ်ဖြစ်ကာ နိုင်နင်းသည့် စီမံခန့်ခွဲမှုအောက်သို့ ရောက်ရှိအောင် ပြင်ဆင်ကွပ်ကဲရသည်များ အသေအချာရှိမည်ဟု ယူဆပါသည်။

တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် စိတ်စေတနာမှန်မှန်၊ စွမ်းရည်မြင့်မြင့်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။ ။

# စိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲမှုတိုက်ဖျက်ရေးအတွက် ချေးငွေကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံ ဂျပန်ပံ့ပိုးကူညီမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး အစီအစဉ်များအတွက် ဂျပန်နိုင်ငံက ချေးငွေ ယန်း ၁၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ ဘီလီယံ) ပံ့ပိုးကူညီမည်ဟု လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ကျင်းပခဲ့သော အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရာ၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားကြောင်း The Japan Times သတင်းစာက ရေးသားဖော်ပြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုကိုအားပေးသင့်ပြီး အစိုးရက ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို အတည်ပြုရန် မျှော်မှန်းနေသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားကြောင်း ဂျပန်တာဝန်ရှိသူများက ဆိုသည်။

ပြည်သူ-ပုဂ္ဂလိက ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကကဏ္ဍကို ဂျပန်နိုင်ငံက အားပေးလိုကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မကြာမီ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်မည်ဟု မျှော်လင့်ကြောင်း ရှင်ဇိုအာဘေးကဆိုပြီး စောနိုင်သမျှစော၍ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ချင်ပါကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ခေါင်းဆောင်များက ဒေသတွင်းရှိ အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးနှင့် အခြားလိုအပ်ချက်များအတွက် လာမည့်သုံးနှစ်အတွင်း ယန်း ၇၅၀ ဘီလီယံပံ့ပိုးကူညီမည့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သည့် ဂျပန်နိုင်ငံ၏ ကတိကဝတ်နှင့်ပတ်သက်သော တိုးတက်ဖြစ်ထွန်းမှုကို ဆွေးနွေးခဲ့ကြသည်။

**(ကျော်ထိုက်စိုး)**

## ကမ္ဘာတွင်ခေတ်စားနေသော လွန်းတင်စက်ရက်ကန်းနှင့် အဆင့်မြင့်စက်ရက်ကန်းကြီးများ ဝယ်ယူရရှိ၍ သင်ကြားရေးအထောက်အကူပြုရန် ဆွေးနွေးမည်

**မုံရွာ စက်တင်ဘာ ၁၀**

ကမ္ဘာတွင် ခေတ်စားနေသောလွန်းတင်စက်ရက်ကန်း၊ အိန္ဒိယမှ ပါဝါလွန်းဂျက်ကက်လွန်းစသည့် အဆင့်မြင့်ရက်ကန်းစက်ကြီးများဖြင့် သင်ကြားထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ၁၄ ကျောင်းမှ ကျောင်းအုပ်ကြီးများသည် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် နေပြည်တော်၌ ညှိနှိုင်းစည်းဝေးခဲ့ကြကြောင်း မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအုပ်ဆရာမကြီးထံမှ သိရသည်။

"ကမ္ဘာမှာခေတ်စားနေတဲ့ လွန်းတင်စက်ရက်ကန်း၊ အိန္ဒိယက ပါဝါလွန်းနဲ့ ဂျက်ကက်လွန်းစတဲ့ အဆင့်မြင့်နောက်ဆုံးပေါ်စက်ကြီးတွေ ရရှိအောင် ဆွေးနွေးတာပါ။ ဆွေးနွေးပွဲက ရရှိလာမယ့် ရလဒ်ကို အခြေပြုပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ရေးဆွဲပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကိုတင်ပြပြီး ခွင့်ပြုတယ်ဆိုရင် စက်ကြီးတွေဝယ်ပြီး သင်ကြားပြသထုတ်လုပ်လာနိုင်မှာ ဖြစ်ပါတယ်။ သင်ရိုးသစ်နဲ့ စက်ကြီးတွေမရောက်ခင်စပ်ကြားမှာ လက်ရှိသင်တန်းသားတစ်နှစ်သားတွေကို နိုင်ငံတော်ရဲ့အစီအမံနဲ့ ကမ္ဘာမှာဆဋ္ဌမအကြီးဆုံးဖြစ်တဲ့ မိတ္ထီလာက တပ်မတော်ချည်မျှင်နဲ့ အထည်ချုပ်စက်ရုံကို တစ်လတာ လေ့လာရေး ပို့ပေးပါတယ်။ နိုင်ငံတော်က စရိတ်စကကျခံပေးတဲ့ အစီအစဉ်ဖြစ်ပါတယ်"ဟု မုံရွာမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းအုပ်ကြီး ဒေါ်သိန်းငွေက ပြောပြသည်။

လက်ရှိပြောင်းလဲလိုက်သော စနစ်ကြောင့် ယခင်သမဝါယမဦးစီးဌာနအောက်ရှိ ရက်ကန်းကျောင်းများသည် ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနလက်အောက်တွင် ရက်ကန်းသာမက ကျယ်ပြန့်လှသည့် အသက်မွေးပညာများကိုပါ သင်ကြားပို့ချပေးလျက်ရှိရာ လူငယ်များသာမက ရပ်ကွက်၊ ကျေးရွာများမှ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ချင်သူ လူရွယ်သက်ကြီးများပါ လိုလိုလားလား ပညာသင်ကြားခြင်းများရှိလာကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




## မိတ္ထီလာမူလတန်းကြိုကျောင်းတွင် ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မိတ္ထီလာမူလတန်းကြိုကျောင်းတွင် ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီခွဲက ယင်းကျောင်းခန်းမ၌ ကျင်းပသည်။

ယင်းကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာန မိတ္ထီလာမူလတန်းကြိုကျောင်းတွင် တက်ရောက်နေသည့် ကလေးငယ် ၇၅ ဦးက ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ ၊သီချင်းဆိုပြိုင်ပွဲများတွင် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ကလေးငယ်များ ဉာဏစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ကျောင်းအုပ်ဒေါ်အေးအေးလွင်နှင့် အကဲဖြတ်ဒိုင်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၁၇၉)**

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ် ပထမအသုတ် အတန်းတင်စာမေးပွဲများ ကြေညာ

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၆ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၃ ရက်မှ ၈ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ်(သိပ္ပံအထူးပြု)၊ ဒုတိယနှစ်(သိပ္ပံအထူးပြု)၊ တတိယနှစ်(သိပ္ပံအထူးပြု)နှင့် စတုတ္ထနှစ်(သိပ္ပံအထူးပြု) ကျောင်းသား ကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အစီအစဉ်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၀၆၅ ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၁

* ရှေ့ဖုံးမှ

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ရောက်ရှိပြီး (၁၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကွမ်ရှီး ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှင်ပေဟိုင်တို့နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းများအား လိုက်လံကြည့်ရှုအားပေးသည်။

ယခုကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း ၁၄၅ ခန်းဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ထွက်ကုန်ပစ္စည်းများအား ကဏ္ဍအလိုက် စုံလင်စွာပြသထားသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလိတို့သည် လိယွမ်အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်ခဲ့သည့်အတွက် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများ ပိုမိုရရှိလာခဲ့ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးကဏ္ဍများအတွက် အကူအညီများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းမှုများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းတို့အတွက် တရုတ်နိုင်ငံအနေဖြင့် ဝမ်းမြောက်ကြောင်းပြောကြားရာ ဒုတိယသမ္မတကလည်း တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင်မြင်လာပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်၍ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဖော်ဆောင်ရေးကိစ္စရပ်များကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကမ္ဘာလှည့်ခရီးသည်များ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးစဉ်များ နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးခရီးစဉ်သာမက မြန်မာနိုင်ငံရှိ ထင်ရှားသောခရီးစဉ်ဒေသများနှင့် မြစ်ကြောင်းများတစ်လျှောက် လေ့လာကြည့်ရှုလည်ပတ်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Upland Travels & Tours Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည် ၁၁ ဦးပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၈ ရက်တွင် လေကြောင်းဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့ပြီး ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ပုဂံ၊ မုံရွာ၊ ကနီ၊ ကံရွာ၊ ကြီးတောင်ဦး၊ ကလေးဝ၊ မစိန်ရွာ၊ မော်လိုက်၊ ဖောင်းပြင်၊ ကင်းတပ်၊ ဂေဇတ်၊ အမြင့်ရွာ၊ စစ်ကိုင်း၊ အမရပူရ၊ မန္တလေးမြို့များသို့ သွားရောက်ကာ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်နှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် သဘာဝအလှအပများ၊ လူနေမှုဓလေ့စရိုက်များကို လေ့လာကြည့်ရှုပြီး ဩဂုတ် ၃၁ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။



ထို့အတူ Myanmar Senses Family Travels & Tour Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် အိန္ဒိယနိုင်ငံသား ဧည့်သည် လေးဦးသည် မော်တော်ယာဉ်တစ်စီးဖြင့် စက်တင်ဘာ ၁ ရက်တွင် မူဆယ်မြို့သို့ရောက်ရှိလာပြီး မူဆယ်၊ ပြင်ဦးလွင်၊ မန္တလေး၊ မုံရွာ၊ ကလေး၊ တမူးမြို့များသို့ သွားရောက်လည်ပတ်ပြီး စက်တင်ဘာ ၄ ရက်တွင် တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။

ထို့အပြင် Rising Travels & Tour Co.,Ltd ၏ အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား ငါးဦးသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် တစ်စီးဖြင့် စက်တင်ဘာ ၂ ရက်တွင် တမူးမြို့မှ ဝင်ရောက်လာပြီး တမူး၊ မုံရွာ၊ ကျိုက်ထို၊ မြဝတီမြို့များသို့ သွားရောက်လည်ပတ်ပြီး စက်တင်ဘာ ၅ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ တော၊ တောင် ရှုခင်းအလှများ၊ ယဉ်ကျေးမှုနှင့် ဧည့်ဝတ်ကျေပွန်မှုများကြောင့် လာရောက်လည်ပတ်ရန် အကောင်းဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ထင်ရှားလာခြင်းကြောင့် စိတ်ဝင်တစားလာရောက်လည်ပတ်လျက်ရှိကြရာ ဧရာဝတီ၊ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းအပျော်စီးရေယာဉ်များဖြင့်လည်းကောင်း၊ ကိုယ်ပိုင်မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများဖြင့် နယ်စပ်ဖြတ်ကျော်၍လည်းကောင်း စီးနင်းဖြတ်သန်းမောင်းနှင်ရာ လမ်းတစ်လျှောက် သဘာဝအလှအပရှုခင်းများ၊ လူနေမှုဓလေ့စရိုက်များကို လေ့လာရေးအတွေ့အကြုံသစ်များရရှိသဖြင့် စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

❏



# ကျောင်းကုန်းမြို့နယ်၌ မြွေကြီးတစ်ကောင်ဖမ်းမိ သစ်တောဌာနသို့ လွှဲပြောင်းပေးအပ်

**ကျောင်းကုန်း စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ရွှေပန်းငူကျေးရွာအုပ်စု ရွှေပန်းငူကျေးရွာနေ ဦးဇော်ဝင်းနိုင်၏နေအိမ်ခြံဝင်းအတွင်းရှိ ကုက္ကိုပင်အဖျားတွင် စက်တင်ဘာ ၉ ရက် ညနေ ၆ နာရီခန့်က မြွေကြီးတစ်ကောင်တွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ရွှေပန်းငူကျေးရွာ အုပ်ချုပ်ရေးမှူး ဦးရဲနိုင်နှင့် ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်(၂) ဦးဝင်းကြိုင်တို့ စက်တင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက စပါးအုံးဟုယူဆရသော မြွေကြီးကို တွေ့ရှိပြီး မြွေကြီးမှာ အရှည် ၁၁၈ လက်မနှင့် လုံးပတ်မှာ ခုနစ်လက်မရှိသည်။

ထို့နောက် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောရေးရာဦးစီးဌာန ကျောင်းကုန်းမြို့နယ် တာဝန်ခံတောအုပ် ဦးကျော်ကျော်ဝင်းထံ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

◆

# ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကိုကျော်လွှားနိုင်မည့် မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေးအစီအစဉ် ယခုနှစ်အတွင်း အကောင်အထည်ဖော်မည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်မြို့၏ ဆိုးရွားလှသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကိုကျော်လွှားနိုင်မည့် သယ်ယူပို့ဆောင်ရေးအစီအစဉ် တစ်ခုအနေဖြင့် မြစ်ကြောင်းသွားသယ်ယူပို့ဆောင်ရေး အစီအစဉ်ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရာတွင် မြို့တွင်းဘတ်စ်ကားလိုင်းများ၏ ပြေးဆွဲမှုစနစ်ကို အများပြည်သူဗဟိုပြုသည့်စနစ်သို့ ပြောင်းလဲရန် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် သွားလာရေးခက်ခဲကြန့်ကြာနေမှုများအပေါ် တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများအတွင်း မြစ်ကြောင်းသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်ဟု အဆိုပါအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

"နိုင်ငံတကာမြို့ပြတွေမှာလည်း မြစ်ကြောင်းသွားပို့ဆောင်ရေးတွေကို ကောင်းမွန်စွာ အသုံးချနေပါတယ်။ ရန်ကုန်မြို့အနေနဲ့က ဒီလိုပတ်ဝန်းကျင်တွေရှိတဲ့အတွက် ဒါကို အကောင်အထည်ဖော်နိုင်ရင် ယာဉ်ကြောပိတ်ဆို့မှုကိုလည်း ဖြေလျှော့ပြီးသားဖြစ်ပါတယ်။ အများပြည်သူသယ်ယူပို့ဆောင်ရေးသာမကဘူး၊ ကုန်စည်ပို့ဆောင်ရေးအတွက်ပါ အရေးပါပါတယ်။ ရေကြောင်းပို့ဆောင်ရေးက စရိတ်များစွာသက်သာလို့ပါ။ အရင်က လုပ်ခဲ့ပေမယ့်လည်း ဆိပ်ကမ်းအခက်အခဲရှိတာကြောင့် အောင်မြင်မှုမရခဲ့ပါဘူး။ အခုတော့ ဒါတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်။ မြစ်ကြောင်းတွေတစ်လျှောက် အသေးစိတ်လေ့လာရေးတွေလည်း ဆောင်ရွက်နေပါတယ်။ မကြာခင်မှာ ဒီလုပ်ငန်းဆောင်ရွက်ဖို့အတွက် ပြည်တွင်း ပြည်ပကို တင်ဒါခေါ်ယူဖို့ မျှော်မှန်းထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

မြစ်ချောင်းများအတွင်း သယ်ယူပို့ဆောင်ရေး Water Bus စနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများအတွင်း ကွင်းဆင်းလေ့လာဆန်းစစ်မှုများကို ဆောင်ရွက်လျက်ရှိပြီး လျာထားချက်အနေဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက် ဘေလီတံတားအနီးမှ ညောင်တန်းအထိ မှတ်တိုင် ငါးမှတ်တိုင် သတ်မှတ်ရပ်နားကာ ပြေးဆွဲပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။ ရေကြောင်းပို့ဆောင်ရေးနှင့် ကားလမ်းကြောင်းများ ချိတ်ဆက်နိုင်ရန်အတွက်လည်း စဉ်းစားသုံးသပ်လျက်ရှိသည်ဟု သိရသည်။

"ထိုင်းနိုင်ငံမှာတော့ မြစ်ကြောင်းပို့ဆောင်ရေးကို အလေးထားတာတွေ့ရတယ်။ ခရီးသည်ကိုလည်း သတ်မှတ်ချက်အတိုင်းပဲ တင်ဆောင်တယ်။ အသက်ကယ်အင်္ကျီတွေ ထားပေးထားတယ်။ တင်ဒါအောင်တဲ့ ကုမ္ပဏီတွေကို သေချာကြပ်မတ်သင့်ပါတယ်။ ရန်ကုန်မြို့က မြစ်ချောင်းတွေ ဝန်းရံနေတာပဲ။ အသုံးချနိုင်ဖို့ လိုပါတယ်။ အောင်မြင်အောင် ဆောင်ရွက်နိုင်ရင် ဝမ်းသာစရာပါ" ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက သုံးသပ်သည်။

အဆိုပါ မြစ်ကြောင်းသွား သယ်ယူပို့ဆောင်ရေး Water Bus ပြေးဆွဲခြင်းကို ရှပ်ပြေးယာဉ်ကဲ့သို့ ယာဉ်များနှင့် ပြေးဆွဲသွားရန် လျာထားလျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းတင်ဒါကို ယခုလအတွင်း ခေါ်ယူနိုင်ရန် ရည်မှန်းထားပြီး ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဆုနှင်းလဲ့)**

ကြေးမုံ



# ရုရှားနိုင်ငံအကူအညီဖြင့် ဒုတိယမြောက်နျူစက်ရုံတည်ဆောက်မှု အီရန်စတင်



**ဒူဘိုင်း စက်တင်ဘာ ၁၀**
ပြီးခဲ့သောနှစ်တွင် တီဟီရန်က ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံနှင့် သမိုင်းဝင်နျူကလီးယားသဘောတူညီချက်ရရှိပြီးနောက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကုန်ကျမည့် စီမံကိန်းတစ်ခုဖြစ်သော ဒုတိယမြောက်နျူကလီးယားစက်ရုံတည်ဆောက်မှုကို ရုရှားနိုင်ငံ၏အကူအညီဖြင့် အီရန်နိုင်ငံက စတင်လိုက်ကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြသည်။

တည်ဆောက်မှုပြီးစီးပါက စုစုပေါင်း မဂ္ဂါဝပ် ၁၀၀၀ ကျော်ထုတ်လုပ်နိုင်မည့် နျူခာတ်အားပေးစက်ရုံနှစ်ခုပါဝင်သော ၁၀ နှစ်ကြာမြင့်မည့်စီမံကိန်းအတွက် ဖွင့်လှစ်ပွဲများ တက်ရောက်နေသော အီရန်နှင့် ရုရှားတာဝန်ရှိသူများ၏ပုံကို နိုင်ငံပိုင်ရုပ်သံလွှင့်ဌာနက ပြသခဲ့သည်။ အီရန်နိုင်ငံက Bushehr ပြည်နယ်၌ ပထမဆုံးသော ရုရှားလုပ် နျူခာတ်ပေါင်းဖိုတစ်လုံးကို လည်ပတ်နေပြီဖြစ်သည်။ အီရန်နိုင်ငံ၌ နျူခာတ်ပေါင်းဖို ရှစ်လုံးတည်ဆောက်ရန် ၂၀၁၄ ခုနှစ်အတွင်း ရုရှားနိုင်ငံက အီရန်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

အဏုမြူလက်နက်များပြုလုပ်ရာတွင်အသုံးပြုနိုင်သော သိုလှောင်ဒြပ်ဝတ္ထုများ ကန့်သတ်ခြင်းအားဖြင့် ပြီးခဲ့သည့်နှစ်က ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံနှင့် သဘောတူခဲ့သည့် နျူကလီးယားသဘောတူညီချက်ကို အီရန်နိုင်ငံက လိုက်နာသည်ဟု အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ၏ အစီရင်ခံစာတစ်ခုက တွေ့ရှိခဲ့သည်။ နိုင်ငံတကာပိတ်ဆို့မှုများစွာ ရုပ်သိမ်းပေးရန် အလဲအလှယ်တစ်ရပ်အဖြစ် နျူလုပ်ဆောင်မှုများကို တီဟီရန်က ကန့်သတ်ရမည်ဆိုသော သဘောတူညီချက်ကိုလေးစားလိုက်နာမှုအဖြစ် အီရန်နိုင်ငံက မည်သည့်ချိုးဖောက်မှုမျှပြုလုပ်ခြင်းမရှိကြောင်း IAEA ၏ လျှို့ဝှက်အစီရင်ခံစာကဆိုသည်။

**ရိုက်တာ။**

## စပိန်အနောက်မြောက်ပိုင်းတွင် ရထားတစ်စင်းလမ်းချော် လူသုံးဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရ

**မဒရစ် စက်တင်ဘာ ၁၀**
စပိန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဂါလီစီယာဒေသတွင် စက်တင်ဘာ ၉ ရက်က ရထားတစ်စင်း လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ခရီးသည်သုံးဦးသေဆုံးပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အရေးပေါ်လုပ်ငန်းဌာနက ပြောကြားသည်။

အခင်းဖြစ်ပွားရာ အရပ်နှင့်အနီးဆုံးရှိ ပိုရီနိုမြို့၏ မြို့တော်ဝန် အီဗာဂါစီယာဒီလာတို၏ပြောကြားချက်ကို ကောက်နုတ်၍ စပိန်သတင်းဌာနများ၏ ဖော်ပြချက်အရ ယင်းရထားလမ်းချော်တိမ်းမှောက်မှုတွင် ထိခိုက်ဒဏ်ရာရသူဦးရေမှာ ဒါဇင်များစွာရှိကြောင်း သိရသည်။

အဆိုပါရထားသည် စပိန်နိုင်ငံ ဗီဂိုမြို့မှ ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့အကြား ခုတ်မောင်းနေခြင်းဖြစ်ကြောင်း၊ ရထားပေါ်တွင် ခရီးသည် ၆၃ ဦးနှင့် ရထားဝန်ထမ်းနှစ်ဦးတို့ လိုက်ပါလာပြီး ရထားမောင်းသူလည်းပါဝင်ကြောင်း စပိန်အစိုးရသတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်ပွားရာ၌ သေဆုံးသွားသူများထဲတွင် ရထားမောင်းနှင်သူလည်းပါဝင်ကြောင်း စပိန်သတင်းမီဒီယာများ၌ ဖော်ပြသည်။

**ရိုက်တာ။**





## ပြုံယမ်းနျူလက်နက်စမ်းသပ်မှုပြီးနောက် ဂျပန်နှင့် တောင်ကိုရီးယား ကာကွယ်ရေးကဏ္ဍ ပူးပေါင်းလုပ်ဆောင်မည်

**ဆိုးလ် စက်တင်ဘာ ၁၀**
ဂျပန်နှင့်တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးများက မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် စမ်းသပ်မှုနှင့်ပတ်သက်ပြီး ကာကွယ်ရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ အင်နာဒါနှင့် တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး ဟန်မင်းကူးတို့က စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဖုန်းဖြင့်ဆက်သွယ်ပြီး ကာကွယ်ရေးကဏ္ဍတွင် နှစ်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြသည်။

မြောက်ကိုရီးယား၏ ပဉ္စမအကြိမ်မြောက် နျူကလီးယားလက်နက်စမ်းသပ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို ပြတ်သားစွာဆန့်ကျင်ချိုးဖောက်ရာရောက်ကြောင်းနှင့် ဂျပန်နိုင်ငံအနေဖြင့် ယင်းစမ်းသပ်မှုကို ပြင်းထန်စွာ ရှုတ်ချပါကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ အင်နာဒါကဆိုသည်။

ထို့ပြင် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဒေသတွင်း အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ရရှိလာသော သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်ကြရန် လိုအပ်ပါကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ပြုံယမ်း၏ ပဉ္စမအကြိမ်မြောက် နျူကလီးယားလက်နက်စမ်းသပ်မှုသည် ကိုရီးယားကျွန်းဆွယ်ဒေသတွင်သာမက ကမ္ဘာတစ်ဝန်းလုံး၏ တည်ငြိမ်အေးချမ်းရေးကိုပါ ခြိမ်းခြောက်ရာရောက်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးက ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများကပါ ၎င်းတို့နှင့် ပူးပေါင်းလုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လုံခြုံရေးဆိုင်ရာသတင်းအချက်အလက်များ မျှဝေခြင်းအတွက် နှစ်နိုင်ငံသဘောတူညီမှုကို ပိုမိုအလေးပေးလုပ်ဆောင်သင့်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ အင်နာဒါက တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဟန်မင်းကူးအား တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## ယခုနှစ် ဩဂုတ်လလယ်အတွင်း တိုက်ခတ်ခဲ့သော တိုင်ဖုန်းမုန်တိုင်းများကြောင့် ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ၌ ယန်း ၄၂ ဘီလီယံဖိုးပျက်စီး

**တိုကျို စက်တင်ဘာ ၁၀**
ယခုနှစ် ဩဂုတ်လလယ်တွင်းကစ၍ ဂျပန်နိုင်ငံတွင် တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုအချို့ စဉ်ဆက်မပြတ်ဖြစ်ပွားခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံ မြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသအများစုရှိ စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ၌ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပြီး ပျက်စီးသွားသည့် တန်ဖိုးမှာ ဂျပန်ယန်းငွေ ၄၁ ဒသမ ၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၀၉ သန်း)ခန့်ရှိကြောင်း ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်းက ဂျပန်နိုင်ငံသို့ ချဉ်းကပ်ခဲ့သော အင်အားပြင်းထန်သည့် အပူပိုင်းမုန်တိုင်းတစ်ခု၏ သက်ရောက်မှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ယင်းမုန်တိုင်းဒဏ်ကြောင့် ဟော့ကိုင်းဒိုး ကျွန်းအပါအဝင် တိုပိုကုနှင့် ကန်တိုဒေသများ၌ ပျက်စီးဆုံးရှုံးမှုအရေအတွက်မှာ မူလခန့်မှန်းထားသည်ထက် နှစ်ဆခန့်မြင့်တက်နိုင်ကြောင်း၊ ယင်းဒေအတွင်းရှိ လယ်သမားများသည် သီးနှံများ ဆွတ်ခူးရိတ်သိမ်းရန် ပြင်ဆင်နေချိန်ဖြစ်ပြီး ၎င်းတို့ဆွတ်ခူးရိတ်သိမ်းမည့် သီးနှံများမှာ ကြက်သွန်နီနှင့် အာလူးသီးနှံများဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဟော့ကိုင်းဒိုးဒေသ သီးနှံစိုက်ခင်းများ ပျက်စီးမှုအား ကူညီလုပ်ကိုင်နိုင်ရေးအတွက် ဦးတည်ဆောင်ရွက်ရန် အဆိုပါဒေသသို့ လာမည့်ဗုဒ္ဓဟူးနေ့တွင် သွားရောက်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ဂျပန်နိုင်ငံ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ယူဂျီယာမာတိုမိုက စက်တင်ဘာ ၉ ရက်က တိုကျိုမြို့၌ ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**ကျိုဒို။**

# သမိုင်းတရားခံမဖြစ်ရေးထက် အငြားတရားခံမဖြစ်ရေးက အရေးကြီး၏

☆ နိစ္စဓူဝ၊ လူ့ဘဝမှ
ဖြစ်စဉ်ထုပ္ပာတ်၊ အကြောင်းရပ်ကို
လေ့လာစေ့ငု၊ မှတ်တမ်းပြုသည့်
စာစုမော်ကွန်း၊ အစဉ်ထွန်းမည့်
ဒေါ်ဩွန်းစာပိုင်း၊ လူ့သမိုင်းတည်း…။
☆ ထိုသမိုင်းတွင်၊ တရားခံမဖြစ်ရေး
အရေးအခင်း၊ ဖြစ်ကြုံလျှဉ်းမှ
ဆောင်ညှဉ်းအားထုတ်၊လုပ်ခဲ့မိပြား
အမှားများ၍၊ လူသားလောက
ပျက်စီးကြခဲ့၊ ထိုမှတရားခံဖြစ်ခဲ့၏။
☆ ပြည်သူ့သဘော၊ ပြည်သူ့ဆန္ဒ
အရေးထား လေးစားရမှန်းမသိ
ကိုယ်ကျိုးရှိဖို့ရာသက်သက်
စီးပွားကွက်ကိုသာ ကြည့်လျက်
မျက်စိတစ်ဆုံး တိမ်သလ္လာဖုံးခဲ့ကြ
ပြည်လုံးအရေး ပြည်သူတွေအရေး
တစ်စက်ကလေး စောင်းငဲ့မကြည့်
ထင်မိထင်ရာ လုပ်ခဲ့ကြ စိုင်းခဲ့ကြ
သမိုင်းဥဒါန်းရိုင်းခဲ့ရ…။
☆ မောဟ ဖက်၍
သမိုင်းရိုင်းခဲ့ပြီ…။
☆ ဒေါသ ဖက်၍
သမိုင်းရိုင်းခဲ့ပြီ…။
☆ လောဘ ဖက်၍
သမိုင်းရိုင်းခဲ့ပြီ…။
☆ ထို့ထက်- ရှေ့ဆက်
သမိုင်းတရားခံမဖြစ်ရေးထက်
အမှားဓားစာခံ အငြားတရားခံမဖြစ်ရေးက
အရေးကြီး၏…။ ။

ဟံသာဝတီ- ဦးအုန်းကြိုင်




MONREC
UNEP
၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့
စက်တင်ဘာလ ၁၆ ရက်
" အိုဇုန်းလွှာနှင့်ရာသီဥတု ကောင်းမွန်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီ ဆောင်ရွက်စို့ "
"Ozone and Climate, Restored by a World United"


## ဥပဒေပညာကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာ

**မောင်လမြိုင် စက်တင်ဘာ ၁၀**

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလေ့လာခြင်းအတွက် ကြိုဆိုနှုတ်ဆက်သည့်အခမ်းအနားကို စက်တင်ဘာ ၆ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် မွန်ပြည်နယ် ဥပဒေချုပ်၊ မော်လမြိုင်ရှေ့နေများအသင်း ဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးနီးနီးယုတို့က နှုတ်ခွန်းဆက်အမှာစကားများပြောကြားခဲ့ပြီး မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး)ဒေါက်တာသင်းသင်းနွယ်က ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်းလာရောက်လေ့လာရသည့်အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ ဆက်လက်၍ မွန်ပြည်နယ်တရားရေးဦးစီးမှူးက တရားစီရင်ရေးလုပ်ငန်းများနှင့် မွန်ပြည်နယ်တရားစီရင်ရေးအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဥပဒေပညာဌာန ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်သူ ဆရာ ဆရာမများ လိုက်ပါ၍ မွန်ပြည်နယ်တရားလွှတ်တော်၊ မော်လမြိုင်ခရိုင်တရားရုံးနှင့် မော်လမြိုင်မြို့နယ်တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။ **(၁၀၇)**

## အရက်ရောင်းချမှုမရှိစေရေးနှင့် လုံးဝပပျောက်သွားစေရေး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**တောင်ကုတ် စက်တင်ဘာ ၁၀**



အရက်ရောင်းချမှုမရှိစေရေးနှင့် လုံးဝပပျောက်သွားစေရေး ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲထိ လူအင်အား ၅၀၀ ကျော်ခန့်ဖြင့် တောင်ကုတ်မြို့နယ်အတွင်း ချောင်းကောက်ရပ်ကွက် မေပိုးဝါလမ်းဆုံနှင့် ဦးဥတ္တမလမ်းဆုံတို့တွင် စုရပ်လုပ်ပြီး မေပိုးဝါလမ်း၊ ပန်းတောင်-တောင်ကုတ်လမ်း၊ အမ်းလမ်း၊ ဦးဥတ္တမလမ်းအတိုင်း ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒမဖော်ထုတ်မီ နံနက် ၁၁ နာရီမှ ၁၁နာရီ ၁၅ မိနစ်ထိ တောင်ကုတ်မြို့နယ် ချောင်းကောက်ရပ်ကွက်မှ ဦးသိန်းလွင်က အရက်ရောင်းချမှုအား ပိတ်ပင်ပေးရန် ပထမအကြိမ်စီတန်းလှည့်လည်တောင်းဆိုမှုပြုခဲ့သော်လည်းမြို့နယ်ရဲတပ်ဖွဲ့က အရက်ဆိုင်များအား ဖမ်းဆီးခြင်း၊ အရေးယူ အပြစ်ပေးခြင်းများ ထိရောက်စွာ မဆောင်ရွက်နိုင်၍ ယခု ဒုတိယအကြိမ်ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ရပ်ကွက်/ကျေးရွာများတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ခန့်ထားသော်လည်း တရားဥပဒေနှင့်အညီ အုပ်ချုပ်ရန် ပေါ့လျော့မှုများရှိသဖြင့် ရပ်ကွက်/ကျေးရွာများတွင် အရက်ရောင်းချသည့် လိုင်စင်ရှိ အရက်ဆိုင် (သို့မဟုတ်) လိုင်စင်မရှိ အရက်ဆိုင်များ မရောင်းချနိုင်ရေးအတွက် ပိတ်ပင်ဟန့်တားမှုများ မပြုလုပ်ကြကြောင်း၊ မိမိတို့အနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့က တောင်ကုတ်မြို့နယ်အတွင်း လိုင်စင်ရှိနှင့် မရှိ အရက်ရောင်းချနေမှုများကို ပိတ်ပင်ဟန့်တားပေးမှုမရှိပါက နောက်ပိုင်းတွင်လည်း ရခိုင်ပြည်နယ်အစိုးရနှင့် နိုင်ငံတော်အစိုးရထံသို့ ဆက်လက်ဆန္ဒဖော်ထုတ်သွားမည်ဖြစ်ကြောင်း ပြောသည်။

**(မြို့နယ်ပြန်/ဆက်)**

## ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်ချီးမြှင့်ခြင်းအား လာမည့်ဒီဇင်ဘာလ၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံအတွင်းရှိ ပညာရေးဝန်ထမ်းပေါင်း လေးသိန်းကျော် သိရှိစေရန်အတွက် ပညာတန်ဆောင်နှင့် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့က နှစ်စဉ်ပူးပေါင်းဆောင်ရွက်ချီးမြှင့်လျက်ရှိသည့် ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်ချီးမြှင့်ခြင်းအား လာမည့်ဒီဇင်ဘာလ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီမှ သိရသည်။

နိုင်ငံတစ်ဝန်းရှိ ထူးချွန်ဆရာများနှင့် ဆရာမများအား ရွေးချယ်မှုအဆင့်အရ ကျောင်းအဆင့်ကို လာမည့် စက်တင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ မြို့နယ်အဆင့်ကို စက်တင်ဘာ ၂၅ ရက်တွင်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကို နိုဝင်ဘာ ၁၃ ရက် တွင်လည်းကောင်း၊ ဗဟိုအဆင့်ကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တွင်လည်းကောင်း ရွေးချယ်သွားမည်ဖြစ်ပြီး အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အခြေခံပညာမူလတန်းအဆင့်သင်၊ အခြေခံပညာအလယ်တန်းအဆင့်သင်နှင့် အခြေခံပညာအထက်တန်းအဆင့်သင် ဆရာ ဆရာမများပါဝင်ကြောင်းသိရကာ မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ထူးချွန်ဆရာများအား ရေးဖြေ၊ လူတွေ့နှုတ်ဖြေများဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၊ ဗဟိုအဆင့်၌ ရေးဖြေ၊ နှုတ်ဖြေအပြင် လက်တွေ့တန်းပြသင်ကြားပြသမှုဆန်းစစ်အကဲဖြတ်မှုများ ပါဝင်မည်ဖြစ်သည်။

ဗဟိုအဆင့်တွင် ထက်၊ လယ်၊ မူ သုံးဆင့်လုံး၌ ပထမဆုငွေကျပ် သိန်း ၄၀၊ ဒုတိယဆုငွေကျပ် သိန်း၂၀၊ တတိယဆုငွေကျပ် ၁၀ သိန်းစီဖြင့် အဆင့်သုံးဆင့်အတွက် စုစုပေါင်း ငွေကျပ် သိန်း ၂၁၀ ကိုဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင်လည်း ထက်၊ လယ်၊ မူ သုံးဆင့်လုံး၌ ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်းစီဖြင့် အဆင့်သုံးဆင့်အတွက် စုစုပေါင်း ငွေကျပ် သိန်း ၃၀ ကို ဆုချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုစီတွင် ဆုရှင် ကိုးဦးစီဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၈ ခုအတွက် ဆုရွေးချယ်ချီးမြှင့်ပွဲတစ်ကြိမ်လျှင် တစ်ပြည်လုံး၌ ထူးချွန်ဆရာ ၁၆၂ ဦး ပေါ်ထွက်မည်ဖြစ်ပြီး စုစုပေါင်းငွေကျပ် သိန်း ၅၄၀ ကိုပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ဗဟိုအဆင့်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပထမရရှိကြသူ သုံးဦးကိုသာရွေးချယ်မည်ဖြစ်ပြီး ဗဟိုအဆင့်တွင် ဆုချိတ်ခဲ့ပါက ရရှိသည့်ဆုအဆင့်အလိုက် ထပ်မံချီးမြှင့်မည်ဖြစ်သည်။

ဗဟိုအဆင့်သို့ လာရောက်ယှဉ်ပြိုင်ရမည့် ဆရာ ဆရာမဦးရေမှာ ၅၄ ဦးဖြစ်ပြီး အဆိုပါထူးချွန်ဆရာတို့၏ အမှန်ကုန်ကျသည့် ခရီးစရိတ်ကိုလည်း ဗဟိုမှကျခံပေးမည်ဖြစ်ကြောင်း ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်ချီးမြှင့်ရေးဦးစီးကော်မတီမှ သိရသည်။ **(စိုးဝင်း-MLA)**

## ကျေးရွာ မြေငှားဂရန်များ ကွင်းဆင်းထုတ်ပေး

**မြေပုံ စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာမြေငှားဂရန်များ ကွင်းဆင်းထုတ်ပေးပွဲကို စက်တင်ဘာ ၈ ရက်က ခေါင်းဖြူကျေးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ကျေးရွာမြေငှားဂရန်ထုတ်ပေးနိုင်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာမြေငှားဂရန် ၆၀ ကိုပေးအပ်ရာ သက်ဆိုင်ရာပြည်သူများက လက်ခံရယူသည်။

အခမ်းအနားသို့ မြို့နယ်မြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခေါင်းဖြူကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲအကြောင်း သိကောင်းစရာ

**ခိုင်မျိုး(ဆည)**

ယခုနှစ် ၂၀၁၆ ခုနှစ်တွင် အသက်(၁၅) နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲ ကျင်းပလာခဲ့ရာ (၄၅) ကြိမ်ရှိလာပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲအကြောင်းကို အများပြည်သူများ သိရှိနိုင်ရန်အတွက် တင်ပြလိုပါသည်။

နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကျင်းပဖြစ်ပုံကို လေ့လာကြည့်လျှင် ပင်မအဖွဲ့အစည်းဖြစ်သော ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union - UPU) အကြောင်းကို အနည်းငယ် ရှင်းလင်းလိုပါသည်။ သမားရိုးကျ စာပို့နည်းစနစ်မှသည် စနစ်ကျနသော အဖွဲ့အစည်းပုံစံအဖြစ် နိုင်ငံတကာစာပို့စနစ်ကို ပြဋ္ဌာန်းနိုင်ရန် ၁၈၇၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၌ နိုင်ငံပေါင်း ၂၂ နိုင်ငံပါဝင်သည့် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး ၁၈၇၄ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ၊ Berne မြို့၌ စာပို့တိုက်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းနိုင်ရန် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့ကာ အထွေထွေစာပို့တိုက်အဖွဲ့ (General Postal Union - GPU)အဖြစ် ဖွဲ့စည်းခဲ့ပြီး ၁၈၇၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်လာနိုင်ခဲ့ပါသည်။ နောင်သုံးနှစ်အကြာတွင် အထွေထွေစာပို့တိုက်အဖွဲ့ (GPU) မှ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (Universal Postal Union - UPU) အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပြီး လက်ရှိအချိန်အထိ ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂ နိုင်ငံထိ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာအနှံ့ရှိ စာပို့ဝန်ဆောင်မှုလုပ်ငန်း အသုံးပြုသူများအတွက် နေရာမရွေး အရည်အသွေးပြည့်မီသော စာပို့လုပ်ငန်းများဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သော ကမ္ဘာ့စာပို့တိုက်သမဂ္ဂ (UPU) သည် ၁၉၄၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံ Paris မြို့တွင် ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ အာဏာပြည့်ညီလာခံ၏ ဆုံးဖြတ်ချက်အရ ကမ္ဘာ့ကုလသမဂ္ဂနှင့် ဆက်သွယ်ဆောင်ရွက်ရန် အထူးအေဂျင်စီတစ်ခုအဖြစ် ပါဝင်လာခဲ့သည်။ ယခုအချိန်အထိ UPU သည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးတို့နှင့် ဆက်စပ်နေသော ကိစ္စရပ်များတွင် ကုလသမဂ္ဂနှင့် ကုလသမဂ္ဂအထူးအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၁၉၆၉ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပခဲ့သော (၁၆) ကြိမ်မြောက် ကမ္ဘာ့စာပို့တိုက်သမဂ္ဂ အာဏာပြည့်ညီလာခံ၏ ဆုံးဖြတ်ချက်အရ ယူနက်စကို (UNESCO)နှင့် ပူးပေါင်း၍ အဖွဲ့ဝင်နိုင်ငံများမှ အသက်(၁၅)နှစ်အောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို ပြိုင်ပွဲခေါင်းစဉ်နှင့် စည်းမျဉ်းများသတ်မှတ်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၄၅) ကြိမ်ရောက်ရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို အောက်ပါရည်မှန်းချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

(၁) လူငယ်များ စာစီစာကုံးရေးသားခြင်း အတတ်ပညာဖွံ့ဖြိုးတိုးတက်လာစေရန်

(၂) တီထွင်ဆန်းသစ်လိုသော အတွေးအခေါ်များ ရရှိရန်

(၃) နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်တို့ဖြစ်သည်။

UPU မှ နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်သည့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) ပါဝင်ယှဉ်ပြိုင်မည့်သူသည် ပြိုင်ပွဲကျင်းပစဉ်အတွင်း အသက်(၉) နှစ်မှ(၁၅) နှစ် အကြားရှိသော လူငယ်ဖြစ်ရပါမည်။

> **မြန်မာနိုင်ငံကိုယ်စားပြု ပြည်တွင်းအဆင့်ဆုရစာမူသည် UPU မှ ရွေးချယ်မည့်ဆုစာရင်းတွင် ပါဝင်နိုင်ပါက ဆုရရှိမည့် ပြိုင်ပွဲဝင်လူငယ်သာမက နောက်ထပ်ပါဝင်ယှဉ်ပြိုင်မည့် လူငယ်များအတွက် အင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှုနှင့် UPU အပါအဝင် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်သည့်အတွက်. . .**

(ခ) UPU / IB မှ စာသင်ကျောင်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်းမှ တိုက်ရိုက်ပေးပို့ ယှဉ်ပြိုင်လာသော အဖြေလွှာများကို လက်ခံမည်မဟုတ်ပါ။

(ဂ) UPU အဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲကျင်းပရေးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာပြိုင်ပွဲ ကျင်းပရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်လိုသည့် စာသင်ကျောင်း၊ အဖွဲ့အစည်းများ ပြိုင်ပွဲဝင်နိုင်ရန် ဆောင်ရွက်ပေးရမည်။

(ဃ) ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ အကောင်းဆုံးစာမူတစ်စုံကို ရွေးချယ်၍ UPU / IB သို့ နှစ်စဉ် ဧပြီလ ၃၀ ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ယှဉ်ပြိုင်ရမည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာပေးစာရေးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ National Organizing Body အဖြစ် တာဝန်ယူဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပူးပေါင်းညှိနှိုင်း၍ ပြိုင်ပွဲကျင်းပရေးစီမံချက်များ ရေးဆွဲကာ နှစ်စဉ်ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ ရရှိလာသော ပြည်တွင်းအဆင့် လူငယ်များ ပေးစာရေးပြိုင်ပွဲဝင်စာမူများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် စိစစ်ရွေးချယ်ပြီး နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) ဆုရစာမူများ ရွေးချယ်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ စိစစ်ရွေးချယ်ထားသည့်စာမူများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော ဗဟိုအဆင့်အကဲဖြတ်အဖွဲ့ဖြင့် ဆုများရွေးချယ်သတ်မှတ်ပြီး ပြည်တွင်းအဆင့်အကောင်းဆုံးဆုရစာမူကို နိုင်ငံတကာအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် UPU သို့ ပေးပို့ယှဉ်ပြိုင်ခဲ့သည်။

၂၀၀၇ ခုနှစ် (၃၆) ကြိမ်မြောက် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို "Imagine you are a wild animal, whose habitat is threatened by environmental or climate change" ခေါင်းစဉ်ဖြင့် မစိုးပြည့်ကေသဌာလီ၊ အထက (၁) မုဒုံမြို့၏စာမူကို ရွေးချယ်ပေးပို့ယှဉ်ပြိုင်ခဲ့ရာ နိုင်ငံတကာအဆင့် အထူးဆုတစ်ဆုကို ဆွတ်ခူးရရှိခဲ့သည်။

ယင်းနောက်ပိုင်းတွင် UPU မှ ပြုလုပ်ခဲ့သည့် နိုင်ငံတကာလူငယ်များ ပေးစာရေးပြိုင်ပွဲကို မြန်မာနိုင်ငံမှ နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း ဆုရရှိခဲ့ခြင်းမရှိခဲ့တာကို တွေ့ရှိရသည့်အတွက် ယခုနှစ် (၄၅) ကြိမ်မြောက် ပြိုင်ပွဲမှသည် နောင်နှစ်များတွင် ကျင်းပမည့် ပြိုင်ပွဲများ၌ မြန်မာနိုင်ငံအနှံ့ရှိ အခြေခံပညာကျောင်းများအပါအဝင် ပုဂ္ဂလိက ကိုယ်ပိုင်အထက်တန်းကျောင်းများမှ စာစီစာကုံးပြိုင်ပွဲ (အင်္ဂလိပ်ဘာသာ)ဖြင့် ပါဝင်ယှဉ်ပြိုင်လိုသော ဝါသနာရှင်လူငယ်များ၊ မိဘများနှင့် ဆရာဆရာမများ သိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်ပါသည်။

အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများသာမက ပြင်ပမှစိတ်ပါဝင်စားသည့် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသူများ (Private School များမှ ကျောင်းသား ကျောင်းသူများ) အား အခြေခံပညာဦးစီးဌာနနှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပါဝင်သော ပြိုင်ပွဲကျင်းပရေးအဖွဲ့၏ စိစစ်ခွင့်ပြုချက်ဖြင့် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဖိတ်ခေါ်အပ်ပါသည်။ ပြည်တွင်းအဆင့်ဆုရစာမူများကို ကမ္ဘာ့စာပို့တိုက်နေ့အထိမ်းအမှတ်အဖြစ် နှစ်စဉ် အောက်တိုဘာလ ၉ ရက်နေ့တိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကျင်းပပြုလုပ်သော အခမ်းအနားတွင် ချီးမြှင့်ငွေ၊ ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံကိုယ်စားပြု ပြည်တွင်းအဆင့်ဆုရစာမူသည် UPU မှ ရွေးချယ်မည့်ဆုစာရင်းတွင် ပါဝင်နိုင်ပါက ဆုရရှိမည့် ပြိုင်ပွဲဝင်လူငယ်သာမက နောက်ထပ်ပါဝင်ယှဉ်ပြိုင်မည့် လူငယ်များအတွက် အင်္ဂလိပ်စာအရေးအသား ကျွမ်းကျင်မှုနှင့် UPU အပါအဝင် အခြားသော နိုင်ငံတကာအဖွဲ့အစည်းများမှ ကျင်းပပြုလုပ်သော ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်သည့်အတွက် နောင်နှစ်များတွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့လူငယ်များ ပေးစာရေးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်လိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော် (သို့) အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်သို့ဖြစ်စေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်ပညာရေးရုံးများသို့ဆက်သွယ်၍ ပြိုင်ပွဲဝင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။



ပြိုင်ပွဲဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်နေပုံ။



## လူနှင့်ပတ်ဝန်းကျင်ဆက်နွယ်မှု ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် စက်တင်ဘာ ၁၀**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး အစီအစဉ်တစ်ရပ်အဖြစ် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (World Wide Fund for Nature –WWF) နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ခင်းကျင်းပြသသော လူနှင့်ပတ်ဝန်းကျင် ဆက်နွယ်မှု( Human- Nature )ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က တနင်္သာရီဒေသသည် မြန်မာမှာတင်မက ကမ္ဘာမှာပါ လက်ကျန်မိုးသစ်တောများထူထပ်စွာရှိနေဆဲ၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝပြီး သဘာဝသယံဇာတ များကောင်းမွန်စွာကျန်ရှိနေဆဲဖြစ်သော သဘာဝအလှများနှင့် လှပနေကြောင်း၊ ဓာတ်ပုံပြပွဲတွင် တနင်္သာရီဒေသ၏ သဘာဝအလှတရားအောက်တွင် ဒေသခံတိုင်းရင်းသားများ အေးချမ်းပျော်ရွှင်စွာ မှီတင်းနေထိုင်ကြပုံများ၊ ဓာတ်ပုံအနုပညာလက်ရာမြောက်စွာဖြင့် ခင်းကျင်းပြသထားကြောင်း၊ သဘာဝပတ်ဝန်းကျင်အလှတရားများကို တန်ဖိုးထားတတ်ရန်၊ ချစ်မြတ်နိုးတတ်ရန်၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တတ်ရန် သဘာဝအမွေအနှစ်များကို မပျက်မယွင်းစေဘဲ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနိုင်အောင် ကြိုးစားရန်လိုကြောင်း ပြောကြားသည်။

လူနှင့်ပတ်ဝန်းကျင်ဆက်နွယ်မှု( Human- Nature) ဓာတ်ပုံပြပွဲကို စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ထားဝယ်(မြန်/ဆက်)**

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။ ။မောစရာရယ်စရာ**

ရယ်မောခြင်းဆိုသည်မှာ ဘဝ၏ကမောက်ကမဖြစ်ရပ်များကို ရယ်ပြီးမှ ဤသို့ဖြစ်လာရသောဘဝအတွက် မောနေရခြင်းဟု ပြောလေ့ရှိပါသည်။ ယခု ခေါင်းစဉ်ကတော့ မောစရာရယ်စရာ ဖြစ်ပါသည်။ ရင်တမမနှင့် မောနေခဲ့ရသော ရက်များကို ကျော်လွန်အပြီးမှာ ပေ့ါပါးစွာရယ်ရွှင်ရခြင်းကို ညွှန်းသည်ဟု ထင်ရသော်လည်း ထိုသို့မဟုတ်ပါ။ မမှားသင့်တာတွေမှားပြီး မောရခြင်းကို ပေ့ါပါးစွာရယ်မောကြည့်ခြင်းသာဖြစ်ပါသည်။ ဘယ်သူတွေမှားခဲ့ကြတာလဲက အရေးမကြီး၍ ချန်ခဲ့ပါသည်။

(က) ဗိုလ်ချုပ်ကြီးသုတ။ ။Rich Knowledge ကို ဗဟုသုတဟုဆိုပါသည်။ Knowledge ကို သုတဟုသာ ပြန်ရလေရာ General Knowledge က ဗိုလ်ချုပ်ကြီးသုတဖြစ်သွားပါတော့သည်။ Auditor General ဆိုလျှင် စာရင်းကိုင်ဗိုလ်ချုပ်ကြီးဖြစ်မည်လားမသိပါ။

(ခ) ဒီဂျီအီးခန်းမ။ ။D.G.E. Hall ကိုဘာသာပြန်ခြင်းဖြစ်သည်။ အင်္ဂလိပ်အက္ခရာရေးပုံက မှန်ပါသည်။ B.A တို့ B.Sc တို့ Ph.D တို့လို မမှားပါ။ အတိုကောက်စာလုံးများတွင် Fullstop မထည့်ဘဲ သုံးလျှင် BA, B.Sc,PhD စသဖြင့်သုံးနိုင်သည်။ Fullstop ထည့်လျှင် B.A., B.Sc,Ph.D. စသည်ဖြင့် အလုံးတိုင်းထည့်ရပါသည်။ D.G.E.Hall ကို ရုတ်တရက်ကြည့်လျှင် Carnegie Hall (ကာနေဂီခန်းမ) လို ခန်းမတစ်ခုဟုထင်စရာရှိသည်။ J.F. Kennedy, R.M. Nixon, D.H.Lawrence ဆိုသော နာမည်များတွင် ရှေ့အက္ခရာနှစ်လုံးသာပါသဖြင့် နှစ်လုံးပဲရှိရသည်ဟု ထင်နေပုံရသည်။ အင်္ဂလန်တော်ဝင်မိသားစုများတွင် ရှေ့အက္ခရာ givennames ရှစ်လုံးအထိပင် ရှိတတ်သည်။ စောစောကပြခဲ့သော နာမည်သုံးခုတွင် J.F.မှာ John Fitzgerald,R.M. မှာ Richard Milhous, D.H.မှာ David Herbert ဖြစ်သည်။ D.G.E.Hall မှာ Daniel George Edward Hall အမည်ရှိ သမိုင်းဆရာဖြစ်သည်။ ခန်းမမဟုတ်။ နောက်ဆုံးအလုံး (Kennedy, Hall အစရှိသည်တို့) မှာ Sirname ဟုခေါ်သော မျိုးရိုးအမည်ဖြစ်သည်။ ကြုံတုန်းပြောပါဦးမည်။ စပိန်တို့၊ ပေါ်တူဂီတို့ကျတော့ ဖခင်၏မျိုးရိုးအမည်သာမက မိခင်၏ မျိုးရိုးအမည်ကိုပါ ထည့်မှည့်ရသည်။ သို့သော် နောက်ဆုံးအလုံးက Sirname မဟုတ်။ Juan Miguel Zorella Tavarez တွင် သူ့ sirname က Zorella ဖြစ်သောကြောင့် Juan Zorella (ဟူဝန်းဇိုရဲလာ) ဟုပဲ ခေါ်ရပါသည်။ Juan Tavarez ဟုခေါ်လျှင် သူ့အဘိုး သို့မဟုတ် သူ့ဦးကြီး၊ ဦးလေးဖြစ်သွားမည်။ မြည်းကလေးပလေတရိုအကြောင်း ကဗျာများရေးသော နိုဘယ်ဆုရကဗျာဆရာ Juan Carlos Jiminez(ဟူဝန်း ကားလို့စ် ဟင်မနက်ဇ်) ကို ဟူဝန်းကားလို့စ်ဟု ပြောမှမှန်မည်။

(ဂ) အနွေးစက်တပ်ဆင်ရေးအဖွဲ့။ ။ အေးမြသော တိုင်းပြည်များတွင် ဆောင်းတွင်းမီးလှုံရန် မီးလင်းဖိုရှိတတ်၏။ ခေတ်ပြောင်းလာသောအခါ လျှပ်စစ်သို့မဟုတ် လောင်စာဆီသုံးစက်များဖြင့် တစ်အိမ်လုံးကို အနွေးပေးသည်။ Central heating system ခေါ် ဖြန့်ကြက်အနွေးဓာတ်ပို့ပိုက်လိုင်းစနစ်ကို သုံးသည်။ ထို့ကြောင့် house warming party ကို ဘာသာပြန်သောအခါ အနွေးစက်တပ်ဆင်ရေးအဖွဲ့ဟုဖြစ်သွားလေသည်။ အမှန်တော့ အိမ်တက်ပွဲ/အိမ်သစ်တက်ပါတီမျှသာ။

(ဃ) ပယ်ရီတိုနိုက်တစ်တပ်ဆင်။ ။ဝတ္ထုထဲတွင် မင်းသမီးက သူ့မှာ သားအိမ်ရောဂါရပြီး ဖြတ်ထုတ်လိုက်ရတယ်။ အဲဒီနေရာမှာ ပယ်ရီတိုနိုက်တစ် အစားထိုးထည့်ထားရတယ်ဟု ပြောပါသည်။ Peritonitis Set in ကို ဘာသာပြန်ခြင်းဖြစ်သည်။ သားအိမ်နေရာတွင် အစားထိုးထည့်သော ပစ္စည်းဟု ထင်ပုံရသည်။ ခွဲစိတ်ရာမှာ မသန့်လျှင် ပေါက်ထွက်မှုဖြစ်လျှင် ဝမ်းခေါင်းတွင်းသို့ မသန့်ပစ္စည်းများကျပြီး ဗိုက်ကြီးရောင်လာတတ်သည်။ ဝမ်းခေါင်းမြှေးရောင်ခြင်းဟု ဝေါဟာရသတ်မှတ်ပေးထားပါသည်။ Set in ကိုရောဂါဝင်လာခြင်းဟု ယူရမည့်အစား တပ်ဆင်ဟု ယူလိုက်မိသဖြင့်လည်းကောင်း၊ Peritonitis ကို မသိခြင်းကြောင့်လည်းကောင်း မှားသွားခြင်းဖြစ်သည်။

ဘာသာပြန်တွင် ဆုများစွာရထားခဲ့သော ဆရာကြီးတစ်ဦးပင်လျှင် Datura ဖြင့် အဆိပ်ခတ်ခြင်းကို ဓာတုရအဆိပ်ဟု ဘာသာပြန်ခဲ့သေးသည်။ ဒေတျူရာမှာ ပဒိုင်းဖြစ်ပါသည်။ တစ်ဦးကလည်း magic square (အင်း)ကို မှော်ပန်းခြံဟုပြန်ခဲ့သည်။ Philosopher's stone ကို တွေးခေါ်မြော်မြင်ရေး ပညာရှင်၏ ကျောက်တုံးဟု ဘာသာပြန်ဖူးသည်။ မူရင်းစာရေးသူက မြန်မာ့ရိုးရာကို နားမလည်ဘဲ ရေးမှုလည်းပါသည်။ Alchemist's magic alloy ဟု ရေးလျှင် ဓာတ်လုံးနှင့်ပိုနီးစပ်သည်။

ဘာသာပြန်ကို အကဲဖြတ်ရာတွင် မူရင်းနှင့် လုံးစေ့ပတ်စေ့တိုက်ဖတ်ပြီး ဤလိုအမှားတစ်လုံးတလေရှိနေခြင်းကို တွေ့လျှင်ပင် ပယ်ရပါသည်။ မူရင်းကို မြင်တောင်မမြင်ဖူးဘဲနှင့် မြန်မာလိုချောချောပြေပြေရေးတတ်ရုံကလေးနှင့် ဆုပေးနေခြင်းမျိုးက (ရှိလျှင်) အလွဲကြီးလွဲ အမှားကြီးမှားပါသည်။

**၂။ ။ဝေဖန်ရေးခေတ်ကြီးနှစ်ခေတ်**

မြန်မာစာပေနယ်တွင် ဝေဖန်ရေးအမြဲရှိခဲ့သည်ဟု ပြောနိုင်ပါသည်။ စနစ်တကျဆစ်ဆစ်ပိုင်းပိုင်းသုံးသပ်ပြခြင်းကိုသာ ဝေဖန်ရေးဟုခေါ်ပြီး ကြိုက်မကြိုက် ပြောရုံစာများ၊ ပေမမီဒေါက်မမီပေတံတိုများကို ဝေဖန်ရေးဟု မခေါ်ရသော်လည်း ဤနေရာတွင်တော့ ဖတ်ညွှန်းအဆင့်မျှလောက်ကိုပင် ဝေဖန်ရေးဟု စာရင်းသွင်းလိုက်ပါဦးမည်။

ဤသို့အရောရောအပွမ်းပွမ်း ဝေဖန်စာများထဲတွင် ထူးခြားသော ဝေဖန်ရေးခေတ်နှစ်ခေတ်(သို့မဟုတ် လိုင်းကြီးနှစ်လိုင်း)ကို ပြောလိုပါသည်။ ခေတ်ဆိုသည်မှာ ကာလစည်းကမ်းသတ်မှုရှိသည်။ ထိုနှစ်လိုင်းစလုံးမှာ ရာသီပန်းများလိုအချိန်တန်၍ ဖူးပွင့်ဝေဆာခဲ့ပြီး အချိန်လွန်တော့ ပျောက်ကွယ်သွားပါသောကြောင့် ခေတ်ကြီးနှစ်ခေတ်ဟု ဆိုရခြင်းဖြစ်ပါ၏။

ပထမလိုင်းမှာ သူတော်ကောင်းဆရာကြီးများ၏ လိုင်းဖြစ်သည်။ ချီးကျူးထိုက်သောစာများကိုသာ ဝေဖန်ပြသည်။ အဆုံးအဖြတ်ပေးရာတွင်လည်း "ယူသော်ရအံ့ထင်သည်၊ ဟုတ်နိုင်ဖွယ်ရှိသည်၊ ဆိုသင့်သည်ဟု ထင်မြင်မိသည်" အစရှိသော အသုံးအနှုန်းများဖြင့် ယဉ်ကျေးဖွယ်ရာရှိသည်။ မယုတ်မလွန် အပြောမျိုးဟုခေါ်ရမည်ဖြစ်သော ထိုဝေဖန်ချက်မျိုးတွင် မာမာတင်းတင်းအပြစ်တင်ခြင်းမျိုးမပါ။ အလွန်အကျူးချီးမြှောက်ခြင်းမျိုးလည်းမပါ။ ဤသို့သော စာမျိုးကို ဂန္ထလောကခေတ်မှ ဆိုရှယ်လစ်စာပေခေတ်အထိ တွေ့ခဲ့ရပြီး ၂၀၀၀ ပြည့်နှစ် တစ်ဝိုက်တွင်လည်း အနည်းအကျဉ်းတွေ့ရပါသေးသည်။ ပညာရှိဝေဖန်ရေးဟု ဆိုချင်ပါသည်။

ဒုတိယလိုင်းဖြစ်သော ပြင်းပြင်းထန်ထန်နစ်နစ်နာနာ ပြောခြင်းမျိုးကို ၁၉၆၄ ဝန်းကျင်တွင် စတင်တွေ့ရှိရသည်။ ထို ၁၉၆၄ ဝန်းကျင်လှုပ်ရှားမှုသည် ရှေးမူမှခွဲထွက်လာသော တော်လှန်စာပေအမြင်သစ်ဟု ပြောနိုင်သော်လည်း ၁၉၅၀ ကျော် (၁၉၅၄ ဝန်းကျင်) ကရေးခဲ့သော အောင်လင်းနှင့် သိန်းဖေမြင့်တို့၏ ဆောင်းပါးများတွင် ထိုဟန်ကို စတင်တွေ့ရှိကြောင်း မှတ်တမ်းတင်ရမည်ဖြစ်သည်။ ထိုဆရာနှစ်ဦး၏ ဝေဖန်ဟန်မှာ ရဲရင့်ပြတ်သားသည့်တိုင် မနှစ်မြို့စရာအသုံးအနှုန်းများမပါ။ ၁၉၆၄ ၏ ဝေဖန်ရေးလှိုင်းသစ်တွင်ကား စကားလုံးများကြမ်းလာသည်ကိုတွေ့ရ၏။ မာမာကြမ်းကြမ်းပြောမှ တော်လှန်ရေးသမားပီသသည့်သဘောကို ယူဟန်ရှိသော်လည်း အချို့ဝေဖန်စာများတွင်ကား ချီးမွမ်းခြေကျောက်ထေ့ငေါ့မှုမျိုးပါ တွေ့လာရသည်။ ငါးဗန်းထဲမှ ငါးများစွာအနက် ကိုယ်ထုချင်နေသည့်ငါးကို အစိတ်သားအလေးဖြင့် ရွေးယူထုနှက်ပုံကိုလည်းမြင်ရသည်။ ဝေဖန်ရေးတွင် ဝါဒစွဲသာရှိရပြီး ဂိုဏ်းဂဏစွဲမရှိရပေ။ သို့သော် ထိုဝေဖန်လိုင်းတွင် ဂိုဏ်းဂဏခွဲအားကြီးသည်။ နိုင်ငံခြားဇာတ်လမ်းအား ကူးချထားခြင်းကိုကိုယ့်လူဖြစ်လျှင် ပေ့ါပေ့ါကလေးနှင့် ကြော်ငြာပေးသလိုရေးပြီး ကိုယ့်လူမဟုတ်လျှင် ပိဿာလေးနှင့်ဘေးပစ်သလို ရေးခဲ့သည်များ ဖတ်ခဲ့ရသည်။ သို့သော် ဤလိုဘက်လိုက်ဟန်မျိုးက ၁၉၈၀ ကျော်ကျော်မှာပင် ရပ်သွားပါသည်။ ထိုလိုင်း၏ တုတ်ထိုးအိုးပေါက် ရင့်ရင့်သီးသီးပြောဆိုတတ်ပုံများကိုတော့ ၁၉၉၈ လောက်အထိ တွေ့နေရသေး၏။

ဝေဖန်ရေးသည် စေတနာကောင်းဦးဆောင်သည့်မိတ်ဆွေဖွဲ့ခရီးစဉ်ဖြစ်သည်။ ရေးသူ၊ ဖတ်သူ၊ ဝေဖန်သူဆိုသော သုံးဦးသုံးဖလှယ်ကြားတွင် ယုံကြည်မှုတည်ဆောက်ပေးခြင်းဖြစ်သည်။ အပြစ်တွေ့လျှင် အဘယ်ကြောင့်အပြစ်ဖြစ်ရကြောင်း ကျိုးသင့်ကြောင်းသင့်ပြောမည်။ အကောင်းတွေ့လျှင်လည်း ဘာကြောင့်ကောင်းနေရသည်ကို ခိုင်ခိုင်မာမာ ပြောမည်။ အဓိကအချက်မှာ ဝေဖန်သူ၏ စေတနာနှင့် ထိုစေတနာအရ ထွက်ပေါ်လာသော လေသံဖြစ်သည်။ အပြစ်ပြောသည့်တိုင် တစ်ဖက်သားသိက္ခာမကျအောင် သာသာယာယာပြောတတ်လျှင် အကျိုးရှိသည်။ အထက်စီးလေသံဖြင့် ကြမ်းကြမ်းရိုင်းရိုင်းပြောနေလျှင် ယုံကြည်မှုပျက်ပြားမည်။

လမ်းကြုံ၍ညွှန်းပါဦးမည်။ ပညာပါသော ဝေဖန်ရေးများအတွက် ဗညားသီဟ(ဒဂုန်တာရာ)၏ "စာပေစစ်တမ်း"ကိုညွှန်းလိုပါသည်။ ဂန္ထဝင်စာပေနှံ့စပ်မှုအတွက် ဒေါက်တာလှဘေ၏ "မြန်မာစာပေညွှန့်ခံစာတမ်း"ကိုညွှန်းလိုပါသည်။ (ဝင်းလတ်က ဒေါက်တာလှဘေကိုပြန်ဝေဖန်သည့် စာတစ်အုပ်ထွက်ခဲ့ဖူးသေးသည်။) မင်းခက်ရဲက မြန်မာ့ဂန္ထဝင်ဝတ္ထုများကို ဝေဖန်ရေးသီအိုရီအသစ်များ အသုံးပြု၍ ချဉ်းကပ်ပြထားသော စာအုပ်တစ်အုပ်လည်းရှိသေး၏။ စကားပြေနှင့် ကဗျာတို့၏ အတွင်းသားအလှကို ခေတ်ဟောင်းစာခေတ်သစ်စာပါမကျန် ပညာရှင်ဆန်ဆန်ဝေဖန်ပြသော Intrinsic ဝေဖန်ရေးဟု ခေါ်သည့် ဝေဖန်ရေးမျိုးကား ရှားပါးဆဲပင်ရှိ၏။ Extrinsic ခေါ် အပြင်ဝေဖန်ရေးမျိုးကိုကား ဗညားသီဟ၏ စာပေစစ်တမ်းတွင်မြင်နိုင်သည်။

**၃။ ။တစ်သက်တာစာပေဆု**

ဦးအောင်သင်း(အောင်သင်း) အမျိုးသားစာပေတစ်သက်တာစာပေဆု ရသွားသည့်အခါ မကျေနပ်သံနည်းနည်း ထွက်သည်။ သူတို့၏ အကြောင်းပြချက်မှာ (က) တစ်ခါမျှ ဆုမရဖူးခြင်းနှင့် (ခ) ရသစာပေမရေးခဲ့ဖူးခြင်းတို့ဖြစ်သည်။ ထိုနှစ်ချက်လုံးသည် အခြေခံမှာပင်မှားယွင်းနေသည်။ ဆုဆိုသည်မှာ အကဲဖြတ်အဖွဲ့ကပေးမှ ရရသည့်ကိစ္စမျိုးဖြစ်သည်။ အကဲဖြတ်ခြင်းဆိုသည်မှာ ကွန်ပျူတာ program တစ်ခုမဟုတ်။ လူတွေက လုပ်နေခြင်းဖြစ်ရာ အတ္တနောမတိ prejudice and preference တွေ ရှိနေနိုင်သည်။ မင်းသုဝဏ်သည် မြန်မာစာပေနယ်၏ နံပါတ်တစ်ကဗျာဆရာကြီးဖြစ်ခဲ့သော်လည်း ကဗျာဆုမရဖူးပါ။ ဆုရကဗျာဆရာအချို့၏ ကဗျာများတွင် ကြီးမြတ်သော ကဗျာဓာတ် poetic element ကို တွေ့ရသော်လည်း အများစုကား စွန်းလွန်းကွန်းညီရုံ ရာသီဘွဲ့များနှင့် ပြီးနေတတ်ပြီး (အင်္ဂလန် နန်းတွင်းစာဆို poet Laureate အများစု ဥပမာ Benjetmin လို) လူထုကြားသို့မရောက်။ ထို့ကြောင့်တစ်သက်တာစာပေဆုကို ဆုရဖူးခြင်းနှင့်တိုင်းလျှင် မှားမည်။ ဦးအောင်သင်းရေးခဲ့သော လူငယ်ပြုပြင်ရေး၊ ပညာချစ်ရေး၊ တိုင်းပြည်ချစ်ရေး ဆောင်းပါးပေါင်းချုပ်များစွာရှိသည်။ လူငယ်စာပေဆုအတွက် ဘယ်စာအုပ်ကိုပဲကောက်ပေးပေး ရသည်။

သုံးလေးအုပ်လောက်ထုတ်ဖူးသူ၊ စာအုပ်ပေါင်းရာချီ၍ ရေးသော်လည်း ကိုယ်ပိုင်ရသဖန်တီးမှု မရှိသူ၊ ရသမြောက်သည့်တိုင် ထူးခြားထင်ရှားသော အရည်အသွေး outstanding quality မပြနိုင်သူ၊ ရသစာပေအတွက်ကော၊ လူထုအတွေးအမြင်အတွက်ပါ သိပ်ပြောစမှတ်မကျန်သူများကိုတော့ အသက်ကြီးလည်းကြီးသလိုပင် ထားလိုက်ဖို့သာရှိသည်။ ဂရေဟမ်ဂရင်း ဆိုသော ဝတ္ထုရေးဆရာအကြောင်းထပ်ပြောရဦးမည်။ သူ့ဝတ္ထုများတွင် ဂန္ထဝင်မြောက် neo-classic များပါသည်။ ဆုတွေရဖူးသည်။ သို့သော် သူ့ဝတ္ထုတစ်ဝက်လောက်က လုပ်စားကိုင်စားအပျော်ဖတ်သာသာတွေဖြစ်၍ စာပေနိုဘယ်ဆုအတွက် အမြဲလိုလို အပယ်ခံရသည်။

တစ်သက်လုံးစာကောင်းပေကောင်းတွေရေးလာပြီး ခေတ်အဆက်ဆက် မြန်မာ့စာပေလောကနှင့် လူထုအတွေးအမြင်နယ်ပယ်ကို ဦးဆောင်ခဲ့သူများ (ဥပမာ ခင်ဆွေဦး) တစ်သက်တာစာပေဆုရခြင်းကိုတော့ ရွေးချယ်ရေးအဖွဲ့အား အမှန်ပင်ဂုဏ်ပြုရမည်ဖြစ်ပါသည်။

**၄။ ။သမိုင်းမှတ်တမ်း**

ရန်ကုန်တက္ကသိုလ်တွင် သမိုင်းဘာသာယူမည့်ကျောင်းသားမရှိဟူသော သတင်းသည် အလွန်ဝမ်းနည်းဖို့ကောင်းသည်။ ပုဂံရာဇဝင်ကို တုတ်ထမ်း၊ ဓားထမ်းငြင်းရသည့်ခေတ်မှ (ဒေါက်တာသန်းထွန်း၏ ကြိုးစားမှုကြောင့်) တူရွင်းထမ်း၍ အမှန်ရှာသည့်ခေတ်ကို ရောက်လာခဲ့သည်။ (တူရွင်းမပြောနှင့် ဘလိတ်ဓားပင်မကိုင်ဖူးသော "ရာဇဝင်ဆရာ" တချို့လည်း ကုလားထိုင်ပေါ်မှာရှိတတ်၏။ ဗေဒင်ဆရာက ရှေးဟောင်းသုတေသနပညာရှင်အဖြစ် နန်းရင်ပြင် ရောက်နေတာမျိုးပင်ရှိသည်။)

**သမိုင်းမှန်ပေါ်ထွက်ရေးအတွက် စာတမ်းဖတ်ပွဲကြီးတစ်ခုကျင်းပမည်ဟု ကြားနေရ၏။ ဘယ်ခေတ်ရဲ့ သမိုင်းအမှန်လဲ။ ပုံနှိပ်မှုထွန်းကားသောခေတ်တွင် နေ့စဉ်သတင်းစာများမှအစ နှစ်ပတ်လည်မဂ္ဂဇင်းများ၊ အစီရင်ခံစာများ၊ အစိုးရဂေဇက်များ (နိုင်ငံတော်ပြန်တမ်း) စသည်တို့ကို ပြန်အားကိုးရသည်။ သတင်းစာဟောင်းများကို မိုက်ခရိုဖလင်ဖြင့် ကူး၍သိမ်းဆည်းခြင်းက ပိုကြာကြာခံသော်လည်း အကန့်အသတ်ရှိသည်။ ကွန်ပျူတာခေတ်တွင် ဒစ်ဂျစ်တယ်ဖောမက် (digital format) ဖြင့် ပြန်သိမ်းနိုင်ဖို့ စီမံကိန်းချ လုပ်ဆောင်ရလိမ့်မည်။**

ပုဂံအကြောင်းမပြောနှင့် ကုန်းဘောင်ခေတ်အကြောင်းပင်ပြည့်ပြည့်စုံစုံ ရှိနိုင်ဖို့မလွယ်။ ကျောက်စာ၊ မင်စာ၊ ပေ၊ ပုရပိုက်၊ အမိန့်တော်နှင့် ခေတ်ပြိုင်စာပေတို့မှ ထုတ်နုတ်ပြီး ဆက်စပ်ယူရသည်များရှိသည်။ ပေ၊ ပုရပိုက်နှင့် ထန်းရွက်တို့က ဂရုတစိုက်စောင့်ရှောက်မှုလိုသည်။ ရွှေပြား၊ ငွေပြား၊ ကြေးပြားတို့ကို ခိုးသူနှောင့်ယှက်တတ်သည်။ ပျူကျောက်စာတချို့အဝတ်လျှော်ကျောက်ပြားဖြစ်ရတာ၊ ပုဂံရှေးအုတ်များကို လမ်းခင်းပစ်၊ ထုချေရိုက်ခွဲနိမ့်ရာဖို့ ပစ်ကြတာ နှမြောဖို့ကောင်းလှသည်။ မူလထိုး၊ စပ်ထိုးနှင့် နောက်ထိုးကျောက်စာတွေကျောက်စာရုံတွေထဲမှာ ပျက်ချင်တိုင်းပျက်နေကြတာရှိသည်။ ခိုင်မာသော အထောက်အထားများ ပျောက်ဆုံးကုန်လျှင် တုတ်ထမ်း၊ဓားထမ်းငြင်းရသောဘဝသို့ ပြန်ရောက်မည်ပင်။ ပုသိမ်ကမ်းနားလမ်းကို အင်္ဂတေခင်းဖို့ အတွက် တူးဖော်ကြသောအခါ ရှေးအုတ်ချပ်များပေါ် လာသည်။ မွန်တို့တည်ဆောက်ခဲ့သော ရေနုတ်မြောင်း aquaduct များတွင် စီထားခြင်းဖြစ်သည်။ တောင်သမန်ပတ်လမ်းဆိုပြီး (သစ်တင်ကားများ အသုံးပြုရန်အတွက်လိုဖြစ်သွားသော) လမ်းသစ်ကြီးဖောက်လိုက်သောအခါ တောင်သမန်ရေစပ်မှ အညာသားယဉ်ကျေးမှု Anyathian culture ဟုခေါ်သော ခေတ်ဟောင်းသမိုင်းမှတ်တမ်းကြီးတစ်ခု ပျောက်သွားပါတော့သည်။

သမိုင်းမှန်ပေါ်ထွက်ရေးအတွက် စာတမ်းဖတ်ပွဲကြီးတစ်ခု ကျင်းပမည်ဟု ကြားနေရ၏။ ဘယ်ခေတ်ရဲ့ သမိုင်းအမှန်လဲ။ ပုံနှိပ်မှုထွန်းကားသောခေတ်တွင် နေ့စဉ်သတင်းစာများမှအစ နှစ်ပတ်လည်မဂ္ဂဇင်းများ၊ အစီရင်ခံစာများ၊ အစိုးရဂေဇက်များ (နိုင်ငံတော်ပြန်တမ်း) စသည်တို့ကို ပြန်အားကိုးရသည်။ သတင်းစာဟောင်းများကို မိုက်ခရိုဖလင်ဖြင့် ကူး၍ သိမ်းဆည်းခြင်းက ပိုကြာကြာခံသော်လည်း အကန့်အသတ်ရှိသည်။ ကွန်ပျူတာခေတ်တွင် ဒစ်ဂျစ်တယ်ဖောမက် (digital format) ဖြင့် ပြန်သိမ်းနိုင်ဖို့ စီမံကိန်းချလုပ်ဆောင်ရလိမ့်မည်။

သို့သော်

သတင်းစာများ၊ စာအုပ်စာပေများတွင် သမိုင်းအမှန်မပါသောကိစ္စမျိုးလည်းရှိတတ်၏။ ရွှေပေလွှာသာသာသတင်းစာမျိုးတွင် သမိုင်းအမှန်ကို တွေ့ရန်မရှိ။

သို့သော် ယခုခေတ်မှာ မှတ်တမ်းစာပေတွေအများကြီးပြန်ထွက်လာသည်။ ကိုယ်တွေ့ကြုံရသူများ၏ မှတ်တမ်းများတွင် (အထူးသဖြင့် အခံဘက်မှာ နေခဲ့ရသူတို့၏ မှတ်တမ်းများတွင်) သမိုင်းအမှန်ကို တွေ့မြင်နိုင်၍ သမိုင်းမှန်ပြုစုရေးအတွက် အားတက်စရာတစ်ကွက်ဟု ထင်ပါသည်။ ။

## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦ......

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# သံလွင်ကိုကျော် ဘီလူးကျွန်းအနာဂတ်ကို မျှော်လိုက်လျှင်

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - မောင်ချစ်ကြည်

လိမ္မော်ရောင်တူညီဝတ်စုံများဖြင့် ဝေဟင်တွင်လွင့်နေအောင် မြင့်မားသည့် တံတားတိုင်များပေါ်၌ သံပေါင်တပ်ဆင်နေကြသူများကို မြင်တွေ့ရသည်မှာ အသည်းအေးစရာ။ သံဂဟေဆော်သည့်မီးရောင်က စူးရှတောက်ပစွာ တစ်ချက်တစ်ချက်ထွက်ပေါ်လာသည်။ မြင့်မားသောတံတားတိုင်ထက်တွင် အလုပ်ကိုစိတ်အားထက်သန်စွာလုပ်ကိုင်နေကြသူများကိုကြည့်ရင်း မြစ်ကူးတံတားတစ်စင်း တည်ဆောက်ရသည်မှာ မည်မျှခက်ခဲပြီး စိန်ခေါ်မှုတွေများကြောင်း ကိုယ်တွေ့မြင်မှသိရတော့သည်။

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးလုပ်ငန်းခွင်သို့လေ့လာရန် ကျွန်တော်တို့ သတင်းအဖွဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိခဲ့သည်။ မော်လမြိုင်မြို့ ကျိုက်မုပွန်အရပ်မှ ဘီလူးကျွန်း ကညော်ရွာဘက်သို့ သံလွင်မြစ်ကိုဖြတ်သန်းပြီး မြန်မာအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်ကို စက်လှေဖြင့်လေ့လာရင်း တံတားတိုင်ထိပ်တွင် သံပေါင်လုပ်ငန်းများ လုပ်ကိုင်နေသူများကိုကြည့်ကာ တော်ရုံစိတ်ဓာတ်ဖြင့်လုပ်ကိုင်ရန်မလွယ်ဟု တွေးနေမိခြင်းဖြစ်သည်။

သံလွင်မြစ်လယ်မှ တည်ဆောက်ဆဲတံတားတိုင်တစ်တိုင်၏ လုပ်ငန်းခွင်ကိုလေ့လာရင်း ဘီလူးကျွန်းဘက်သို့ လှမ်းကြည့်လိုက်ရာ သစ်ပင်အုပ်စိမ်းညို့ညို့နှင့် တောအုပ်တစ်ခုသဖွယ်မြင်တွေ့ရသည်။ မော်လမြိုင်ဘက်ခြမ်းတွင်မူ တိုက်တာနေအိမ်များ၊ နိုင်ငံတကာအဆင့်မီ ဟိုတယ်များ၊ မိုတယ်များဖြင့် စည်ကားဝေဆာလျက်ရှိနေသည်။ သံလွင်မြစ်ကာဆီးထားမှုကြောင့် ဘီလူးကျွန်းသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးတို့အပြင် လမ်းပန်းဆက်သွယ်ရေးလည်း ပြတ်တောက်ကာ ဖွံ့ဖြိုးမှုများနိမ့်ကျခဲ့ရသည်။ လူမှုဘဝခံစားမှုတွေ ခါးသက်ခဲ့ရသည်။

ယခုမြန်မာအင်ဂျင်နီယာများကိုယ်တိုင် ဦးစီးကာ မော်လမြိုင်ဘက်အခြမ်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)နှင့် တံတားတည်ဆောက်ရေးအဖွဲ့(၁)တို့က တံတားကြီး သတ်မှတ်ချိန်အတိုင်းပြီးစီးရန် ပူးပေါင်းတည်ဆောက်နေကြခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်မှစတင်ပြီး အင်ဂျင်နီယာလုပ်ငန်းများ အကြိုစတင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် သံလွင်တံတား (ချောင်းဆုံ)ကို ပန္နက်တင်ကာ စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများ ၆၃ ရာခိုင်နှုန်းပြီးစီးနေပြီကို တွေ့ရသည်။



ဘီလူးကျွန်းနှင့် မော်လမြိုင်မြို့ကို ဆက်သွယ်ပေးမည့် သံလွင်တံတား (ချောင်းဆုံ)ကို တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ ၆၃ ရာခိုင်နှုန်းပြီးစီးနေမှုကို တွေ့ရစဉ်။

သံလွင်မြစ်အတွင်း တံတားတိုင်များ၊ သံပေါင်များတပ်ဆင်မှုများကို စက်လှေဖြင့် လိုက်လံလေ့လာခဲ့ရာ ရေစီးသန်သော သံလွင်မြစ်ပေါ်တွင် တံတားတည်ဆောက်ရသည်မှာ မလွယ်ချေ။ သံလွင်တံတားသံပေါင်များတပ်ဆင်ရာတွင်လည်း ဘီလူးကျွန်းဘက်ခြမ်း၌ ဟိုက်ဒရောလစ်ပါဝါလွန်းထိုးတင်နည်းစနစ်နှင့် နေ့စဉ်ဆောင်ရွက်နေသည်။ ဟိုက်ဒရောလစ် ပါဝါလွန်းထိုးတင်နည်းစနစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမဆုံးအကြိမ်လုပ်ကိုင်ခြင်းဖြစ်ရာ ထူးခြားသည်။ သို့သော် အောင်မြင်မှုရရှိသဖြင့် လုပ်ကိုင်ရကျိုးနပ်သည်။

သံလွင်တံတား(ချောင်းဆုံ)မှာ စုစုပေါင်း တံတားအရှည် ၅၂၀၃ ဒသမ ၄ ပေရှိပြီး ပင်မတံတားအရှည်မှာ ၁၇၅၈ ဒသမ ၅ ပေရှိသည်။ မော်လမြိုင်ဘက်ကမ်းချဉ်းကပ်လမ်းမှာအရှည် ၇၅၇ ပေရှိပြီး ချဉ်းကပ်တံတားအရှည်မှာ ၆၈၉ ပေရှိသည်။ ချောင်းဆုံဘက်ကမ်းတွင် ချဉ်းကပ်တံတားအရှည်မှာ ၂၇၅၅ ဒသမ ၉ ပေရှိပြီး ချဉ်းကပ်လမ်းအရှည်မှာ ၁၆၇၄ ပေရှိကြောင်း သိရသည်။ တံတားအမျိုးအစားမှာ ပင်မတံတားသည် တံတားအုတ်မြစ်နှင့် အောက်ထည်မှာ ဘိုးပိုင်အာရ်စီကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်နှင့် အာရ်စီကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း တွေ့ရသည်။ ချဉ်းကပ်တံတားမှာလည်း တံတားအုတ်မြစ်နှင့်အောက်ထည်မှာ ဘိုးပိုင်နှင့် အာရ်စီကွန်ကရစ်ဖြစ်ပြီး တံတားအပေါ်ထည်မှာ Steel Box Girder နှင့် အာရ်စီကွန်ကရစ်ဖြစ်ကြောင်း သိရသည်။ နှစ်လမ်းသွားကားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိပြီး လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် တစ်မီတာရှိကာ ရေလမ်းကင်းလွတ်အကျယ်မှာ မီတာ ၁၃၀ ရှိကြောင်း သိရသည်။ ရေလမ်းကင်းလွတ်အမြင့် (အမြင့်ဆုံးရေအမှတ်)မှာ ၁၄ မီတာရှိရာ သင်္ဘောနှင့်ရေယာဉ်များ လွတ်ကင်းစွာ သွားလာနိုင်အောင် စီစဉ်တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ တံတားတိုင်၂၃ တိုင်စလုံးပြီးစီးကာ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ သံလွင်တံတား(ချောင်းဆုံ)ကို ၂၀၁၇ ခုနှစ် မတ်လတွင် ဖွင့်လှစ်အသုံးပြုနိုင်ရေးအတွက် တံတားဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများက ကြိုးပမ်းလျက်ရှိသည်။

ဘီလူးကျွန်းကို ကားလမ်းခရီးဖြင့်တိုက်ရိုက်သွားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် အင်ဂျင်နီယာများက စနစ်တကျ အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်ရာ ဘီလူးကျွန်းသည် အရှိန်အဟုန်ဖြင့်တိုးတက်လာတော့မည်ဖြစ်သည်။ ဘီလူးကျွန်းတွင် ကျေးရွာပေါင်း ၇၈ ရွာရှိပြီး ပြည်သူ ၁၆၀၀၀၀ ခန့်နေထိုင်လျက်ရှိရာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ကုန်သွယ်ရေး စသည်တို့အဘက်ဘက်မှနိမ့်ကျခဲ့ရသည်။ သံလွင်မြစ်တားဆီးမှုကြောင့် ဘီလူးကျွန်းနေပြည်သူများ အနာဂတ်အလင်းရောင်မှေးမှိန်ခဲ့ရသည်။ အနာဂတ်မျှော်လင့်ချက်များ ဝေဝါးခဲ့ရသည်။ မွန်ပြည်နယ်တွင် မြို့နယ် ၁၀ မြို့နယ်ရှိရာ ချောင်းဆုံမြို့နယ်(ဘီလူးကျွန်း)တစ်ခုသာ ကားလမ်းမပေါက်ဘဲ သီးခြားလိုရပ်တည်နေခဲ့ရခြင်းဖြစ်သည်။

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်ကလည်း စက်တင်ဘာ ၁၀ ရက်က လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ ဘီလူးကျွန်းဘက်ကမ်းရှိ အခြမ်းတွင် ဟိုက်ဒရောလစ်ပါဝါ လွန်းထိုးတပ်ဆင်မှုစနစ်ကို ကြည့်ရှုစစ်ဆေးခဲ့ရာ ကျွန်တော်တို့အဖွဲ့နှင့်ဆုံတွေ့ခဲ့သည်။ ဟိုက်ဒရောလစ်ပါဝါလွန်းထိုးတပ်ဆင်မှုကို ကြည့်ရှုစစ်ဆေးခဲ့သလို ရေလယ်တိုင်သံ ပေါင်တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း စစ်ဆေးခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးလုပ်ငန်းသို့ ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူပြီး သီတင်းနှစ်ပတ်ခန့်အကြာမှာပင် ပထမဆုံးအကြိမ်လာရောက်ကြည့်ရှုစစ်ဆေးကာ တံတားတည်ဆောက်မှုကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ခံစားနိုင်ရေး စိတ်ဝင်စားစွာ တိုက်တွန်းခဲ့သူဖြစ်သည်။ တံတားအရည်အသွေး စံချိန်စံညွှန်းပြည့်မီရန်လည်း မှာကြားခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် သံလွင်မြစ်ကိုဖြတ်ကာ တံတားပေါင်း ခုနစ်စင်း တည်ဆောက်ခဲ့ပြီးဖြစ်သည်။ သံလွင်တံတား(မော်လမြိုင်)၊ တာလေတံတား၊ သံလွင်တံတား(တာကော်အက်)၊ သံလွင်တံတား(ဘားအံ)၊ သံလွင်တံတား(တာဆန်း)၊ သံလွင်တံတား(တာပါး)၊ ကွမ်းလုံတံတားတို့ကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့ပြီး ယခုတည်ဆောက်ဆဲ သံလွင်တံတား (ချောင်းဆုံ)မှာ ရှစ်စင်းမြောက်တံတားလည်းဖြစ်သည်။ ရေစီးသန်သော သံလွင်မြစ်ကိုဖြတ်ကျော်ကာ တံတားကြီးများတည်ဆောက်နိုင်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ တိုးတက်မှု နှေးကွေးခဲ့သောဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်လာခဲ့သည်။ လူမှုဘဝများတိုးတက်ကာ ခရီးလမ်းပန်းပွင့်လန်းစေခဲ့သည်။ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းသွားလာရေး၊ ကုန်သွယ်ရေးတို့မှအစ စိတ်ကူးအတွေးများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးနိုင်ခဲ့သည်။

မွန်ပြည်နယ်တွင် သံလွင်မြစ်ဖြတ် မြစ်ကူးတံတားတည်ဆောက်မှုမှာ သံလွင်တံတား(မော်လမြိုင်)နှင့် သံလွင်တံတား(ချောင်းဆုံ)တို့ဖြစ်သည်။ သံလွင်တံတား (မော်လမြိုင်)မှာ တံတားအရှည် ၁၁၅၇၅ ပေရှိပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ဒေသအကျိုးကို ကြီးမားစွာ အထောက်အကူပေးနိုင်ခဲ့သော တံတားဖြစ်သည်။ ယခုတည်ဆောက်နေဆဲဖြစ်သော သံလွင်တံတား (ချောင်းဆုံ)မှာလည်း ၂၀၁၇ ခုနှစ် မတ်လတွင်ပြီးစီးမည်ဖြစ်ရာ ဘီလူးကျွန်းပေါ်တွင်နေထိုင်သော ကျေးရွာပေါင်း ၇၈ ရွာ၊ ပြည်သူ ၁၆၀၀၀၀ ခန့်တို့၏ အနာဂတ်ဘဝများ လှပဝေဆာအောင် အကျိုးပြုပံ့ပိုးပေးနိုင်တော့မည်ဖြစ်သည်။ အချိန်မရွေး၊ ရာသီမရွေး သွားလာကူးလူးကာ လူမှုဘဝ တိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

"ကျွန်တော်တို့ နှစ်ပေါင်းများစွာမျှော်လင့်ခဲ့ရတဲ့ တံတားကြီးတည်ဆောက်မှုကို အခုလိုမြင်တွေ့ရတော့ စိတ်ထဲမှာပြောမပြတတ်အောင် ဝမ်းသာရပါတယ်။ ကျွန်တော်က တက္ကသိုလ်ဝင်တန်းအောင်ထားတာမို့ မော်လမြိုင်တက္ကသိုလ်တက်ဖို့အတွက် အိမ်ကနေပြီး ကျောင်းတက်လို့ရတော့မှာမို့ ပျော်ရပါတယ်"ဟု ကညော်ရွာမှ မောင်စိုးထွန်းက သူ့အတွေးကိုပြောပြသည်။ လူငယ်တွေအတွက်

စာမျက်နှာ ၉ သို့



သံလွင်တံတား (ချောင်းဆုံ) တံတားသံပေါင်တပ်ဆင်နေမှုကို တွေ့ရစဉ်။

❒ စာမျက်နှာ ၈ မှ

အနာဂတ်စိတ်ကူးသစ်များကို ဤတံတားကြောင့် ဝေဖြာတောက်ပလာစေတော့မည်။ လှပလာစေတော့မည်။

"ကျွန်တော့်သားက ထိုင်းမှာအလုပ်သွားလုပ်နေတာသုံးနှစ်ရှိပါပြီ။ အရင်က ဘီလူးကျွန်းအနေနဲ့ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ အလုပ်အကိုင်လည်း မကောင်းဘူး။ လူငယ်အတော်များများ နိုင်ငံခြားထွက်ပြီး အလုပ်လုပ်ကြတာပေါ့။ ဒီတံတားကြီးပြီးသွားရင် သားကို ပြန်ခေါ်ပြီး အိုးမကွာ၊ အိမ်မကွာနဲ့ အလုပ်အကိုင်သစ်တစ်ခုလုပ်သွားဖို့တော့ စိတ်ကူးထားပါတယ်"ဟု ဘီလူးကျွန်းမှ ကွမ်းရိုက်ရွာသား ဦးနိုင်မောင်လူက အနာဂတ်အတွေးကိုပြောပြသည်။ ဘီလူးကျွန်းနေပြည်သူများက သံလွင်တံတား(ချောင်းဆုံ)ကြောင့် အနာဂတ်အတွေးကိုယ်စီဖြင့် စည်ဝေနေကြပြီဖြစ်သည်ကို ကြားသိခဲ့ရသည်။

သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်မှုမှာ မော်လမြိုင်ဘက် ချဉ်းကပ်လမ်းနှင့် ဘီလူးကျွန်းဘက်ချဉ်းကပ်လမ်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။ ချောင်းဆုံ(ဘီလူးကျွန်း)ဘက်ကမ်း A-2 မှ ရေလယ်တိုင် K-9 အကြား Stee Box Girder အား Launching Method ဖြင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေသလို တံတားတိုင် RP-5 မှ RP-4 အကြား သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်နေပြီဖြစ်သည်။

ရေလယ်တိုင် (RP-3)တွင် Cross Beam လုပ်ငန်းများလည်း ဆောင်ရွက်နေရာ ပြီးစီးနေပြီဖြစ်သည်။ မော်လမြိုင်ဘက်ကမ်းရှိ Steel Box Girder ပေါ်တွင် ကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းများလည်း အပြီးသတ်နေပြီဖြစ်ရာ တံတားတစ်စင်းလုံး သတ်မှတ်ကာလအတွင်း ပြီးစီးတော့မည်ဖြစ်သည်။ မော်လမြိုင်မြို့နှင့်ဘီလူးကျွန်းက တစ်ဆက်တစ်စပ်တည်းရှိလာကာ တစ်နိုင်ငံလုံးနှင့် ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်ရာ ဘီလူးကျွန်းက အရှိန်အဟုန်ဖြင့်တိုးတက်လာပေတော့မည်ဖြစ်သည်။ ကမ္ဘာကျော်ဆေးတံလုပ်ငန်း၊ တုတ်ကောက်လုပ်ငန်းနှင့် အခြားလက်မှုပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းများလည်း ရှင်သန်တိုးတက်လာပေတော့မည်။

"ဘီလူးကျွန်းက နှစ်ပေါင်းများစွာ ရေလမ်းတစ်ခုကိုပဲအားထားပြီးသွားလာနေထိုင်ခဲ့ကြရတာ။ ကျွန်တော်တို့က အခုလိုတံတားတည်ဆောက်ပေးတော့ သူတို့တွေရဲ့ လူမှုဘဝတိုးတက်အောင် အရင်ကထက်အများကြီး ကြိုးစားအားထုတ်ဖို့အခွင့်အလမ်းတွေရသွားတာပေါ့။ သူတို့ပျော်သလို ကူညီပေးရတဲ့ ကျွန်တော်တို့လည်းဝမ်းသာရပါတယ်"ဟု သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးအတွက် တံတားဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်သူက ပြောသည်။ ဦးကျော်သူမှာ မော်လမြိုင်မြို့တွင် မွေးဖွားခဲ့သူဖြစ်သလို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းမြင့်မွန်မှာလည်း မွန်တိုင်းရင်းသားဖြစ်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုယ်မွေးဖွားရာဒေသ၊ ကိုယ့်ပြည်နယ်အတွက် အင်ဂျင်နီယာပညာရှင်များအဖြစ် ပြန်လည်အကျိုးပြုခွင့်ရရှိကြသည်မှာ ကျေနပ်ဂုဏ်ယူစရာပင်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် မြစ်ကူး၊ ချောင်းကူးတံတားများစွာ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ မြစ်ချောင်းပေါများသော မြန်မာနိုင်ငံအနှံ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တံတားကြီးများကို မြန်မာအင်ဂျင်နီယာများ အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီးများအဖြစ် ဧရာဝတီ၊ သံလွင်၊ စစ်တောင်းနှင့် ချင်းတွင်းမြစ်များပေါ်တွင် မြစ်ကူးတံတားများစွာကို



ဘီလူးကျွန်းနှင့် မော်လမြိုင်မြို့ကို ဆက်သွယ်တည်ဆောက်လျက်ရှိသော သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်နေမှုမြင်ကွင်း။

တည်ဆောက်ပေးခဲ့ရာ ချင်းတွင်းမြစ်ပေါ်တွင် အရှည် ၄၉၅၇ ပေရှိသော ဆင်ဖြူရှင်တံတား၊ အရှည် ၄၇၃၀ ဒသမ ၂ ပေရှည်သော ချင်းတွင်းတံတား(မုံရွာ) တို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို ယင်းတံတားများက ကြီးမားစွာ အကျိုးပြုနေပြီဖြစ်သည်။

တစ်ဖန်ဧရာဝတီမြစ်ပေါ်တွင်လည်း အရှည်ပေ ၂၄၈၀ ရှိသော ရတနာသိင်္ခတံတား၊ အရှည်ပေ ၄၆၁၀ ရှိသော ဧရာဝတီတံတား(စင်းခန်း)၊ အရှည် ၁၃၅၃၇ ပေရှိသော ဧရာဝတီတံတား(ပခုက္ကူ)၊ အရှည် ၁၀၈၁၄ ပေရှိသော ဧရာဝတီတံတား(ညောင်တုန်း)၊ အရှည် ၅၆၄၁ ပေရှိသော ဧရာဝတီတံတား (ရတနာပုံ)၊ အရှည် ၄၀၈၈ ဒသမ ၃ ပေရှိသော ဒေးဒရဲတံတား၊ အရှည် ၈၉၈၉ ပေရှိသော ဧရာဝတီတံတား(မကွေး)၊ အရှည် ၅၁၉၂ ပေရှိသော အနော်ရထာတံတား၊ အရှည် ၈၅၄၄ ပေရှိသော ဗိုလ်မြတ်ထွန်းတံတား၊ အရှည် ၂၆၈၈ ပေရှိသော ဗလမင်းထင်တံတား၊ အရှည် ၂၃၆၂ ပေရှိသော မအူပင်တံတား၊ အရှည် ၄၁၈၃ ပေရှိသော နဝဒေးတံတားစသည့် မြစ်ကူးတံတားကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပေးခဲ့ရာ ဧရာဝတီအနောက်ဘက်ခြမ်းနှင့်အရှေ့ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံအလယ်ကိုဖြတ်ပြီး မြောက်မှတောင်သို့ စီးဆင်းနေသည့် ဧရာဝတီမြစ်ကြောင့် သွားလာရေး၊ ကုန်သွယ်ရေးနှင့်ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို မြစ်ကူးတံတားကြီးများကြောင့် အဆင်ပြေစေခဲ့ပြီဖြစ်သည်။

ထို့အတူ ရေစီးသန်သောစစ်တောင်းမြစ်ပေါ်တွင်လည်း အရှည်ပေ ၂၃၂၀ ရှိသော စစ်တောင်းတံတား၊ အရှည်ပေ ၆၀၀ ရှိသော စစ်တောင်းတံတား (တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း)၊ အရှည်ပေ ၁၅၀၀ ရှိသော စစ်တောင်းတံတား(ရွှေကျင်-မဒေါက်)၊ အရှည် ၂၃၉၂ ဒသမ ၇ ပေရှိသော စစ်တောင်းတံတား(ဟုမ္မလင်း)၊ အရှည်ပေ ၇၂၀ ရှိသော စစ်တောင်းတံတား (နတ်သံကွင်း) တို့ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ ရေစီးသန်ပြီး ဒေသဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်နေသော စစ်တောင်းမြစ်ကို မြန်မာအင်ဂျင်နီယာများစွမ်းအားဖြင့် ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၉၈၈ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်အထိ ပေ ၁၈၀ အထက် တံတားပေါင်း ၄၉၃ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ရာ သဘာဝအတားအဆီးကို အင်ဂျင်နီယာများက အတတ်ပညာ၊ နည်းပညာတို့ဖြင့် နိုင်ငံတော်မှငွေကြေးအကုန်အကျခံကာ တည်ဆောက်ပေးနေခြင်းဖြစ်သည်။ ဆက်လက်ပြီးလည်း မြစ်ကူးတံတားကြီးများ တည်ဆောက်ရဦးမည်။

ယခု တည်ဆောက်နေသော သံလွင်တံတား(ချောင်းဆုံ)က ၂၀၁၇ ခုနှစ် မတ်လတွင် ပြီးစီးတော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပြည်သူများ၏ အောင်ပွဲပင်ဖြစ်သည်။ သံလွင်မြစ်ကို ယခုအကြိမ် ကျော်ဖြတ်နိုင်ခြင်းက အထီးကျန်ခဲ့ရသော ဘီလူးကျွန်းနေပြည်သူများ၏ အနာဂတ်ဘဝများ လင်းလက်ဝေဖြာတောက်ပစေတော့မည်မှာ အမှန်ပင်. . . . .

## အမှိုက်ပုံးအပြင်မှ စွန့်ပစ်သည့်စည်းကမ်းမဲ့အမှိုက်များ ကျန်ရှိနေ၍ အနံ့ဆိုးများ အနီးဝန်းကျင်နေသူများ ခံစားနေရ

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၂) ရပ်ကွက် (၆) လမ်းအတွင်း ကမ်းနားလမ်းထိပ်အနီးထားရှိသော ရွှေ့လျားဘီးတပ် အစိမ်းရောင် အမှိုက်ပုံး လ-မ-တ ၁၃၂ ဝန်းကျင်တွင် နေ့စဉ်နီးပါး စည်းကမ်း မဲ့စွန့်ပစ်ထားသော အမှိုက်များ မြင်တွေ့နေရဆဲဖြစ်သည်။ အမှိုက်ပုံး အဖုံးဖွင့်ထားခြင်း၊ ပုံး၏အခြေအပြင်ဘက်မြေပြင်တွင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များရှိနေခြင်းတို့ကြောင့် အနံ့ဆိုးများကို ခံစားနေရကြောင်း ယင်းနေရာအနီးတွင် နေထိုင်သူ ဒေါ်ဝင်းက ဆိုသည်။



အဆိုပါ(၆)လမ်းသည်လမ်းမတော်မြို့နယ် အမှိုက်သိမ်းယာဉ်များ စုရပ်ဖြစ်သည့် ကိုင်းတန်းလမ်း၊ ကမ်းနားလမ်းနှင့် နီးကပ်သောလမ်းဖြစ်သည်။ ညစဉ်အမှိုက်ပုံးကို သယ်ယူရှင်းလင်းရာတွင် ပုံးအပြင်ဘက်မြေပြင်ပေါ်ရှိ စည်းကမ်းမဲ့စွန့်ပစ်ထားခြင်းများကိုတစ်ပါတည်းရှင်းသွားခြင်းမရှိသည့် ရက်ကများနေသည်။ (၆)လမ်းအတွင်း အမှိုက်ပုံးနှစ်ပုံးထားရှိသော်လည်း လမ်းလယ်ရှိအမှိုက်ပုံးမှာ အနီးဝန်းကျင်ရှိ နေအိမ်များမှ အနံ့ဆိုးများ ရှူရှိုက်နေရမှုကြောင့် အနော်ရထာလမ်းမပေါ်သို့ပြောင်းရွှေ့ထားရှိသည်။ ကျန်ရှိနေသေးသော အမှိုက်ပုံးမှာလည်း အဖုံးဖွင့်ထားခြင်း၊ အမှိုက်ပုံးအပြင်ဘက်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ခြင်းတို့ကို အရေးယူပြုပြင်ပေးရန် လိုအပ်နေသည်။ သို့မှသာ အမှိုက်ပုံးဝန်းကျင်လူနေတိုက်ခန်းများတွင် နေထိုင်သူများ အနံ့ဆိုးရှူရှိုက်နေရမှုမှ ကင်းဝေးမည်ဖြစ် သည်။

(၃)ရပ်ကွက်(၇)လမ်းထိပ်အနီးရှိ ရွှေ့လျားဘီးတပ်အမှိုက်ပုံးအနီသည်လည်း လမ်းသူလမ်းသားများ၏ မေတ္တာရပ်ခံချက်အရ ကားလမ်းဘေးသို့ ရွှေ့ပြောင်းခဲ့သည်ကို လမ်းညွှန်စာတန်းအရ သိရသည်။ သို့ဖြစ်ပါ၍ (၆)လမ်းအတွင်း ကျန်ရှိနေသေးသော လူနေတိုက်ခန်းအနီးရှိ အမှိုက်ပုံးကို ကားလမ်းမဘေးသို့ အခြားလမ်းသွယ်များနည်းတူ ပြောင်းရွှေ့ထားပေးစေလိုကြောင်း ယင်းလမ်းအတွင်း အဆိုပါ အမှိုက်ပုံးနေရာဝန်းကျင်ရှိတိုက်ခန်းများတွင် နေထိုင်သူများက မေတ္တာရပ်ခံပြောဆိုနေကြသည်။ ရန်ကုန်မြို့တွင်းထားရှိသော အမှိုက်ပုံးများတွင် အဖုံးပါရှိသော်လည်း အဖုံးဖွင့်၍ အမှိုက်စွန့်သူနည်းသဖြင့် ပုံးအများစုမှာ အဖုံးဖွင့်ထားသည်ကို မြင်တွေ့ရသည်။

**(မောင်စေအောင်)**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ရခိုင်ပြည်နယ်ဘောလုံးအသင်း တတိယရရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ တတိယနေရာလုပွဲကို ယနေ့နံနက် ၇ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ကျင်းပခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအသင်းနှင့် ရခိုင်ပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပွဲချိန်အတွင်း ဂိုးမရှိ သရေရလဒ်ဖြစ်နေသဖြင့် ပင်နယ်တီကန်သွင်းရာ ရခိုင်ပြည်နယ်ဘောလုံးအသင်းမှ ဧရာဝတီတိုင်းဒေသကြီးဘောလုံးအသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲပွဲစဉ်ကို စက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ရန်ကုန်တိုင်းဒေသကြီးဘောလုံးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

## ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာရန် မြို့နယ်အဆင့် ဝင်ခွင့်စာမေးပွဲဖြေဆို

**ပုလော စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပြည်ပနိုင်ငံသို့ သွားရောက်၍ လေ့လာရန် မြို့နယ်အဆင့် ဝင်ခွင့်စာမေးပွဲကို စက်တင်ဘာ ၁၀ ရက် နံနက် ၉ နာရီက ပုလောမြို့နယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို ဆရာ ဆရာမ ရှစ်ဦးနှင့် အထက်တန်း ကျောင်းသား ကျောင်းသူငါးဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ငါးဦး စုစုပေါင်း ၁၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုပြီး မွန်းလွဲ ၁ နာရီတွင် အထွေထွေဗဟုသုတဘာသာရပ်ကို လူတွေ့စစ်ဆေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# (၂၀)ကြိမ်မြောက် ပန်းချီ၊ ပန်းပု ဘွဲ့ယူ လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်တင်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၀)ကြိမ်မြောက် ပန်းချီ၊ ပန်းပု ဘွဲ့ယူလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်တင်ဆက်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါတင်ဆက်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ပထမပိုင်းအစီအစဉ်အရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက ကျယ်ပြောသာစွ ဆိုင်းဂီတအစီအစဉ်ကို ဆိုင်းအဖွဲ့ငါးဖွဲ့ဖြင့် ဖျော်ဖြေခြင်း၊ ရိုးသားမှုနှင့် ပျော်ရွှင်ပါ(ဘဲလေးအနုပညာ)အကဖြင့် ဖျော်ဖြေခြင်း၊ ရွှေရောင်နေ့သစ်ဆီသို့(ကျောင်းဆင်းသီချင်း)ဖြင့် ဖျော်ဖြေခြင်း၊ NUAC သံဆန်းကိုတီးခတ်ဖျော်ဖြေခြင်း၊ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့၏ ပူးပေါင်းတင်ဆက်မှုအနေဖြင့် ရာမယဏဇာတ်တော်ကြီးမှ ကောက်နုတ်ချက်တစ်ခုဖြစ်သော "မေတ္တာချစ်ခြင်း အလင်းအမှောင်"ဟု အမည်ရသော တေးသရုပ်ဖော်မှုကို ဂီတနှင့် သဘင်ပေါင်းစပ်မှုဖြင့် ဖျော်ဖြေခြင်းတို့အပြင် ရှမ်းတိုင်းရင်းသားတို့၏ရိုးရာ "မိုးခေါ်ပွဲ"(မှတ်တမ်းရုပ်ရှင်)ကို တင်ဆက်ပြသခဲ့ကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်အဖြစ် ငြိမ်းချမ်းချစ်ကြည်မြစ်နဒီ(ရုပ်သေး)ဖြင့် လည်းကောင်း၊ ယတြာ(ပြဇာတ်)ဖြင့် လည်းကောင်း၊ ဘူရိဒတ်ဇာတ်တော်ကြီး ကောက်နုတ်ချက်တစ်ခု ဖြစ်သော "ရော့ပတ္တမြားရော့နဂါး" အစီအစဉ်ဖြင့် လည်းကောင်း၊ "အုံအုံးလေ"ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်လမ်းတိုကို လည်းကောင်း တင်ဆက်ဖျော်ဖြေခဲ့သည့်အပြင် ဘွဲ့ယူ ကျောင်းသား၊ ကျောင်းသူတို့၏ ပန်းချီ၊ ပန်းပု လက်ရာမွန်များကို ပြသထားသည့်အတွက် လာရောက်ကြည့်ရှုကြသည့် ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ အထူးနှစ်သက်အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ ဇော်ကြီး(ပဏီတ)**

# သိုင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးက တုတ်ရှည်သိုင်းဖြင့် ရွှေတံဆိပ်ဆွတ်ခူး

**မုံရွာ စက်တင်ဘာ ၁၀**

နေပြည်တော်တွင် ကျင်းပသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် သိုင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု၍ သွားရောက်ယှဉ်ပြိုင်သည့် တုတ်ရှည်သိုင်းဘာသာရပ်တွင် ရွှေတံဆိပ်ဆုကို မုံရွာမြို့နယ်မှ မသိမ်းလဲ့မော်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိုင်းကော်မတီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းကဲ့သို့ ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူခဲ့သည့် မသိမ်းလဲ့မော်က ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများကို ပြောရာကြားတွင် "နေပြည်တော်က သိုင်းပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင် ၁၅ ဦး သွားရောက် ပါဝင်ယှဉ်ပြိုင်ရာမှာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် ၁၀ ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အခုလို ရွှေတံဆိပ်နှင့် အခြားဆုတွေ ဆွတ်ခူးရရှိအောင် ပြိုင်ပွဲမဝင်ခင် သုံးလလောက်ကတည်းက နည်းပြဆရာတွေနဲ့ စနစ်တကျ လေ့ကျင့်ခဲ့ရပါတယ်။ တချို့ဘာသာရပ်တွေမှာ အခက်အခဲရှိပေမယ့် နည်းပြဆရာတွေရဲ့အပင်ပန်းခံပြီး သင်ကြားပေးမှုကြောင့် အခုလို တုတ်ရှည်မှာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။




ရွှေတံဆိပ်ဆုရရှိခဲ့သည့် မသိမ်းလဲ့မော်(အလယ်)အား တွေ့ရစဉ်။

ဌင်းက ဆက်လက်ပြီး "ဖခင်ကိုယ်တိုင်က မြန်မာ့ရိုးရာသိုင်းဆရာကြီးဆိုတော့ သိုင်းပညာကို ငယ်ငယ်ကတည်းက ဝါသနာထုံခဲ့တဲ့အတွက် ငယ်ငယ်ကတည်းက သိုင်းကို အိမ်မှာတင် လေ့ကျင့်ဖြစ်တယ်။ သိုင်းဆရာကြီးတွေရဲ့ အဆက်အသွယ်ဖြင့် အရင်က မြို့နယ် ကလပ်ပေါင်းစုံ သိုင်းပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ဖူးပါတယ်။ ပြိုင်ပွဲမဝင်ခင်ကတည်းက တိုင်းဒေသကြီး ဂုဏ်ကိုဆောင်နိုင်မယ့် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ရမယ်ဆိုပြီး ရည်မှန်းချက်ထားပြီး ကြိုးစားခဲ့ပါတယ်။ နောက်ထပ်လည်း သိုင်းပြိုင်ပွဲဆက်လက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားလေ့ကျင့်နေပါတယ်။ ဗဟိုအဆင့်ပြိုင်ပွဲတွေကနေ နိုင်ငံတကာပြိုင်ပွဲတွေအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ရည်မှန်းထားပါတယ်" ဟု ပြောကြားခဲ့သည်။

**(ဖိုးချမ်း-မုံရွာ)**

# (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

(၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိ လက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိသည်။

အမျိုးသား သက်ငယ်(၄၆)ကီလိုတန်းပြိုင်ပွဲတွင် သန့်ဇင်အောင်(စစ်ကိုင်းတိုင်းဒေသကြီးအသင်း)က ကျော်ထက်ဝင်း (တနင်္သာရီတိုင်းဒေသကြီးအသင်း)ကို သုံးမှတ်-နှစ်မှတ်ဖြင့်လည်းကောင်း၊ ဝင်းပိုင် (မွန်ပြည်နယ်အသင်း)က နိုင်းနိုင်း (ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို ငါးမှတ် သုညမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား သက်ငယ်(၅၄)ကီလိုတန်းပြိုင်ပွဲတွင် ချမ်းဟိန်းထက်နိုင်(ရန်ကုန်တိုင်းဒေသကြီးအသင်း)က သီဟဇော် (တနင်္သာရီတိုင်းဒေသကြီးအသင်း)ကို သုံးမှတ်-နှစ်မှတ်ဖြင့် လည်းကောင်း၊ ဖုန်းပြည့်စုံဦး(မန္တလေးတိုင်းဒေသကြီးအသင်း)က ခန့်ညားညီ(ဧရာဝတီတိုင်းဒေသကြီးအသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား သက်ငယ်(၅၇)ကီလိုတန်းပြိုင်ပွဲတွင် စိုးသန်းဦး(ကယားပြည်နယ်အသင်း)က ကျော်ဇင်ဝင်း(မန္တလေးတိုင်းဒေသကြီးအသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့် အနိုင်ရရှိသွားသည်။ ဆက်လက်ပြီး အမျိုးသမီး(၄၈)ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ထိုးသတ်ကြရာ နွေဦးခိုင်(စစ်ကိုင်းတိုင်းဒေသကြီးအသင်း)က လွေဝှမ်းလှိုင်း (ရှမ်းပြည်နယ်အသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့် လည်းကောင်း၊ ဝင်းဝင်းထွေး(ရန်ကုန်တိုင်းဒေသကြီးအသင်း)က လှလှထွေး(ကရင်ပြည်နယ်အသင်း)ကို လေးမှတ်-တစ်မှတ်ဖြင့် လည်းကောင်း၊ ဇင်ဇင်ထက် (မွန်ပြည်နယ်အသင်း)က ထွန်းအိအိခိုင် (ကယားပြည်နယ်အသင်း)ကို သုံးမှတ် နှစ်မှတ်ဖြင့် လည်းကောင်း၊ စုသျှားညို (တနင်္သာရီတိုင်းဒေသကြီးအသင်း)က လှစောရီ (ရခိုင်ပြည်နယ်အသင်းကို) အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသမီး (၅၄)ကီလိုတန်းပြိုင်ပွဲတွင် အိဖြူထွေး(တနင်္သာရီတိုင်းဒေသကြီးအသင်း)က ချစ်နှင်းဖြူ(ကချင်ပြည်နယ်အသင်း)ကို အလဲထိုးဖြင့်လည်းကောင်း၊ ထက်ထက်ခိုင်ဦး(ကရင်ပြည်နယ်အသင်း)က မြတ်နိုးသူ (ရန်ကုန်တိုင်းဒေသကြီးအသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား (၄၉)ကီလိုတန်းပြိုင်ပွဲတွင် ဝေလင်းအောင်(ပဲခူးတိုင်းဒေသကြီးအသင်း)က ဇာနည်ကျော်(မန္တလေးတိုင်းဒေသကြီးအသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့်လည်းကောင်း၊ သိန်းဆွေ (စစ်ကိုင်းတိုင်းဒေသကြီးအသင်း)က သိန်းဇော်(နေပြည်တော်အသင်း)ကို အလဲထိုးဖြင့်လည်းကောင်း၊ ဇော်မင်းဦး(ရခိုင်ပြည်နယ်အသင်း)က သက်ဝေဖြိုး (ကချင်ပြည်နယ်အသင်း)ကို လေးမှတ်-တစ်မှတ်ဖြင့်လည်းကောင်း၊ ဇော်မြင့်မိုး(ရန်ကုန်တိုင်းဒေသကြီးအသင်း)က ထက်ရှိုင်းလင်း (ဧရာဝတီတိုင်းဒေသကြီးအသင်း)ကို လေးမှတ်-တစ်မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား (၆၄)ကီလိုတန်းပြိုင်ပွဲတွင် နိုင်နိုင်လင်း(တနင်္သာရီတိုင်းဒေသကြီးအသင်း)က ဖြိုးမောင်မောင် (နေပြည်တော်အသင်း)ကို ငါးမှတ်-သုညမှတ်ဖြင့် လည်းကောင်း၊ အောင်ကိုကို(ရန်ကုန်တိုင်းဒေသကြီးအသင်း)က နေရှိုင်း(ဧရာဝတီတိုင်းဒေသကြီးအသင်း)ကို အလဲထိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် မြန်မာဒိုင်ရွေးချယ်ခံရ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံမှ အမျိုးသမီးကွင်းလယ်ဒိုင်လူကြီး ဒေါ်သိန်းသိန်းအေးသည် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ပူပါအာ နယူးဂီနီနိုင်ငံ၌ ကျင်းပမည့် ၂၀၁၆ ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခံခဲ့ရသည်။

ဒေါ်သိန်းသိန်းအေးသည် ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အသိအမှတ်ပြု ကွင်းလယ်ဒိုင်လူကြီးဖြစ်လာခဲ့ပြီး နိုင်ငံတကာပြိုင်ပွဲ ၁၈ ပွဲအထိ တာဝန်ယူကိုင်တွယ်ခဲ့သည်။ ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၄ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံ အမျိုးသမီးပြိုင်ပွဲတွင် တာဝန် ထမ်းဆောင်ခွင့်ရခဲ့သလို ဗိုလ်လုပွဲကိုလည်း ကိုင်တွယ်ခွင့်ရခဲ့သည်။ ဖီဖာ သည် ယူ-၂၀ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် အာရှမှ ကွင်းလယ်ဒိုင်သုံးဦး ရွေးချယ်ရာ မြန်မာနိုင်ငံမှ ပါဝင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီး ကွင်းလယ်ဒိုင်အနေဖြင့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ကိုင်တွယ်ခွင့်ရခဲ့ခြင်းဖြစ်ပြီး ယခင်က ၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် မြန်မာစည်းကြပ်ဒိုင် ဒေါ်ကေ့ဂျာသာ သွားရောက်တာဝန်ထမ်းဆောင်ခဲ့ဖူးကြောင်း သိရသည်။ **(ရဲရင့်ရှိုင်း)**

## ဆေးလိပ်သောက်လျှင် အသိယှဉ်




## ❍ အသင်းဖျက်သိမ်းမှုများမှ

ယင်းအသင်းများအနက် MNL ကလပ်ဇေယျာရွှေမြေမှ အသင်းအစား အဆင့်(၁၁)နေရာမှ တန်းဆင်းရမည့် Southern အသင်းကယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ပထမတန်းချန်ပီယံ မနောမြေအသင်းအစား တတိယနေရာရခဲ့သည့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။ ၂၀၁၇ ရာသီမှစတင်ကာ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ မယှဉ်ပြိုင်တော့ဟု အသင်း Facebook ၌ ထုတ်ပြန်ကြေညာခဲ့သည့် ဇွဲကပင်အသင်းသည် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ ၂၀၁၇ ရာသီ MNL ပြိုင်ပွဲကို လက်ရှိချန်ပီယံ ရတနာပုံအသင်းအပါအဝင် ရန်ကုန်၊ မကွေး၊ ဧရာဝတီ၊ ရှမ်းယူနိုက်တက်၊ ဟံသာဝတီ၊ ဇွဲကပင်၊ ချင်းယူနိုက်တက်၊ ရခိုင်၊ Southern၊ GFA နှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် အိမ်ကွင်းအဖြစ် အသုံးပြုနေသည့် မုံရွာကွင်းကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ပြည်သူပိုင်ကွင်းအဖြစ် ပြန်လည်အပ်နှံရန် ဆုံးဖြတ်ခဲ့သောကြောင့် အသင်းပိုင်ရှင်က ကွင်းနှင့်အတူ အသင်းကိုပါ ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်သည်။ မနောမြေအသင်းသည် ငွေကြေးအနေအထားကြောင့် ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်ပြီး ကစားသမားများအား ပေးချေရမည့် လစာကြွေးကျန်များကို မြန်မာနေရှင်နယ်လိဂ်ကော်မတီ ရန်ပုံငွေမှ စိုက်ထုတ်ပေးချေသွားမည်ဖြစ်သည်။

ပရော်ဖက်ရှင်နယ်လိဂ်ပြိုင်ပွဲဖြစ်သည့် MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး ပြီးစီးခဲ့သည့် ရှစ်ကြိမ်တွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က လေးကြိမ်စီဗိုလ်စွဲခဲ့သည်။ ရှစ်နှစ်သက်တမ်းရှိပြီဖြစ်သော်လည်း MNL ကလပ်အသင်းများအနေဖြင့် ဝင်ငွေရရှိမှုလွန်စွာနည်းပါးနေပြီး အသင်းပိုင်ရှင်၏ စိုက်ထုတ်သုံးစွဲမှုအပေါ် မူတည်နေရာ ကလပ်အသင်းများအနေဖြင့် ရေရှည်ရပ်တည်နိုင်ရန် နည်းလမ်းရှာဖွေလုပ်ဆောင်သင့်နေပြီဖြစ်သည်။

# ကမ္ဘာပေါ်တွင်အဖြစ်များလာသည့် နာတာရှည်ရောဂါကာကွယ်ကုသရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၀**
သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် စက်တင်ဘာ ၅ရက်မှ ၆ရက်အထိ ကျင်းပသည့် (၆၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ အစည်းအဝေးကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ Nelum Pokuna Theatre တွင်ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ခေါင်းဆောင်သောအဖွဲ့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို အလှည့်ကျ သဘာပတိနှင့် ဒုတိယအလှည့်ကျသဘာပတိများအား အတည်ပြုခန့်ထားခြင်း၊ အစည်းအဝေးအစီအစဉ်များအား အတည်ပြုခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ ကမ္ဘာပေါ်တွင် အဖြစ်များလာပြီး သေဆုံးရခြင်း၏ အဓိကတရားခံဖြစ်လာသည့် ကူးစက်တတ်ခြင်းမရှိသော နာတာရှည်ရောဂါကာကွယ်ကုသရေးအတွက် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင့်မြှင့်တင်အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းခဲ့သည်။

ထို့နောက် ကိုလံဘိုကြေညာစာတမ်း ထုတ်ပြန်ကြေညာနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးများက အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့သည်။ အစည်းအဝေးကျင်းပနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရာထူး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် အီသီယိုးပီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Tedros Adhanom Ghebreyesus နှင့် အလွတ်သဘောတွေ့ဆုံ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပိုမိုတိုးတက်ကောင်းမွန်စေရေး ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့သည်။

အစည်းအဝေး ဒုတိယနေ့တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံများသို့ ရန်ပုံငွေခွဲဝေချထားပေးမှုနှင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရန်ပုံငွေခွဲဝေသုံးစွဲခဲ့မှုနှင့် တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ဝင်နိုင်ငံများအား ရန်ပုံငွေခွဲဝေချထားမည့် အစီအစဉ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပဋိဇီဝပိုးသတ်ဆေး၊ ဆေးယဉ်ပါးမှုပြဿနာကာကွယ် နှိမ်နင်းရေး၊ ၂၀၁၆ အလွန် အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက်များအတိုင်း ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များ၊ အရေးပေါ်ကျန်းမာရေးပြဿနာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကာကွယ်၍ရသောရောဂါများကြောင့် မိခင်နှင့်ကလေးသေဆုံးမှု အဆုံးသတ်ရေးဆိုင်ရာ ကိစ္စရပ်ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ အဖွဲ့ဝင်နိုင်ငံများအတွင်း ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအပေါ် မှတည်၍ ထူးချွန်စွာ ဆောင်ရွက်နိုင်ခဲ့သည့် လုပ်ငန်းရပ်များအပေါ် အသိအမှတ်ပြုသည့် အခမ်းအနားအား ဆက်လက်ကျင်းပခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် မိခင်နှင့် မွေးကင်းစကလေးငယ်များအတွင်း မေးခိုင်ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းများတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးက ကြီးမှူးကျင်းပသည့် Tele Interview အစီအစဉ်သို့ ပါဝင်၍ မြန်မာ နိုင်ငံအတွင်း ဦးစားပေးအကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ငန်းများကို ပြောကြားခဲ့သည်။

ညနေပိုင်းတွင် အဖွဲ့ဝင်နိုင်ငံများက ကျန်းမာရေးဝန်ကြီးများ စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ Sustainable Development Goals များရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ကိုလံဘိုကြေညာစာတမ်းအား အတည်ပြုခဲ့ကြသည်။

ဒုတိယနေ့ အစည်းအဝေးကျင်းပနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပါကစ္စတန်နိုင်ငံမှ ဝင်ရောက်ရွေးချယ်ခံမည့် Dr. SANIA NISHTAR နှင့် အလွတ်သဘောတွေ့ဆုံပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက် ကျန်းမာရေးဆိုင်ရာပြဿနာများ ပူးပေါင်းကာကွယ်ကုသရေးဆိုင်ရာလုပ်ငန်းများနှင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရေးနှင့် လူတိုင်းရရှိနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■

# ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လုပ်သားများအား ပြန်လည်ခေါ်ယူပေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**
ထိုင်းနိုင်ငံ V&K Co.,Ltd. နာနတ်သီးလုပ်ငန်း၌ အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမား ၃၄ ဦးအား တရားဝင်နေထိုင်အလုပ်လုပ်ကိုင်ခွင့်လက်မှတ်မရှိသဖြင့် ထိုင်းရဲများက ဖမ်းဆီးခဲ့ကြကြောင်း၊ ယင်းအလုပ်သမားများသည် ၄၈ ရက်ကြာ ဖမ်းဆီးခံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာခဲ့သော်လည်း ထိုင်းရဲများက ထပ်မံဖမ်းဆီးခဲ့ကြပြီး နယ်စပ်မှတစ်ဆင့် စက်တင်ဘာ ၃ ရက်တွင် ပြန်လည်ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းအလုပ်သမားများသည်Swann Royal Co.,Ltd၊Moe Moe Family General Services Co.,Ltd ၊ Moonbeam Services Co.,Ltd၊ Hnin Pan War Co,.Ltd၊May Wint Services Co.,Ltd တို့မှ စေလွှတ်ထားသည့် အလုပ်သမားများဖြစ်ကြသည်။

ယင်းအလုပ်သမား ၃၄ ဦးအနက် မောင်ဝေလျှံထွန်း၊ မောင်ချစ်ကိုကို၊ မချိုချိုဝင်းနှင့် မခင်မာအေးတို့လေးဦးက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ဘုရားသုံးဆူရဲစခန်းမှူးနှင့် အုပ်ချုပ်ရေးမှူးတို့က ယင်းအလုပ်သမားလေးဦးတို့၏ နေရပ်ပြန်ရန် ခရီးစရိတ်နှင့် စားစရိတ်အဖြစ် ကျပ်တစ်သိန်းငါးသောင်းကို ကူညီထောက်ပံ့ပေးခဲ့သည့်အတွက် ရန်ကုန်မြို့သို့ စက်တင်ဘာ ၃ ရက်တွင် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး) ရန်ကုန်တိုင်းဒေသကြီးရုံးတွင် စက်တင်ဘာ ၉ ရက်က ယင်းအလုပ်သမားများအား ခေါ်ယူတွေ့ဆုံခဲ့ရာ ကျန်အလုပ်သမား ၃၀ သည် ယင်းတို့အစီအစဉ်ဖြင့် နေရပ်သို့ ပြန်သွားခဲ့ကြောင်း၊ နေရပ်ပြန်ရန် အခက်အခဲရှိနေသည့် ယခုအလုပ်သမားများအားထိုင်းနိုင်ငံသို့ တာဝန်ယူစေလွှတ်ပေးခဲ့သည့် အေဂျင်စီများနှင့်ညှိနှိုင်းပေးခဲ့ရာ မောင်ဝေလျှံထွန်းနှင့် မခင်မာအေးတို့သည် Swann Royal Co.,Ltd ၏ အစီအစဉ်ဖြင့် E.kwongse Co.,Ltd. သို့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလကစေလွှတ်ထားသည့် အလုပ်သမားများဖြစ်ကြပြီး လုပ်ငန်းအဆင်မပြေမှုကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သည်။

SwannRoyal Co.,Ltd က ကရုဏာကြေးအဖြစ် ငွေကျပ် ၃၀၀၀၀၀ စီပေးအပ်ခဲ့ကြောင်း၊ မောင်ချစ်ကိုကိုသည် Moonbeam Services Co.,Ltd ၏ အစီအစဉ်ဖြင့် TTS Services Partner Co.,Ltd သို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း စေလွှတ်ထားသည့် အလုပ်သမားဖြစ်ပြီး လုပ်ငန်းအဆင်မပြေမှုကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သဖြင့် Moonbeam Services Co.,Ltd က ကရုဏာကြေးအဖြစ် ငွေကျပ် ၃၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သိရသည်။

မချိုချိုဝင်းသည် May Wint Services Co.,Ltd ၏ အစီအစဉ်ဖြင့် P.V Thaipart Services Co.,Ltd သို့ ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်း သွားရောက်လုပ်ကိုင်သည့် အလုပ်သမားဖြစ်ပြီး လုပ်ငန်းအဆင်မပြေမှု ကြောင့် V&K Co.,Ltd နာနတ်သီးလုပ်ငန်းသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရာမှ ဖမ်းဆီးခံရခြင်းဖြစ်သဖြင့် May Wint Services Co.,Ltd က ကရုဏာကြေးအဖြစ် ကျပ်သုံးသိန်းကိုပေးအပ်ခဲ့ကြောင်း သိရသည်။

အလုပ်သမားများအား စေလွှတ်ခဲ့သည့် အေဂျင်စီများအနက် Swann Royal Co.,Ltd သည် အလုပ်သမားရေးရာကိစ္စများကို ဖြေရှင်းဆောင်ရွက်ပေးသော်လည်း Big Jab Contract Workers Co.,Ltd သို့ စေလွှတ်ခဲ့သည့် အလုပ်သမားများအား Golden Prize Co.,Ltd ငါးသေတ္တာစက်ရုံသို့ ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ အလုပ်ပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်၍ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ကို တစ်နှစ်ယာယီပိတ်သိမ်းခြင်းဖြင့် အရေးယူဆောင်ရွက်ထားကြောင်း အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Moonbeam Sevices Co., Ltd နှင့် May Wint Services Co., Ltd တို့သည် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်မှုနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာ ပြဿနာများဖြစ်ပွားနေခြင်းအပေါ် စိစစ်ဆဲကာလဖြစ်သဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်နိုင်ရေးအတွက် အလုပ်ခေါ်စာအသစ်များကို ယာယီဆိုင်းငံ့ခြင်းခံထားရကြောင်း သိရသည်။

V&K Co.,Ltd နာနတ်သီးလုပ်ငန်းသည် အလုပ်ပုံမှန်လုပ်ကိုင်ရမှုမရှိသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက အလုပ်ခေါ်စာ ပိတ်ပင်ထားသည့်ကုမ္ပဏီဖြစ်ပြီး အလုပ်သမားများသည် အလုပ်ပြောင်းရွှေ့ခဲ့ရာမှ ဩဂုတ် ၇ ရက်တွင် လုပ်ငန်းခွင်သို့ ထိုင်းရဲများမှ ဝင်ရောက်စိစစ်စဉ် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် (Work Permit)မရှိသဖြင့် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

**(နေသန်)**




# ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျကာ နေအိမ်များပြောင်းရွှေ့ခဲ့ရ



**ရွှေတောင် စက်တင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ယင်းမူကုန်းကျေးရွာအုပ်စု၊ ယင်းမူကုန်းကျေးရွာရှိ မိသားစုရပ်ကွက်နှင့် ဇေယျာသီရိရပ်ကွက်များ၌ နေထိုင်ကြသည့် အိမ်ထောင်စု ၁၈ စုသည် ယခုရက်ပိုင်းအတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများဆက်တိုက်ပြိုကျလျက်ရှိရာ မြစ်ကမ်းနှင့်နီးကပ်လျက်ရှိသည့် လူနေအိမ်လေးလုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းကို စက်တင်ဘာ ၉ ရက်တွင် ရွာသူ/ရွာသားများက စုပေါင်းပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။

"မြစ်ရေကျပြီးနောက် ကမ်းပါးတွေဆက်တိုက်ကိုပြိုနေတာ အခုရွှေ့သွားတဲ့ အိမ်တွေက မြစ်ကမ်း နဲ့အရမ်းနီးတယ် နောက်ထပ်အိမ်တွေလဲ အခုရက်ပိုင်း ထပ်ရွှေ့ရဖို့ရှိနေသေးတယ်"ဟု ဒေသခံရွာသား တစ်ဦးကပြောကြားသည်။ မြစ်ရေတိုက်စားမှုကြောင့် ရွှေ့ပြောင်းကြရသည့်ကျေးရွာများ၌ အကူအညီများစွာ လိုအပ်လျက်ရှိပြီး မြို့နယ်အဆင့်တာဝန်ရှိသူများမှလည်း လိုအပ်သည်များကူညီဆောင်ရွက်နိုင်ရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **ကိုလွင်(ဆွာ)**

# စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**တောင်တွင်းကြီး စက်တင်ဘာ ၁၁**
တောင်တွင်းကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးစားသုံးသည့်အလေ့အထ ပြန့်ပွားစေရေး သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ စပါးခင်းများအတွင်း စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက တရုတ်ကောအုပ်စု ကွမ်းခြံစုကျေးရွာ ကွင်းအမှတ်(၂၀၁၁)တောင်သူ ၂၆ ဦးတို့၏ မိုးစပါးစံပြစိုက်ခင်း ဧက ၅၀အတွင်း စုပေါင်းငါးမျိုးစိုက်ထည့်ကြသည်။

ယင်းသို့ငါးမျိုးစိုက်ထည့်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ကိုကိုနှင့် ဒေသခံတောင်သူများက မိုးစပါးစံပြ စိုက်ခင်းများအတွင်း ငါးခုံးမကြီးကောင်ရေ ၂၅၀၀၀ အား စုပေါင်းစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**(၅၈၀)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၁- ၉ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ - အဖွင့်
- မိုးလေဝသအစီအစဉ်
- တေးဂီတအစီအစဉ်
၆း၁၅ - အနုပညာမှ ပရဟိတသို့ (အပိုင်း-၂)
၆း၃၅ - မြန်မာရုပ်ရှင် "အချစ်များနဲ့ ဖန်ဆင်းမယ်"
၉း၂၀ - Live: Premier League "Swansea Vs Chelsea"
၁၁း၁၅ - နိုင်ငံခြားရုပ်ရှင် "Guzaarish"

၁၂-၉-၂၀၁၆(တနင်္လာနေ့)
နံနက် (၀၀း၀၀) မှ (၀၃း၂၀) ထိကို အမှတ် စဉ် (၁) မှ(၃) ထိပြသပါသည်။
နံနက်ပိုင်း
၃း၂၀ MRTV Entertainment Music
၃း၃၅ ညှော်လမ်းညွန်လေးဖိုးခန့်
၃း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၄း၀၀ နိုင်ငံခြားရုပ်ရှင် "Guzaarish"
နံနက် (၀၆း၀၀)မှ (၁၂း၀၀) ထိကို အမှတ်စဉ် (၁) မှ(၃) ထိနှင့်(၆)မှ(၉)ထိ ပြသပါသည်။
နေ့လယ်(၁၂း၀၀) မှ (၀၄း၀၅)ထိကို အမှတ်စဉ်(၁) မှ(၃)ထိနှင့်(၆)မှ(၈)ထိ ပြသပါသည်။
ညနေပိုင်း
၄း၀၅ ဆံရစ်ဝိုင်းနဲ့မိန်းကလေးများ
၄း၃၀ ပြောင်းလဲတီထွင် ရိုးရာအဆင်(ဗမာ၊ မွန်၊ရခိုင်၊ရှမ်း)
၄း၄၅ ကာတွန်းအစီအစဉ် "Bionicle;Mask Of Light"
၆း၀၀ အစီအစဉ်ပြီး၏

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ Business News
၈း၃၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များလေ့လာနိုင်ရန်(အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ အဆင့် (၁၀-၁၅)နှစ်)(အမျိုးသား)
၈း၅၀ "မှောင်ခွင်း၍ အလင်းဆောင်အံ့"
၉း၃၅ ပြည်သူတို့ရဲ့စကားသံများ
၉း၅၀ ကဗျာရိပ်မြုံ "ကတုံးမ"
၁၀း၀၀ Sunday Talk
၁၀း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀ တစ်ပတ်အတွင်းထူးခြားသတင်း
၁၁း၁၅ ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၃၅ This Week's Special Interest
၁၂း၅၀ ဖြူ/မည်းရုပ်ရှင် "ဘယ်သူပြိုင်လို့လုပါတော့နိုင်" (ဇော်ဝမ်း၊အုံ့ကျော်၊တင်တင်ညို) (ဒါရိုက်တာ-ဦးသုခ)
၄း၁၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ)(အခြေခံပညာအဆင့် (၁၀-၁၅)နှစ်) (အမျိုးသား၊ အမျိုးသမီး)
၄း၃၅ "လူကုန်ကူးမှုဆိုင်ရာပညာပေး အစီအစဉ်" (ကျွန်ပြုခြင်း)
၅း၃၅ "အလည်တစ်ခေါက်ရောက်ခဲ့ပါ ပြီငါးမည်ရတဲ့အညာယဉ်ကျေးမှုမြို့ဆီ" (အပိုင်း-၂)
၆း၁၅ "KARAOKE World Championships(KWC) Myanmar 2016" (LEVEL-1) (Group-4)
၇း၁၅ "သူ" (အပိုင်း-၂၀) (ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
၈း၃၅ "ရှန်းကန်လှုပ်ရှားဘဝများ" ငှက်ခတ်သမားနှင့် ဘလိတ်ဓားပညာ)
၉း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ
-ဆယ့်နှစ်လရာသီအငြိမ့်သဘင် (တော်သလင်းလ) (မင်းသမီး-ဆောင်းဝတီ၊ လူရွှင်တော်-တိုင်းကျော်၊ တိုးကျော်၊ ပိုးလေး၊ ပြည်ကျော်၊ ဝိုင်းကျော်) (ဟားငါးကောင်အဖွဲ့) (ဒါရိုက်တာ-ဇာဂနာ)

## မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ခမ္မပူဇာတေး
၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၉း၁၀ World Wide Web
၉း၄၅ အမှတ်တရနေ့ရက်လေးများ
၁၀း၂၀ Guide For You
၁၀း၃၀ Cooking Art
၁၀း၄၅ မြန်မာသံစဉ်ချိုနားဝင်
၁၁း၁၅ Lucky Door
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသချေ်
(အပိုင်း-၉၅)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၃၅ ပျိုပျိုမေ
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဖေဖေကြီးကိုချစ်တယ်" (အပိုင်း-၅၂)
၅း၄၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မစ္စကိုရီးယား" (အပိုင်း-၄)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အကြင်နာမျက်ဝန်း" (အပိုင်း-၃)

## MRTV-4

၅း၀၀ ပဋ္ဌာန်းပါဠိတော် +ပရိတ်နိဒါန်း+ မင်္ဂလသုတ်
၅း၄၀ "ဗုဒ္ဓသမီးတော်များ၏ ရင်တွင်းစကားများ"(အပိုင်း-၉) (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ)
၇း၅၀ မြန်မာနိုင်ငံ၌ ပါဠိ၏အကျိုးပြုပုံ ပါဠိစာတမ်းဖတ်ပွဲ အခမ်းအနား
၉း၀၀ Weekly Sports Diary
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၀ Star တို့ရဲ့လက်ရာ
၃း၄၅ Healthy Life
၄း၄၀ ခေတ်သစ်ပျိုမေ
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၁)
၇း၁၀ Fashion Week
၇း၃၅ THE X-FACTOR MYANMAR
၉း၄၅ MUSIC LIVE Tonight
၁၀း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၂၉+၃၀)
၁၁း၅၀ MRTV-4 Stage
၄း၁၀ World of Knowledge (Megastructure China Smart Tower)

# အိန်ဂျလီနာဂျိုလီ ဂျော်ဒန်နိုင်ငံရှိ ဆီးရီးယားဒုက္ခသည်စခန်းမှ ကလေးငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

ဟောလိဝုဒ်၏ အကျော်အမော် မင်းသမီးတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးသံတမန်တစ်ဦးဖြစ်သူ အကယ်ဒမီဆုရှင် အိန်ဂျလီနာဂျိုလီသည် ဂျော်ဒန်နိုင်ငံ Azraq မြို့ရှိ ဆီးရီးယားဒုက္ခသည်စခန်းသို့ စက်တင်ဘာ ၉ ရက်က ရောက်ရှိလေ့လာခဲ့ပြီး အဆိုပါဒုက္ခသည်စခန်းမှ ကလေးငယ်များနှင့် ရင်းရင်းနှီးနှီး စကားပြောခဲ့ကြောင်း သိရသည်။



# သီချင်းသစ်ကို လက်နှိပ်စက်တစ်လုံးဖြင့် ခံစားရေးစပ်သီကုံးထားကြောင်း ဖွင့်ဟခဲ့သည့် လေဒီဂါဂါ



အမေရိကန်ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါက ၎င်း၏ အသစ်ထွက်ရှိလာမည့် အယ်လ်ဘမ်၏ Title သီချင်းဖြစ်သည့် Perfect Illusion တွင်ပါဝင်သည့် သီချင်းစာသားများကို မည်သို့မည်ပုံရေးစပ်ခဲ့ပုံကို Radio 1's Breakfast Show ရေဒီယိုအစီအစဉ်တွင် ပရိသတ်များအား မျှဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ Perfect Illusion သီချင်းရေးစပ်သီကုံးခြင်းတွင် Kevin Parker နှင့် Mark Ronson တို့၏ အကူအညီကိုလည်း ရယူခဲ့ကာ ဂန္ထဝင်လက်နှိပ်စက်တစ်လုံးဖြင့် ရေးသားခဲ့ခြင်းဖြစ်ကြောင်း လေဒီဂါဂါက ထုတ်ဖော်ပြောကြားခဲ့သည်။

"ကယ်လ်ဗင်က ဩစတြေးလျကနေ ဒီသီချင်းအတွက် ကျွန်မတို့ဆီရောက်လာတာပါ။ ဒီသီချင်းကို မရေးခင်ကတည်းက Illusion လို့ နာမည်ပေးထားတာ။ သံစဉ်ပိုင်းမှာလည်း ကျွန်မက စန္ဒရားတီးတယ်၊ ကယ်လ်ဗင်က ဂီတာနဲ့ မာ့ခ်က ဘော့စ်တီးပါတယ်"ဟု လေဒီဂါဂါက ဆိုသည်။

တေးသံရှင် လေဒီဂါဂါသည် သူ၏ ဂန္ထဝင် Underwood လက်နှိပ်စက်၏ ရုပ်ပုံများကို ကြိမ်ဖန်များစွာ အွန်လိုင်းပေါ်သို့လွှင့်တင်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင်သာ ယင်းလက်နှိပ်စက်သည် သူ၏ သီချင်းရေးစပ်သီကုံးရာတွင် အသုံးပြုသည့် ကိရိယာတစ်ခုဟု ဝန်ခံခဲ့ခြင်းလည်း ဖြစ်သည်။

အဆိုပါသီချင်းသည် သောကြာနေ့ နံနက်ပိုင်းက အွန်လိုင်းပေါ်မှ တစ်ကမ္ဘာလုံးသို့ ချက်ချင်းပျံ့နှံ့သွားခဲ့ခြင်းလည်းဖြစ်သည်။

လေဒီဂါဂါ၏ ယခုအသစ်ထွက်ရှိလာမည့် ပဉ္စမမြောက်စတူဒီယိုအယ်လ်ဘမ်သည် ၂၀၁၃ ခုနှစ်က ArtPop အယ်လ်ဘမ်၏နောက်ပိုင်းတွင် ပထမဆုံးခံစားရမည့် လေဒီဂါဂါ၏ တစ်ကိုယ်တော်ဂီတလက်ရာလည်း ဖြစ်သည်။

အနောက်တိုင်းဂီတလောက၏ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ လေဒီဂါဂါသည် သူ၏ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည့် တစ်ကိုယ်တော်အယ်လ်ဘမ်များ၏ရောင်းအားကြောင့် best-selling musicians of all time အဖြစ်



လေဒီဂါဂါနှင့်သူ၏ ဂန္ထဝင် Underwood လက်နှိပ်စက်

ယခုနှစ် နှစ်ဆန်းပိုင်းက ဂုဏ်ပြုခြင်းခံခဲ့ရပြီး ဂီတပိုင်းတွင်သာမက သရုပ်ဆောင်ပိုင်းတွင်လည်း ထူးချွန်သူတစ်ဦးဖြစ်သည့် လေဒီဂါဂါသည် ၂၀၁၅ နှစ်ကုန်ပိုင်းက ထုတ်လွှင့်ပြသခဲ့သည့် American Horror Story: Hotel အမည်ရှိ သည်းထိတ်ရင်ဖိုရုပ်သံဇာတ်လမ်းတွဲဖြင့် ရွှေကမ္ဘာလုံးဆုကို ရရှိဆွတ်ခူးခဲ့သူတစ်ဦးလည်း ဖြစ်သည်။

# ငှက်နိုဗ္ဗာန်ဘုံမှ စိတ်ဆိုးတတ်တဲ့ငှက်များအကြောင်း ခံစားရမယ့် Angry Bird အန်နီမေးရှင်းဇာတ်ကား



အမေရိကန်နှင့် ဖင်လန်ရုပ်ရှင်အတတ်ပညာရှင်များ ပူးပေါင်းဖန်တီးထားသည့် အန်းဂရီးဘတ် ဟာသအန်နီမေးရှင်းဇာတ်ကားကို ယခုလက်ရှိတွင် မြန်မာနိုင်ငံ၌ စတင်ရုံတင်ပြသလျက်ရှိသည်။

မေလအတွင်းက ထွက်ရှိခဲ့သည့် ယင်းဇာတ်ကား၏ အန်နီမေးရှင်းပြုလုပ်ချက်များကို Sony Pictures Imageworks ကဖန်တီးထားခြင်းဖြစ်ပြီး ရုံဝင်ငွေ အမေရိကန် ဒေါ်လာ ၃၄၇ သန်းကျော် ရရှိခဲ့သည့် အန်နီမေးရှင်းဟာသဇာတ်ကားဖြစ်သည်။

မကြာမီအချိန်ကာလက လူငယ်ဂိမ်းကစားသူများအကြား ရေပန်းစားခဲ့သည့် အဆိုပါအန်းဂရီးဘတ်ဂိမ်းကို အခြေခံထားသည့် ယင်းဇာတ်ကားတွင် အန်းဂရီးဘတ်ငှက်များသည် အဘယ့်ကြောင့် အမြဲတမ်းစိတ်ဆိုးနေသည့် ငှက်များဖြစ်နေရသလဲဆိုသည်ကို သိကြရမှာဖြစ်သည်။

အဆိုပါငှက်များသည် သာသာယာယာသာ နေတတ်ကြပြီး အဝေးပျံသန်းခြင်းမရှိကြပေ။ အဆိုပါ ငှက်နိဗ္ဗာန်ဘုံတွင် စိတ်ကြီးလွန်းအားကြီးသည့် Red, Speedy huck , Volatile Bomb ငှက်များသည် အခြားငှက်အများစု၏ ဖယ်ကျဉ်ခြင်းကို ခံထားရသည်။

ယင်းငှက်နိဗ္ဗာန်ဘုံသို့ အစိမ်းရောင်ဝက်များရောက်ရှိလာသောအခါ ငှက်လောကမှ ဖယ်ကျဉ်ခံထားရသည့် ငှက်များအတွက်စူးစမ်းစရာဖြစ်လာခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ပျော်ရွှင်စရာအဖြစ်အပျက်တွေ ကြုံတွေ့ရပုံကို ဟာသဆန်ဆန်ရိုက်ကူးထားသော အန်နီမေးရှင်းဇာတ်ကားတစ်ကား ဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

# မန်ယူနှင့် ပီအက်စ်ဂျီအသင်းများသို့ ပြောင်းရွှေ့ရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ရောက်ရှိခဲ့သည့်နေမာ




တိုက်စစ်မှူးနေမာသည် ယခုနှစ်နွေဈေးကွက်အတွင်း ဘာစီလိုနာအသင်းနှင့် သက်တမ်းတိုးစာချုပ် မချုပ်ဆိုနိုင်မီ ပီအက်စ်ဂျီ(သို့မဟုတ်)မန်ယူအသင်းသို့ ရောက်ရှိရန် အနီးစပ်ဆုံး အနေအထားတစ်ရပ် ရောက်ရှိခဲ့သေးကြောင်းနေမာ၏ ကိုယ်စားလှယ် ရီဘီရိုက အီးအက်စ်ပီအင်န် သတင်းဌာနသို့ ပြောကြားခဲ့သည်။ နေမာကိုချိတ်ဆက်နေသည့် ကလပ်အသင်းအများအပြားရှိသော်လည်း ပီအက်စ်ဂျီ၊ မန်ယူတို့မှ မြင့်မားသည့်လစာနှုန်းထားဖြင့် ကမ်းလှမ်းခဲ့သည့်အတွက် အသင်းပြောင်းရန် နီးစပ်ခဲ့ခြင်းဖြစ်သည်။

နေမာမှာ ပီအက်စ်ဂျီအသင်း၏ ကာလကြာရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး အခွန်ဆောင်ပြီး အသားတင် တစ်နှစ်လုပ်ခယူရို သန်း ၄၀ ဖြင့် ကမ်းလှမ်းခဲ့မှုက နေမာအား အမှန်တကယ် ဆွဲဆောင်နိုင်ခဲ့သည့် အကြောင်းရင်းဖြစ်ခဲ့ကြောင်း ရီဘီရိုက ဝန်ခံခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် နေမာအတွက် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၉၀အထိ ပေးချေရန် အဆင်သင့်ဖြစ်နေခဲ့ပြီး မန်ယူ အသင်းကလည်း အလားတူ ပမာဏအသုံးပြုရန် အသင့်ရှိနေခဲ့ကြောင်း သိရသည်။

သို့သော် နေမာသည် ဘာစီလိုနာအသင်း၌သာ ဆက်လက်ကစားရန်ဆန္ဒရှိခဲ့ပြီး ၂၀၂၁ ခုနှစ်အထိ သက်တမ်းရှိမည့် သုံးနှစ်သက်တမ်းတိုး စာချုပ်ကိုချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ နေမာနှင့် ဘာစီလိုနာတို့ ကနဦးချုပ်ဆိုထားသည့် စာချုပ်အရ နေမာအားခေါ်ယူလိုလျှင် ယူရိုသန်း ၂၀၀ ပေးချေရမည်ဟု ပါရှိခဲ့သော်လည်း စာချုပ်သစ်တွင် ယူရိုသန်း ၂၅၀ အထိ တန်ဖိုးတိုးမြှင့် သတ်မှတ်ထားသည်ကိုတွေ့ရသည်။

အမည်မဖော်လိုသူ ပီအက်စ်ဂျီအသင်းတာဝန်ရှိသူတစ်ဦးက နေမာ၏ ကိုယ်စားလှယ် ပြောကြားချက်များမှာ မှန်ကန်မှုမရှိကြောင်း ငြင်းဆိုခဲ့ပြီး ထိပ်တန်းအရည်အသွေးရှိ ကစားသမားတစ်ဦး၏ လုပ်အားနှုန်းအတွက် တစ်နှစ်လုပ်ခ ယူရိုသန်း ၆၀ အထက်ပေးချေရမည်ကို ကလပ်အသင်းဘက်မှ ကောင်းကောင်းသဘောပေါက်ကြောင်း တုံ့ပြန်ခဲ့သည်။

❖

# ဥရောပထိပ်တန်းအသင်းများ၏ စိတ်ဝင်စားမှုခံခဲ့ရသော်လည်း စပါးအသင်းနှင့်သာ အဲရစ်ဆင် စာချုပ်သစ်ချုပ်ဆိုခဲ့

စပါးအသင်း ကွင်းလယ်ကစားသမားအဲရစ်ဆင်သည် ဥရောပ၏ ထိပ်တန်းကလပ် အသင်းအတော်များများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရသော်လည်း စပါးအသင်းကသာလျှင် ၎င်းအတွက် ပြီးပြည့်စုံသည့်အသင်းဖြစ်သည်ဟု ယုံကြည်ထားခဲ့ခြင်းကြောင့် စပါးအသင်းနှင့်သာ စာချုပ်သစ်ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် တစ်နှစ်ကျော်ကြာဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် တစ်ပတ်လုပ်ခလစာပေါင် ၇၅၀၀၀ ဖြင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ကွင်းလယ်ကစားသမား အဲရစ်ဆင်သည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်း၊ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်း၊ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်ပရီမီယာလိဂ်ကလပ် မန်ယူအသင်းတို့၏ စိတ်ဝင်စားမှုကိုခံခဲ့ရသူဖြစ်ပြီး နောက်ဆုံးတွင် ကမ်းလှမ်းလာသည့်အသင်းများကို ငြင်းဆိုကာ စပါးအသင်းနှင့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်း ဖြစ်သည်။



"အဲရစ်ဆင်ဟာ ကစားသမားအဖြစ်နဲ့ရော သာမန်လူတစ်ဦးအဖြစ်နဲ့ပါ စပါးအသင်းမှာ ပျော်ရွှင်မှုရရှိနေတာပါ။ အခြားကလပ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တာတောင် လွန်ခဲ့တဲ့သုံးနှစ်ကတည်းက စပါးအသင်းကို ပြောင်းရွှေ့ကစားဖို့ ဆန္ဒရှိခဲ့တာပါ။ သူ့ကိုစိတ်ဝင်စားတဲ့အသင်းတွေထဲက ပီအက်စ်ဂျီအသင်းအနေနဲ့ ချန်ပီယံလိဂ်ကစားခွင့်ရဖို့ အာမခံချက်ပေးခဲ့တာတောင် စပါးအသင်းကို ယုံကြည်မှုရှိလို့ စပါးအသင်းကိုပဲ ရွေးချယ်ခဲ့တာဖြစ်တယ်"ဟု အဲရစ်ဆင်၏ ကိုယ်စားလှယ်ဖြစ်သူ မာတင်ချူက ပြောကြားခဲ့သည်။

အဲရစ်ဆင်၏ ခြေစွမ်းသည် ရာသီအစပိုင်းတွင် အနည်းငယ်အထနှေးတတ်သော်လည်း ပုံမှန်ဂိုးသွင်းခြေနှင့် ဂိုးဖန်တီးပေးနိုင်မှုများကြောင့် အေဂျက်အသင်းမှ ပြောင်းရွှေ့လာခဲ့သည့် ၂၀၁၃ ခုနှစ်ကတည်း စပါးအသင်းအတွက် အဓိကကစားသမားအဖြစ် ပါဝင်ပွဲထွက်ခွင့်ရရှိခဲ့သည့် ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်သည်။ စပါးအသင်းနည်းပြ ပိုချက်တီနိုကလည်း မိမိ၏ အနာဂတ်အတွက် အဲရစ်ဆင်၏ စွမ်းဆောင်ရည်က အကျိုးသက်ရောက်မှုရှိစေလိမ့်မည်ဟု အဲရစ်ဆင်၏ ခြေစွမ်းကိုယုံကြည်မှုနှင့်ပတ်သက်၍ ဝန်ခံပြောကြားခဲ့သည်။ **(ငွေကြယ်)**

| စက်တင်ဘာ ၁၁/၁၂ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များ | | |
|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၃** | | |
| ဆွမ်းဆီး | ချယ်လ်ဆီး | ည-၉း၃၀ |
| **လာလီဂါ ပွဲစဉ် - ၂** | | |
| စပို့တင်းဂီဂွန် | လီဂါနက်စ် | ညနေ-၄း၃၀ |
| ဗလင်စီယာ | ဘက်တစ် | ည-၈း၃၀ |
| ဂရန်နာဒါ | အီဘာ | ည-၁၀း၄၅ |
| ဒီပို့တီဗို | ဘီဘာအို | နံနက်-၁း၀၀ |
| **စီးရီးအေ ပွဲစဉ် - ၂** | | |
| အတ္တလန္တာ | တိုရီနို | ည-၇း၃၀ |
| ချီယေဗို | လာဇီယို | ည-၇း၃၀ |
| ဂျီနိုအာ | ဖီအိုရင်တီးနား | ည-၇း၃၀ |
| အေစီမီလန် | အူဒီးနိစ် | ည-၇း၃၀ |
| ရိုးမား | ဆမ်ဒိုးရီးယား | ည-၇း၃၀ |

| စက်တင်ဘာ ၁၁ ရက်နေ့ အနိုင်/အရှုံးရလဒ်များ | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ် ပွဲစဉ် - ၃** | | | | |
| မန်ယူ | ၁ | - | ၂ | မန်စီးတီး |
| ဘုန်းမောက် | ၁ | - | ၀ | ဝက်စ်ဘရွန်း |
| အာဆင်နယ် | ၂ | - | ၁ | ဆောက်သမ်တန် |
| ဘန်လေ | ၁ | - | ၁ | ဟားလ်စီးတီး |
| မစ်ဒယ်ဘရော့ | ၁ | - | ၂ | ခရစ္စတယ်ပဲလေ့စ် |
| စတုတ် | ၀ | - | ၄ | စပါး |
| ဝက်စ်ဟမ်း | ၂ | - | ၄ | ဝက်ဖို့ဒ် |
| **လာလီဂါ ပွဲစဉ် - ၂** | | | | |
| ဆိုစီဒက် | ၁ | - | ၁ | အက်စ်ပန်ညို |
| ဆယ်လ်တာဗီဂို | ၀ | - | ၄ | အက်သလက် |
| ရီးယဲလ်မက်ဒရစ် | ၅ | - | ၂ | အိုဆာဆူနာ |

**မောင်မောင်ဇော်**

# အီဗရာဟီမိုဗစ်ချ်ကို ကျွန်တော် လေးစားပါတယ်

မန်စီးတီးနည်းပြ ဂွါဒီယိုလာနှင့် မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်တို့နှစ်ဦးမှာ ဘာစီလိုနာအသင်းတွင် ဆက်ဆံရေးအဆင်မပြေခဲ့ကြသော်လည်း အီဗရာဟီမိုဗစ်ချ်ကို အပြည့်အဝလေးစားမှုရှိကြောင်း ဂွါဒီယိုလာက ဆိုလိုက်သည်။ အီဗရာဟီမိုဗစ်ချ်မှာ ကစားခဲ့သည့် အသင်းတိုင်းတွင် ခြေစွမ်းပြကာ အောင်မြင်မှုရယူနိုင်လေ့ရှိသူဖြစ်သော်လည်း ဂွါဒီယိုလာလက်အောက် ဘာစီလိုနာအသင်းတွင် ခြေစွမ်းပိုင်းရုန်းကန်ခဲ့ရပြီးနောက် အေစီမီလန်အသင်းသို့ အငှားချခံခဲ့ရသည်။ ဂွါဒီယိုလာမှာ အီဗရာဟီမိုဗစ်ချ်အား အရန်ခုံတွင်ထိုင်ခိုင်းကာ မက်ဆီကို ဗဟိုတိုက်စစ်တွင်ထားကစားစေသည့်အတွက် အီဗရာဟီမိုဗစ်ချ်၏ အမျက်ထွက်ခံရခြင်း ဖြစ်သည်။

အီဗရာဟီမိုဗစ်ချ်က ဂွါဒီယိုလာအား "ကျောရိုးမဲ့ သူရဲဘောကြောင်သူ" "လူသားမဟုတ်သူ"ဟု အမျိုးမျိုးအမည်တပ်ပြီး ဝေဖန်ခဲ့သော်လည်း လက်ရှိမန်ယူနည်းပြ မော်ရင်ဟိုကိုမူ "ဦးနှောက်အလွန်ကောင်းသူ" တစ်ယောက်အဖြစ်ချီးကျူးခဲ့ပြီး သူ့ဘဝတစ်သက်တာ နောင်တအရဆုံးဖြစ်ရပ်မှာ မော်ရင်ဟိုနှင့် ကာလကြာရှည် လက်မတွဲခဲ့ရခြင်းဖြစ်ကြောင်းဆိုခဲ့သည်။

သို့သော် ဂွါဒီယိုလာက အီဗရာဟီမိုဗစ်ချ်မှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်သည့်အတွက် ရောက်သည့်အသင်းတိုင်းတွင် လျှင်လျှင်မြန်မြန် အသားကျကာ ခြေစွမ်းပြနိုင်ခြင်းဖြစ်ကာ အီဗရာဟီမိုချ်၏ စွမ်းဆောင်ရည်အပေါ် လေးစားမှုအပြည့်ရှိကြောင်း ပြောကြားလိုက်သည်။ **မေလဲ့သင်း-ရေးသားသည်**

# ဒေးဗစ်လုဇ်မှာ အလွန်ကောင်းသည့် နောက်ခံလူဖြစ်ဟု ကွန်တီယုံကြည်



နောက်ခံလူ ဒေးဗစ်လုဇ်မှာ ဂျူဗင်တပ်အသင်း၏ ဘိုနူချီနှင့် ဘာဇာဂလီတို့ကဲ့သို့ပင် အလွန်ကောင်းမွန်သည့် ခံစစ်ကစားသမားဖြစ်ကြောင်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီက ချီးကျူးစကားဆိုခဲ့သည်။ ဒေးဗစ်လုဇ်ကို အပြောင်းအရွှေ့နောက်ဆုံးပိတ်ရက်တွင် ပေါင် ၃၂ သန်းဖြင့် ပီအက်စ်ဂျီအသင်းမှ ပြန်လည်ခေါ်ယူခဲ့ပြီးနောက် ဆွမ်ဆီးနှင့် ကစားသည့်ပွဲတွင် ချယ်လ်ဆီးအတွက် ပွဲဦးထွက် ဝင်ရောက်ကစားခဲ့သည်။ ဒေးဗစ်လုဇ်၏ လတ်တလော အနေအထားအပေါ် ဝေဖန်မှုများ ရှိနေခဲ့သော်လည်း ကွန်တီကမူ ဘိုနူချီနှင့် ဘာဇာဂလီတို့ကဲ့သို့ တူညီသော စွမ်းဆောင်ရည်ရှိသူ ဖြစ်ကြောင်း ယုံကြည်ထားသည်။

ကွန်တီက မားကို့စ်အလွန်ဆိုမှာ ချယ်လ်ဆီးခံစစ်ကြောင်း ပိုမိုတောင့်တင်းစေရန် သေချာပေါက် ထောက်ကူနိုင်သူဖြစ်သလို ဒေးဗစ်လုဇ် ရောက်ရှိလာခြင်းကလည်း ချယ်လ်ဆီးအသင်းအတွက် အလွန်ကောင်းမွန်သည့် ခေါ်ယူမှုဖြစ်ကြောင်း ဆိုသည်။ ချယ်လ်ဆီးအသင်း နောက်တန်းခံစစ်တွင် အိုင်ဗန်နိုဗစ်ချ်နှင့် ဂွန်တယ်ရီတို့မှာ အသက်အရွယ်ကြီးရင့်နေပြီး ဂယ်ရီကာဟေးလ်မှာလည်း ခြေစွမ်းမှန်သူ တစ်ဦးမဟုတ်ရာ ပွဲကြပ်ကာလတွင် သေချာပေါက် အခက်တွေ့နိုင်သဖြင့် ဒေးဗစ်လုဇ်နှင့် မားကို့စ်အလွန်ဆိုတို့ကို အပြောင်းအရွှေ့နောက်ဆုံးရက်တွင် ထပ်မံခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကွန်နီ စိတ်ကြိုက်နည်းစနစ်အရ နောက်တန်းခံစစ်ကြောင်းကို ဒေါင်ဒေါင်မြည် ကစားသမားသုံးဦးဖြင့် ပြင်ဆင်တတ်ရာ ဒေးဗစ်လုဇ်နှင့် အလွန်ဆိုတို့နှစ်ဦး ထပ်မံခေါ်ယူရုံမျှဖြင့် မလုံလောက်နိုင်ဟူသော ဝေဖန်ချက်များလည်း ထွက်ပေါ်နေသည်။

# ဂျက်ဝီရှိုင်းယားမှာ အာဆင်နယ်၏အသင်းခေါင်းဆောင်ဟု ဝင်းဂါးဆို



အာဆင်နယ် နည်းပြ ဝင်းဂါးက အာဆင်နယ်နှင့် ကွင်းလယ်လူ ဂျက်ဝီရှိုင်းယားတို့ စာချုပ် သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် ဆွေးနွေးနေသည့် သတင်းများကို အတည်ပြုခဲ့ပြီး ဝီရှိုင်းယားမှာ အာဆင်နယ်အသင်းခေါင်းဆောင်တစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း ပြောကြားလိုက်သည်။ ဂျက်ဝီ ရှိုင်းယားမှာ အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် အာမခံချက်မရရှိသောကြောင့် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် အာဆင်နယ်မှ ဘုန်းမောက်အသင်းသို့ ကာလရှည်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။

ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်ခဲ့သည့် အင်္ဂလန်အသင်းလူစာရင်းတွင် ချန်လှပ်ခံခဲ့ရပြီးနောက် ၎င်းမှာ ထိပ်တန်းအဆင့်တစ်ရပ်တွင် ဆက်လက်ရှိနေဆဲဖြစ်ကြောင်း သက်သေပြရန် ပုံမှန်ပွဲထွက်ခွင့်ရနိုင်မည့် အသင်းတစ်ခုသို့ ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

ဝင်းဂါးက "သူ ( ဝီရှိုင်းယား)ဟာ အခုထိ အာဆင်နယ်ကစားသမားအဖြစ်ရှိနေဆဲပါပဲ။ သူ ဒီနေရာမှာ အသင်းခေါင်းဆောင် ဖြစ်နိုင်ပါတယ်။ သူနဲ့ စာချုပ်သက်တမ်းတိုးဖို့ လုပ်နေတယ်ဆိုတာ မှန်ပါတယ်။ ဒီဇင်ဘာလောက်ကျရင် စာချုပ်သစ်ချုပ်ဆိုနိုင်ပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

ဝီရှိုင်းယားမှာ ပြီးခဲ့သည့်တစ်နှစ်ပတ်လုံး ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်နေခဲ့ရပြီး ပြန်လည်ကစားနိုင်သည့် အချိန်တွင်လည်း ဇာကာ၊ ကာဇိုလာနှင့် ရမ်ဆေးတို့မှာ ဝင်းဂါး၏ ပထမပွဲထွက်လူစာရင်းတွင် နေရာယူထားကြပြီးဖြစ်သည်။ ဝီရှိုင်းယားမှာ ကမ္ဘာ့အဆင့်ရှိ ကစားသမားဖြစ်သော်လည်း ကြံ့ခိုင်မှုအနေအထား မပြည့်စုံသေးခြင်းက ပြဿနာတစ်ရပ်ဖြစ်နေသေးပြီး ပုံမှန်ကစားခွင့်မရသည့် ကစားသမားတစ်ဦး၏ ခံစားချက်ကို မိမိအပြည့်အဝ နားလည်နိုင်ကြောင်း ဝင်းဂါးက ပြောကြားခဲ့သည်။

# မိုးစပါးစိုက်ခင်းများအတွင်း စပါးဖျက်ပိုးကျရောက်ခြင်းကြောင့် တောင်သူများ အခက်တွေ့



**ဒလ စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သရောတန်းကျေးရွာ ကွင်းအမှတ် ၁၀၀၊ ၁၀၁နှင့် ၁၀၂ အတွင်းရှိ လယ်မြေဧကများ၌ မိုးစပါးစိုက်ခင်းများတွင် စပါးဖျက်ပိုး(ဖြုတ်ပိုး)များ ကျရောက်နေခြင်းတို့ကြောင့် မိုးရာသီအတွင်း မိုးစပါးစိုက်ပျိုးမှုများ မအောင်မြင်ဘဲ ဘိုးစဉ်ဘောင်ဆက် လယ်ယာမြေကို မှီခိုလုပ်ကိုင်စားသောက်နေကြသော တောင်သူများသည် မိမိတို့၏ လယ်ယာမြေများအတွင်း ပိုးမွှားအန္တရာယ် ကြုံတွေ့နေကြသောကြောင့် နည်းပညာလိုအပ်မှု အခက်တွေ့နေကြသည်။

ယခုနှစ်မိုးရာသီစပါးစိုက်ပျိုးမှုတွင် လယ်ယာမြေများတွင် ဖြုတ်ပိုးကျရောက်နေခြင်းတို့ကြောင့် စပါးစိုက်ခင်းများ ပျက်စီးဆုံးရှုံးလျက်ရှိသော လယ်မြေ ဧက ၂၀ ရှိလယ်သမားကြီး ဦးစံရင်က "အဘတို့ လယ်ထွန်စပါးစိုက်ပျိုးလာတာ အနှစ် ၃၀ ရှိပြီ။ ဝါဆိုလဆန်းက စစိုက်တယ်။ ဝါခေါင်လအတွင်းမှာ စပါးပင်တွေနွမ်း၊ အပင်တွေကျိုး၊ အဝါရောင်သန်းနေတာမျိုး ဟိုးအရင်ကမတွေ့ဖူးဘူး။ ရာသီဥတုမကောင်းတာလားမသိဘူး။ ပိုးသတ်ဆေးပက်ဖျန်းတာပဲ နှစ်ကြိမ်ရှိပြီ၊ ပိုဆိုးလာတယ်။ ဒီလယ်ကနေ တစ်ဖက်လယ်ကို ကူးစက်ပြီးဖြစ်နေတာ အချိန်မီမတားနိုင်ရင်တော့ အဘတို့ ဒီနှစ် စပါးအထွက်နှုန်းနည်းမှာ စိုးရိမ်တယ်" ဟုပြောသည်။

လယ်ယာမြေများအတွင်း စပါးဖျက်ပိုးများကျရောက်နေခြင်းတို့ကြောင့် အခက်တွေ့နေသော လယ်မြေ ၁၉ ဧကရှိ လယ်သမားကြီး ဦးအောင်ကိုလတ်နှင့် လယ်မြေ ကိုးဧကရှိ ဦးမြင့်ဦးတို့က "စပါးစိုက်ခင်းထဲ ရေလည်းမကြီးဖူး၊ ဘာပိုးကျမှန်းမသိဖြစ်နေတာ။ စပါးစိုက်ခင်းအားလုံးနီးပါး ပိုးကျတာတော့ မရှိသေးဘူး။ ဒါပေမယ့် ဒီဘက်လယ်ကနေ တစ်ဖက်လယ်ထဲကူးနေတာ ပိုဆိုးတာပေါ့။ ပိုးသတ်ဆေးပက်ဖျန်းတာ နှစ်ကြိမ်ရှိပြီ။ ငွေကျပ် ၅၀၀၀၀ ကျော်ကုန်သွားတယ်။ ဘယ်လိုမှမနေဘူး။ အဲ့ဒါကြောင့် ဒီပိုးကို ဘယ်လိုကာကွယ်နှိမ်နင်းရင် ထိရောက်မလဲဆိုတာ တာဝန်ရှိသူများအနေနဲ့ လာရောက်ကွင်းဆင်း ကြည့်ရှုစေပြီး အကြံဉာဏ်များရယူလိုပါတယ်။ ဘယ်လို ပိုးသတ်ဆေးမျိုးကို ပက်ဖျန်းသင့်လဲဆိုတာ နည်းပညာတွေ ရယူလိုပါတယ်" ဟု ပြောသည်။

အဆိုပါ သရောတန်းကျေးရွာအတွင်းတွင် အိမ်ခြေ ၁၀၀ ခန့်နှင့် ကွင်းထဲတွင်နေထိုင်ကြသူ အိမ်ခြေ ၂၀ ခန့်ရှိပြီး လယ်မြေ ဧက ၂၉၆၀ ကျော်ရှိပြီး လယ်သမားပေါင်း ၂၀၀ ကျော်ရှိကြောင်း၊ ဆန်စပါးစိုက်ပျိုး၍ နှစ်စဉ်လယ်ယာမြေလုပ်ကိုင်နေကြသော တောင်သူဦးကြီးများစွာ နေထိုင်ကြောင်း သရောတန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းစိုး၏ ပြောကြားချက်အရ သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

---

# (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၀**

၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်စကားပြောကြားသည်။ မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းက နေပြည်တော်တွင်ကျင်းပမည့် ပြိုင်ပွဲအကြောင်းနှင့် ယခုကျင်းပမည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ယခင်နှစ်က သွားရောက်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံနှင့် ဆုများရရှိခဲ့သည့်အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်အမှုဆောင်အရာရှိ ဦးအေးကိုက အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကိုလည်းကောင်း၊ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းစိုးက ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကိုလည်းကောင်း၊ တောင်ကြီးခရိုင် ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးဦးအုန်းကျော်သန်းက အကဲဖြတ်ဒိုင်လုပ်ငန်းများနှင့် ဒိုင်အဖွဲ့များအကြောင်းကိုလည်းကောင်း၊ ရှမ်းပြည်နယ် ရသုံးမှန်ခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်နိုင်ဝင်းက မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးအတွက်သုံးစွဲမည့် ဘဏ္ဍာရေးအသုံးစရိတ်များကို အချိန်မီပေးပို့ရေးဆွဲပေးရန်လည်းကောင်း၊ ရှမ်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်တာက မိမိတို့သွားလာရာတွင် အဆင်ပြေစေရန်အတွက် မိမိဌာနနှင့် ပြည်သူလူထုများ သွားလာရာအဆင်ပြေစေချောမွေ့စေရန်ဆောင်ရွက်ပေးရမည့် မော်တော်ယာဉ်များကို အချိန်မီတင်ပြပေးနိုင်ရန်လည်းကောင်း၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးညွန့်ဆွေက သတင်းမှတ်တမ်းနှင့် ဖိတ်စာများပြုလုပ်ပေးရေးကိုလည်းကောင်း တက်ရောက်လာကြသောပုဂ္ဂိုလ်များက အသီးသီးရှင်းလင်းတင်ပြခဲ့ကြသည်။

တက်ရောက်လာသောပုဂ္ဂိုလ်များက အထွေထွေ ဆွေးနွေးခဲ့ကြပြီး ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က "မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝါသနာရှင်များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားကြရန်နှင့် စည်းစည်းကားကားကျင်းပနိုင်အောင် ကူညီဆောင်ရွက်ပေးကြပါ" ဟု နိဂုံးချုပ်စကား ပြောကြားခဲ့သည်။

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရှမ်းပြည်နယ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အနုပညာရှင်များနှင့် ဒိုင်အဖွဲ့ချုပ်များ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

---

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**ကရသူရီ စက်တင်ဘာ ၁၀**

ကရသူရီမြို့ ကရသူရီ-ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီးရှိ လမ်းအကွေ့၊ လမ်းအကောက်များအား လမ်းအဖြောင့်ဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်သည့် လုပ်ငန်းဆောင်ရွက်ခြင်းကို ဩဂုတ်လနောက်ဆုံးအပတ်မှစတင်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ခြင်းကို မြို့နယ်ဆောက်လုပ်ရေးဌာန တာဝန်ရှိသူက လုပ်ငန်းများ အချိန်မီပြီးမြောက်ရေးအတွက် လတ်တလောအနေဖြင့် လမ်းဘေးရှိ ချုံနွယ်၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ မှတ်တိုင်များသတ်မှတ်ခြင်းနှင့် လုပ်ငန်းအတွက်လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကရသူရီ(ပြန်/ဆက်)**

---

# ဝသန်ရုပ်ရှင်ပွဲတော်တွင် အရှေ့တောင်အာရှမှ ရုပ်ရှင်များပါဝင်ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၁၀**

ဝသန်ရုပ်ရှင်ပွဲတော်ကို ၂၀၁၁ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုနှစ် (၆) ကြိမ်မြောက်တွင် အရှေ့တောင်အာရှမှရုပ်ရှင်များ ပါဝင်ယှဉ်ပြိုင်မည်ဟု ရုပ်ရှင်ပွဲတော်ဒါရိုက်တာ ဒေါ်သူသူရှိန်က စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲက ဝဇီရာရုပ်ရှင်ရုံ၌ကျင်းပသော (၆) ကြိမ်မြောက် ဝသန်ရုပ်ရှင်ပွဲတော်တွင် ပြောကြားခဲ့သည်။

"ကျွန်မတို့ရဲ့ ဒီရုပ်ရှင်ပွဲတော်မှာ ရုပ်ရှင်နဲ့ပတ်သက်တဲ့ အနုပညာတွေဖလှယ်ဖို့အတွက် နေရာလေးတစ်ခုရဖို့ ဖန်တီးခဲ့ကြပါတယ်။ ဖန်တီးတဲ့ရည်ရွယ်ချက်အတိုင်း အောင်မြင်ခဲ့တယ်ဆိုတာ ဒီ (၆) နှစ်တာကာလက သက်သေပြနေပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကအထိတော့ ပြည်တွင်းမှာရှိတဲ့ မှတ်တမ်းရုပ်ရှင်တွေ၊ ဇာတ်လမ်းတိုရုပ်ရှင်တွေကိုပဲ ပြိုင်ပွဲဝင်ကဏ္ဍအနေနဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်မှာတော့ ပထမဦးဆုံးအဖြစ် အရှေ့တောင်အာရှရုပ်ရှင်တွေလည်း ပြိုင်ပွဲကဏ္ဍအနေနဲ့ ပါဝင်ယှဉ်ပြိုင်ဖို့ တိုးမြှင့်ထားပါတယ်။ မြန်မာ၊ ဖိလစ်ပိုင်နဲ့ ထိုင်းကရုပ်ရှင်တွေ ပါဝင်ယှဉ်ပြိုင်ပါမယ်" ဟု ၎င်းကပြောကြားသည်။

ပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အကဲဖြတ်ဒိုင်လူကြီးများအဖြစ် Koyo Yamashita(Festival Director of Image Forum, Japan), Sanchai Chotirosseranee (Thai Film Archive) ကိုခင်အောင်အေး (Poet, Myanmar)၊ ဦးမြင့်သိန်းဖေ (Visiting Professor, Dept, of Cinema and Drama, National University of Art and Culture)၊ ကိုထိန်လင်း (Artist, Myanmar)၊ Hans Kohl (Germany) တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ **မို့မို့**

---



# မိုင်းပျဉ်းမြို့နယ်တွင် ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

**မိုင်းပျဉ်း စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်း အကုန်အကျခံကာ ယမ်းမိုင်-ပိန်းမုံ ကျေးရွာချင်းဆက်မြေသားလမ်းအား ဖောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်မြေသားလမ်းသည် အကျယ်ပေ ၂၀၊ အရှည် (၃/၀) မိုင် ဖြစ်ပြီး တင်ဒါအောင်မြင်သည့် မိုင်းဆတ်ငွေစင်ကြယ်ကုမ္ပဏီမှ ဩဂုတ် ၃၁ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စက်တင်ဘာ ၇ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်း ဖောက်လုပ်ပြီးစီးပါက မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ကျေးရွာအုပ်စုနှင့် ယမ်းခမ်းကျေးရွာအုပ်စုရှိ ကျေးရွာ ၂၀၊ အိမ်ခြေ ၄၂၆ အိမ်၊ လူဦးရေ ၂၂၉၄ ဦး အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇေမြင့်(ပြန်/ဆက်)**





# ဒဿနအသိ ကျင့်ဝတ်ရှိ လူ၏ ဂုဏ်သိက္ခာ

ကိုရင်ညြ
koyinau.mirrordaily@gmail.com



လာအိုနိုင်ငံရှိ ကျေးလက်ဒေသတစ်နေရာ၌ Halo Trust အဖွဲ့က စစ်လက်ကျန်ဗုံးဟောင်းများကို ရှင်းလင်းဖယ်ရှားနေစဉ်။
ဓာတ်ပုံ- www. turner.com

လူ့ကျင့်ဝတ်သိက္ခာအရ ဆောင်ရွက်အပ်သည့် ကိစ္စရပ်တစ်ခုအဖြစ် လာအိုနိုင်ငံ၌ စစ်ပွဲလက်ကျန်ဗုံးများ ရှင်းလင်းရေး လုပ်ဆောင်နိုင်ရန် လာမည့်သုံးနှစ်တာကာလတွင် ဒေါ်လာသန်း ၉၀ အထိ ထောက်ပံ့ပေးမည်ဟု အမေရိကန် ပြည်ထောင်စု၏ ပြည်ကြီးအရှင် ဖြစ်တော်မူသော အိုဘားမားက ထုတ်ပြန်ကြေညာလိုက်သည်ဟု ကျွန်ုပ်ကြားသိရလေသောအခါ 'စိတ်ကောင်းလျှင်သကာ စိတ်မကောင်းလျှင် တမာ' ဟူသော မြန်မာမှု ဆိုရိုးစကားတစ်ခုကို ကွင်းကွင်းကွက်ကွက် ဘွားကနဲ သတိပြုမိလေ၏။

လာအိုပြည်သူပြည်သားများ အေးငြိမ်းချမ်းသာဘေးရန်ကွာစေဖို့ စစ်လက်ကျန်ဗုံးများကို ရှင်းလင်းဖယ်ရှားပေးရန် အထူးအရေးကြီး လှပြီး အတိတ်ကာလ ငြိုးသူရန်ဘက်ဖြစ်ခဲ့မှုကို ပြည်ဖုံးကားချကာ စိတ်သစ်လူသစ် အတွေးအမြင်သစ်ဖြင့် နှစ်ပြည်ထောင် ဆက်ဆံရေး ပြန်လည်မြှင့်တင်ရန် စိတ်သဘောဖြူ အားသစ်ယူလိုက်သူမှာကား အိုဘားမားဖြစ်၏ဟု ကျွန်ုပ်တွေးတောမိလေသည်။

ဤတွင်ရွှေ့ကား နိုင်ငံတကာ ဆက်ဆံရေးတွင် 'ထာဝရရန်သူမရှိ ထာဝရမိတ်ဆွေမရှိ' ဟူသော ဒဿနကို ကျွန်ုပ်ဆင်ခြင်မိလေသည်။

နှစ်ပြည်ထောင်အကြား ပြန်လည်သင့်မြတ်ရေး စိတ်ဓာတ်ကို လာအိုနိုင်ငံသို့ ကျွန်ုပ်ဆောင်ကြဉ်းယူလာခဲ့၏ဟူ၍ သမ္မတ အိုဘားမားက ဗီယင်ကျန်းမြို့၌ စက်တင်ဘာ ၆ ရက်က ပြောကြားခဲ့လေသည်။

ရာထူးအာဏာရှိနေဆဲ အမေရိကန် သမ္မတတစ်ဦး လာအိုနိုင်ငံသို့ လာရောက်သည်မှာကား ပထမဆုံးအကြိမ်ပေတည်း။

သမိုင်းသင်ခန်းစာကို ထုတ်ဆောင်ကာ ပိုင်းခြားဝေဖန်ကြည့်သော် လာအိုပြည်သူပြည်သားများ၏ ဒုက္ခရာကို ကုစားနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတွင် လူ့ကျင့်ဝတ်အရ ပြုမူဆောင်ရွက်သင့်သော ဝတ္တရားရှိသည်ဟု ကျွန်ုပ်နားလည်မိကြောင်းအိုဘားမားက ပြောကြားခဲ့လေသည်။

မိမိတို့ နှစ်နိုင်ငံသည် နှစ်မြွာအသည်းပမာ တူယှဉ်တွဲကာ ဆက်ဆံရေးမြဲမြံသင့်သည်ဟု အိုဘားမားက သူ၏ မွန်မြတ်သော ဆန္ဒကို လှစ်ဟခဲ့၏။

"အတိတ်အကြောင်းတွေ မည်သို့ပင်ရှိစေ၊ ကျောင်းတော်က ရန်စဘယ်လိုပဲရှိခဲ့ကြပါစေ စစ်ရဲ့ ဒုက္ခရာဒုက္ခချက်တွေက ကြောက်ခမန်းလိလိ နှိပ်စက်ကလူ ပြုတာတွေကို ပြည်သူတွေ အသိဆုံး ဖြစ်ပေတယ်" ဟု သမ္မတ အိုဘားမားက မချိသွားဖြဲ ပြောခဲ့လေသည်။

အိုဘားမား၏ နှုတ်ဖျားမှ တလျှဉ်လျှဉ်စီးကျလာသော နှုတ်မြွက်စကားများ၏ ဗျည်းပုလဲ သရစ္ဆဲများအတွင်းဝယ် အတွေးနယ်ချဲ့ စရာကား ကမ္ဘာအနှံ့ တွင်ရစ်ပါသော 'ဗီယက်နမ် စစ်ပွဲကြီး' ပါပေတည်း။

အုတ်အုတ်ကျက်ကျက် သောသောညံညံ သမိုင်းစာမျက်နှာများပေါ်တွင် ပေကျံရစ်သော အတိတ်၏ အရိပ်များကို ဗီယက်နမ်စစ်ပွဲကြီးက ယနေ့တိုင် လှန့်နေဆဲဖြစ်၏။ သမိုင်းကို လှပ်ကြည့်သော် စစ်၏ အနိဋ္ဌာရုံများက လှည်းနောက်မြီးနောက်ဘက်မှ ကပ်၍ လိုက်ပါလာသော ဖုန်လုံးကြီးများသဖွယ် မွန်းကျပ်ဖွယ်လည်း ကောင်းနေ၏။

လာအိုပြည်သူများကား ဗီယက်နမ်စစ်ပွဲကြီး၏ အနိဋ္ဌာရုံများကို တွေ့မြင်နေကြရဆဲဖြစ်ပြီး တွေးမိတိုင်းမျက်စိထဲ သဲပက်ခံရသလို နာကျင်ခံခက် ဖြစ်ရချေသေး၏။

**သတ္တန္တရကပ်**

လာအိုကို ချမ်းသာမပေး

အင်ဒိုချိုင်းနား ကျွန်းဆွယ်ပေါ်ရှိ ကုန်းပိတ်နိုင်ငံငယ်လေး လာအိုသည် နိုင်ငံအရွယ်အစားနှင့် မမျှလောက်အောင်ပင် သတ္တန္တရကပ်တည်းဟူသော စစ်ကြောင့်ဖြစ်ရသည့် ဘေးဥပဒ်များ ကျရောက်သော ကာလကိုကိုးနှစ်ကြာမျှ တွေ့ကြုံခံစားခဲ့ရပြီးလျှင် နိုင်ငံမှာ ပွစာတက်ခဲ့ရလေသည်။

ဗီယက်နမ်စစ်ပွဲကာလတွင် အိမ်နီးချင်း ဗီယက်နမ်ရှိ ကွန်မြူနစ်တပ်ဖွဲ့များအား ဖြတ်တောက်ရေး ဗျူဟာအရ အမေရိကန် တပ်ဖွဲ့များက သေးသေးကွေးကွေး နိုင်ငံငယ်လေးဖြစ်သော လာအိုနိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှုများကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့လေသည်။

အမေရိကန်၏ လူမသိ သူမသိ ဗုံးကြဲစစ်ဆင်ရေးမှာ ကြမ်းတမ်းလွန်းလှသည်၊ ရက်စက်လွန်းလှသည်၊ မီးသေ ရေနောက်ဖြစ်ခဲ့ ရသည်။

သတ္တန္တရကပ်မှ ချမ်းသာခွင့် မရခဲ့လေသော လာအိုနိုင်ငံငယ်လေးမှာ စစ်၏ အနိဋ္ဌာရုံများအောက်တွင် မီးခိုးမဆုံး မိုးမဆုံး ရှိနေခဲ့လေသည်။

ဗီယက်နမ်စစ်ပွဲသည်ကား စစ်အေးကာလအတွင်း ဖြစ်ပွားခဲ့သော စစ်ပွဲကြီးဖြစ်ပြီးလျှင် ၂၀ ရာစုခေတ်၏ သမိုင်းလမ်းကြောင်း ပေါ်တွင် ဒယီးဒယိုင် လျှောက်လှမ်းခဲ့ရသော နိုင်ငံတကာ စစ်ရေးပဋိပက္ခဟူ၍ ဆိုအံ့လောက်ပေသည်။

၁၉၅၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဗီယက်နမ်စစ်ပွဲ စတင်ခဲ့ပြီးလျှင် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် ဆိုင်ဂုံမြို့ကျဆုံးမှုနှင့်အတူ စစ်ကြီးပြီးဆုံးခဲ့၏။

အိမ်ကြက်ချင်း အိုးမဲသုတ် ခွပ်ခဲ့ကြရဘိသကဲ့သို့ပင် မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့ တိုက်ခိုက်ခဲ့ကြသော စစ်ပွဲဖြစ်သည်။

မြောက်ဗီယက်နမ်ကို ကွန်မြူနစ် မဟာမိတ်တို့က ထောက်ပံ့ကူညီခဲ့ကြပြီး တောင်ဗီယက်နမ်ကို အမေရိကန်နှင့် ကွန်မြူနစ်ဆန့်ကျင်ရေး မဟာမိတ်များက ကျောထောက်နောက်ခံ ပြုခဲ့ကြလေသည်။

**သတ္တိခဲ ဗီယက်ကောင်းတွေ**

ဗီယက်နမ်စစ်ပွဲအတွင်း ဗီယက်ကောင်းများသည် သတ္တိခဲများအဖြစ် ကမ္ဘာသို့ ပြသခဲ့ကြ၏။ လက်နက်ငယ်များကို စွဲကိုင်လျက် ကွန်မြူနစ်ဆန့်ကျင်ရေး တပ်ဖွဲ့များကို ပြောက်ကျားစစ်ဖြင့် တိုက်ခိုက်ခဲ့ကြ၏။

မြောက်ဗီယက်နမ် တပ်မတော်ကမူ ပုံမှန်စစ်ပွဲကို အလုံးအရင်းဖြင့် ဆင်နွှဲခဲ့သည်။ အမေရိကန်နှင့် တောင်ဗီယက်နမ်တပ်ဖွဲ့များက လေကြောင်းတိုက်ပွဲနှင့် လက်နက်အင်အား သာလွန်မှုအပေါ် အခွင့်ကောင်းယူ၍ မြေပြင်တပ်များ၊ အမြောက်တပ်များနှင့် ဗုံးကြဲလေယာဉ်များပူးပေါင်း၍ ရှာဖွေဖျက်ဆီးသည့် စစ်ဆင်ရေးကို ဆင်နွှဲခဲ့ကြသည်။

ကွန်မြူနစ်တို့ တောင်ဗီယက်နမ်ကို သိမ်းပိုက်နိုင်လျှင် ကွန်မြူနစ်ဝါဒ ပျံ့နှံ့သွားမည်ဟု အမေရိကန်က ယူဆခဲ့သည်။

အမေရိကန်၏ ပါဝင်ပတ်သက်မှုသည် ၁၉၆၀ ပြည့်လွန်နှစ်များ အစောပိုင်းတွင် အရှိန်မြင့်လာခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် စစ်အင်အားကို သုံးဆတိုးချဲ့ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စစ်အင်အားကို နောက်ထပ်သုံးဆ တိုးမြှင့်ခဲ့ပြန်သည်။

အမေရိကန်ချေမှုန်းရေး တပ်ဖွဲ့များသည် ၁၉၆၅ ခုနှစ်တွင် စတင်တပ်စွဲခဲ့ပြီး နိုင်ငံတကာနယ်နိမိတ်များသို့တိုင် စစ်ဆင်ရေး ကျယ်ပြန့်လာခဲ့သည်။ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာလည်း အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ခြင်း ခံခဲ့ကြရသည်။

'တက်' ထိုးစစ်နှင့်အတူ ၁၉၆၈ ခုနှစ်တွင် အမေရိကန်၏ ပါဝင်ပတ်သက်မှုမှာ အမြင့်ဆုံး ချိုးကြွမှုအဆင့်သို့ ရောက်ရှိခဲ့လေသည်။

နောက်ပိုင်းတွင် အမေရိကန် မြေပြင်တပ်များ တစ်စစ ဆုတ်ခွာပေးခဲ့ပြီး ၁၉၇၃ ခုနှစ် ဇန်နဝါရီလတွင် ပါရီငြိမ်းချမ်းရေး သဘောတူညီချက် ပေါ်ထွန်းလာသော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခဲ့လေသည်။

ဗီယက်နမ်အမျိုးသားတပ်မတော်က ၁၉၇၅ ခုနှစ် ဧပြီလတွင် ဆိုင်ဂုံမြို့ကို သိမ်းယူလိုက်ပြီးနောက် စစ်ပွဲကြီးပြီးဆုံးခဲ့ပြီး ၁၉၇၆ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံအဖြစ် တောင်နှင့်မြောက် ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းကြလေသည်။

**မြေနိမ့်ရာ လှံစိုက်**

**ဒုဗ္ဗလဆိုက်**

အိမ်နီးချင်း ဗီယက်နမ်တွင် ဖြစ်ပွားသော စစ်ပွဲအတွင်း ရန်သူကို ဖြတ်တောက်ရေး လှုပ်ရှားမှု အစီအစဉ်အရ မြေနိမ့်ရာ လှံစိုက်ခံခဲ့ရသော နိုင်ငံသည်ကား လာအိုနိုင်ငံပေတည်း။

စစ်၏ ဒုက္ခရာဒုက္ခချက်များနှင့်အတူ ဒုဗ္ဗလဆိုက် (အားအင်ချိနဲ့) နေသည့် လာအိုနိုင်ငံမှာ ကြောင်တစ်သက်ကြက်တစ်မြုံ ဟူဘိသို့ပင် စစ်၏ ပျက်စီးဆုံးရှုံးမှုများကို ခါးစည်းခံခဲ့ရလေသည်။

၁၉၆၄ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ကာလအတွင်း အမေရိကန်က လာအိုနိုင်ငံကို ဗုံးကြဲတိုက်ခိုက်မှု အကြိမ်ပေါင်း ၅၈၀၀၀၀ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

'ဒုတိယကမ္ဘာစစ်အတွင်းမှာ ဂျာမနီနဲ့ ဂျပန်နိုင်ငံတွေကို ဗုံးကြဲတိုက်ခိုက်ခဲ့တဲ့ အကြိမ်အရေအတွက်ထက် လာအိုနိုင်ငံကို ဗုံးကြဲ တိုက်ခိုက်ခဲ့တဲ့ အကြိမ်အရေအတွက်က ပိုများနေပါရော့လား'ဟု သမ္မတ အိုဘားမားက ဆိုလတ်သော် 'စာငယ်ဥကို ဥဒေါင်းအုပ်သော် ဥကွဲရာ၏။ ဥဒေါင်းဥကို စာငယ်အုပ်သော် ရင်ကွဲရာ၏' ဟူသော ဆိုရိုးစကားကို ကျွန်ုပ်ပြန်လည်ကြားယောင်နေမိ၏။

လာအိုနိုင်ငံအပေါ် ကြဲချခဲ့သော 'ကလပ်စတာ' (ခေါ်) ဗုံးပဒေသာများအနက် သုံးပုံတစ်ပုံခန့်မှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ ယနေ့တိုင်အောင် ကျေးလက်ဒေသများရှိ ပြည်သူတို့ကို ခြိမ်းခြောက်နေဆဲဖြစ်သည်။

ယနေ့ကာလအထိ မပေါက်မကွဲ ကျန်နေခဲ့သော ဗုံးပဒေသာများအနက် ၁ ရာခိုင်နှုန်းခန့်ကိုသာ ရှင်းလင်း ဖယ်ရှားပေးနိုင်ခဲ့သည်။ ဗီယက်နမ်စစ်ပွဲကာလတွင် ယင်းဗုံးများကြောင့် ပြည်သူ ၂၀၀၀၀ ကျော်မှာ သေဆုံး၊ ဒဏ်ရာရခြင်းတို့ကို လူးလူးလွန့်လွန့် ခံစားခဲ့ကြရ လေသည်။

ကလပ်စတာ ဗုံးပဒေသာ အလုံးပေါင်း သန်း ၈၀ ခန့်အထိ ကြဲချခံခဲ့ရသော လာအိုနိုင်ငံ၌ ကျင်းပသည့် အာရှခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် သမ္မတ အိုဘားမား ရောက်ရှိနေစဉ်အတွင်း ဗီယက်နမ်စစ်ပွဲလက်ကျန် ဗုံးများ ရှင်းလင်းရေးအတွက် ငွေကြေးဒေါ်လာသန်း ၉၀ ထောက်ပံ့ပေးမည်ဟု ကတိပြုခဲ့လေရာ အားလုံးမှာ စိတ်သက်သာရာ ရခဲ့ကြရ၏။

အိုဘားမားမှာ သမ္မတရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် လေးလမျှသာ အချိန်ကျန်ရှိတော့ချိန်တွင် သူ့အတွက် သမိုင်းကြောင်းကောင်းဖို့ လုပ်ရပ်များကိုသာ လုပ်ဆောင်လိုပေလိမ့်မည်။

သမိုင်းတွင် ညစ်ထေးခဲ့ရသော လုပ်ဆောင်ချက်ကို ပြန်လည်ဆေးကြောသန့်စင်ခြင်းမှာ အိုဘားမားအတွက် သူ၏ ရင့်ကျက်လာသော ဒဿနအသိကြောင့် ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွေးဆမိ၏။

နိုင်ငံ့သမိုင်းကြောင်း မည်သို့ရှိခဲ့စေကာမူ လူကျင့်ဝတ်အရ ပြုကျင့်အပ်သော အရာများ ရှိနေ၏။ သမိုင်းရေစီးကြောင်း အတိုင်း မျောပါနေသူများပြားနေပြီး သမိုင်းရေစီးကြောင်းကို ဆန်တက်သူ နည်းပါးနေချိန်တွင် မိမိ၏ ဘဝသမိုင်းကြောင်းကောင်းဖို့ ကောင်းမှုလုပ်ရပ်များကို ဆပွားဖြည့်ဆည်းသင့်ပေသည်။

လူ့ကျင့်ဝတ်သိက္ခာ မြင့်မားရေးအတွက် ဟောင်းနွမ်းနေသော သမိုင်းပုံရိပ်များအပေါ်မှ ဒဿနအသိအမြင်များကို စစ်ယူနိုင်သည်ဟု တွေးတောမိရင်း "ဒဿနအသိ ကျင့်ဝတ်ရှိ လူ၏ ဂုဏ်သိက္ခာ"ဟူ၍ ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

## ဆင်းကေရီ(၃) မျိုးသန့်စပါး စံပြစိုက်ကွက်တွင် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းဆောင်ရွက်



**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများအား စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရန်အတွက် မျိုးသန့်ပွားများရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဝမ်လုံးကျေးရွာအုပ်စု လွန်းကျိုင်းကျေးရွာရှိ အကျိုးဆောင်တောင်သူ ဦးကျလော၏ လယ်မြေ၌ စိုက်ပျိုးထားသည့် ဆင်းကေရီ(၃)စပါး မျိုးသန့်ပွားစံပြစိုက်ခင်း ၁၀ ဧကတွင် ပထမအကြိမ် မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၇ ရက် နံနက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ စပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရေးအတွက် ဆင်းကေရီ(၃)စပါး မျိုးသန့်စံပြစိုက်ခင်း ၁၀ ဧကတွင် ခရိုင်မျိုးစေ့ဌာနခွဲတာဝန်ခံ ဦးအေးကို၊ ခရိုင်မြေအသုံးချရေးဌာနခွဲတာဝန်ခံ ဒေါ်မြဉမ္မာ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်နှင့် ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများက ပူးပေါင်း၍ မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းအား ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆင်းကေရီ(၃) စပါးမျိုးသည် မြို့နယ်အတွင်းရှိ တောင်သူများ အများဆုံးစိုက်ပျိုးပြီး မိုးစပါးစိုက်ဧက စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးထားရာ တစ်ဧက စပါးတင်းတစ်ရာအထက် ထွက်ရှိသဖြင့် တောင်သူအများစု ကြိုက်နှစ်သက်ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအား ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် မိုးကုတ်လူငယ်အဖွဲ့မှ သွားရောက်လှူဒါန်း

**မိုးကုတ် စက်တင်ဘာ ၁၀**

မိုးကုတ်မြို့နယ်လုံးဆိုင်ရာလူငယ်များ ရေဘေးကူညီရေးအဖွဲ့အား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရွှေနန်းတော်မြန်မာထမင်းဆိုင်တွင် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။ ဆက်လက်ပြီး မိုးကုတ်မြို့နေပြည်သူများကိုယ်စား မိုးကုတ်လူငယ်အဖွဲ့ခေါင်းဆောင် မိုးကုတ်မြို့နယ် လူမှုကူညီရေးအသင်း(မန္တလေး) အသင်းကြီး၏ အတွင်းရေးမှူး ဦးအောင်ကျော်မင်းက ရှေးယခင်ကတည်းက ရှိခဲ့သည် မိုးကုတ်လူငယ်များ၏ ခေတ်အဆက်ဆက်သမိုင်းကြောင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးနှင့် အသင်းတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ရာ မိုးကုတ်လူငယ်များက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

မိုးကုတ်လူငယ်များအနေဖြင့် ယခုနှစ်တွင် မင်္ဂလာတိုက်ဆရာတော် ဘဒ္ဒန္တဝိမလ၊ ပန်းမလယ်ပြင်ကျောင်းဆရာတော် ဘဒ္ဒန္တဦးဃောသိတတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တံတားဦးမြို့နယ် ရေဘေးသင့်ပြည်သူများသို့ အလှူငွေကျပ်သိန်း ၂၀၊ အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်း ကုန်ကားတစ်စီးစာတို့ကို သွားရောက်လှူဒါန်းနိုင်ခဲ့သည့်နည်းတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများကိုလည်း သွားရောက်လှူဒါန်းခဲ့ကြကြောင်း၊ ယင်းသို့ လှူဒါန်းနိုင်ရန်အတွက် မိုးကုတ်ပြည်သူများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၁၇၅၈၀၀၀၀ နှင့် အသုံးအဆောင်ပစ္စည်း ကုန်ကားနှစ်စီးရရှိခဲ့ကြောင်း၊ ထိုရရှိမှုများကို လိုအပ်သည့်နေရာများသို့ သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း အသင်းအတွင်းရေးမှူး ဦးအောင်ကျော်မင်းက ပြောသည်။

ယမန်နှစ်ကလည်း ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ချင်းတောင်တန်းများသို့ သွားရောက်၍ အမှန်တကယ်လိုအပ်သည့်နေရာများသို့ သွားရောက်လှူဒါန်းမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေ(ဆင်တဲ၀)**

## ကျိုက်ထိုမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်း ဖွင့်လှစ်ပို့ချ

**ကျိုက်ထို စက်တင်ဘာ ၁၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုအဖွဲ့ (LIFT FUND)တို့ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းကို စက်တင်ဘာ ၆ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲကို နံနက် ၈ နာရီခွဲတွင် သာသနဟိတ ဓမ္မဗိမာန်တော်၌ပြုလုပ်ရာ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဝင်းက အမှာစကားပြောကြားပြီး သင်တန်းကိုဖွင့်လှစ်ပေးသည်။

ယင်းနောက် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုအဖွဲ့ (LIFT FUND)မှ စီမံကိန်းရေးဆွဲသူ ဒေါ်ခင်စောမူက စီမံကိန်းရေးဆွဲနည်းနှင့်ပတ်သက်သော မြေပုံရေးဆွဲနည်း၊ အိမ်ထောင်စု၊ လူဦးရေ၊ စီးပွားရေး၊ ပညာရေးအပါအဝင် ကျေးရွာနှင့်ပတ်သက်သော အချက်အလက်ကောက်ယူပုံနည်းလမ်းများကို ပို့ချသည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းကောက်ယူမည့် ကိုယ်စားလှယ်နှစ်ဦးစီအပါအဝင် စုစုပေါင်း ၃၄ ဦးတက်ရောက်ကြသည်။ သင်တန်းချိန်မှာ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိဖြစ်ပြီး စက်တင်ဘာ ၆ ရက်မှ ၉ ရက်ထိ လေးရက်ကြာပို့ချသည်။

ယခုသင်တန်းကို ကျိုက်ထိုမြို့နယ်တွင် တတိယအကြိမ်ဖွင့်လှစ်ပို့ချခြင်းဖြစ်၍ မြို့နယ်အတွင်းကျေးရွာပေါင်း ၈၁ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၃၀ ၌ ပို့ချပေးခဲ့ပြီး ကျန်ကျေးရွာများ၌လည်း ယခုနှစ်အတွင်း ဆက်လက်ပို့ချမည်ဖြစ်ကြောင်း၊ ထိုသို့ အချက်အလက်ကောက်ယူရာတွင် လိုအပ်သော စာရွက်စာတမ်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

**ရဲခေါင်ဦး**

## နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၁၀**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ အ. ထ. က(၁) ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပခဲ့သည်။

လွန်ခဲ့သောနှစ်(၅၀)က အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်တစ်ရပ်ကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်ကို အစပြု၍ ၁၂ ရက်တိုင် အောင်မြင်စွာ ကျင်းပခဲ့ပြီး ၁၉၆၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ယူနက်စကိုအဖွဲ့ချုပ်ကြီးက ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့ကာ စက်တင်ဘာ ၈ ရက်ကို အကြောင်းပြု၍ နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်၏ စာတတ်မြောက်နှုန်းမှာ ၆၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် ၈၅ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေးအတွက် အခြေခံအကျဆုံးလုပ်ငန်းစဉ်ဖြစ်သည့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးအကောင်အထည်ဖော်ခဲ့သည့်အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ၅ နှစ်အရွယ်ကလေးများ ကျောင်းတက်နှုန်းမှာ ၉၇ ဒသမ ၈၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာသင်ကြားနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာများကို ဆက်လက်သင်ယူနိုင်ရေးအတွက် ရှမ်းပြည်နယ်တွင် မူလတန်းအဆင့်သင်ကျောင်း ၅၀၂၂ ကျောင်း၊ အလယ်တန်းအဆင့်စာသင်ကျောင်း ၂၄၇ ကျောင်း၊ အထက်တန်းအဆင့် စာသင်ကျောင်း ၂၂၅ ကျောင်း စုစုပေါင်း ၅၉၉၄ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများပါမကျန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၌ မိုင်းဖြတ်မြို့နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၌ လွိုင်လင်မြို့နယ်နှင့် နမ့်စန်(တ) မြို့နယ်တို့တွင် 'အ' သုံးလုံးသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောသည်။

ဆက်လက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးမြင့်အောင်က ဖတ်ကြားပြီး ၂၀၁၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ရာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဆုချီးမြှင့်ပေးသည်။ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဒို့အင် ဒို့အားသီချင်းနှင့် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကော့သောင်းမြို့အဖြူရောင်ပရဟိတအဖွဲ့၏ အဝိုင်းပတ်စာပေရေချမ်းစင်၌ စာပေဖတ်ရှုသူများဖြင့်စည်ကား



**ကော့သောင်း စက်တင်ဘာ ၁၀**

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် အဝိုင်းပတ်လမ်းဆုံ အဝိုင်းပတ်စာပေရေချမ်းစင်၌ စာပေလာရောက်ဖတ်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို စက်တင်ဘာ ၆ ရက် ညနေပိုင်းက တွေ့ရသည်။

နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့ ပြည်သူတချို့၏ လူနေမှုစနစ်ပုံသဏ္ဌာန်သည် တိုးတက်ကြီးပွားရာ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်မှု အာရုံမှအပ စာပေလေ့လာဖတ်ရှုမှုနည်းပါးသည်ဟုထင်ရသော်လည်း စာပေရေချမ်းစင်တွင် ရဟန်းရှင်လူ ကျောင်းသား လူငယ် မိဘပြည်သူများ စိတ်ပါဝင်စားစွာ မိမိကြိုက်နှစ်သက်ရာ စာအုပ်စာပေများအား စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ဖတ်ရှုနေသည်ကို တွေ့ရသည်။

စာပေဗဟုသုတ အသိအမြင် ကြွယ်ဝကြစေရန်နှင့် စာဖတ်ခြင်းအလေ့အထကောင်းများ ရှင်သန်တိုးတက်လာရန်ရည်ရွယ်ကာ မြို့ခံ ကမ်းနီးအဖြူရောင်ပရဟိတမိသားစုအဖွဲ့နှင့် မြို့မိမြို့ဖ စေတနာရှင်အလှူရှင်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အဝိုင်းပတ်စာပေရေချမ်းစင်တွင် လစဉ် သုတ ရသစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာနှင့် ကလေးစာပေများ၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်ဘာသာရပ်စုံ စာအုပ်စာပေများအား ထားရှိပေးထားသဖြင့် ကြည်နူးဖွယ်ရာ စာပေလေ့လာဖတ်ရှုသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပြည်သူများသိထားသင့်သည့် လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်

**သံဖြူဇရပ် စက်တင်ဘာ ၁၀**
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်သည် လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများကို ပြည်သူလူထုများအား ရှင်းလင်းဆွေးနွေးပွဲကိုသံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ စက်တင်ဘာ ၆ ရက် နံနက်က ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းဆွေးနွေးပွဲသို့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်လင်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ဖိတ်ကြားထားသည့်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

အသိပေးရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်သောနိုင်ငံများသည် လူ့အခွင့်အရေးမြင့်မားမှုရှိကြောင်း၊ ပြည်သူများမှလည်း လူ့အခွင့်အရေးကို မှန်ကန်စွာသိရှိပြီး လေးစားလိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း စသည့် လူ့အခွင့်ရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်က မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၊ တိုင်တန်းချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအကြောင်းကို အသိပေးပြောကြားသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူပြည်သူများ၊ အသင်းအဖွဲ့များမှ သိရှိလိုသည်များကိုမေးမြန်းရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့မှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

## နိုင်ငံတကာအဖွဲ့အစည်းများပူးပေါင်း၍ကော့သောင်းမြို့အနှံ့ လူကုန်ကူးမှုတားဆီးကာကွယ်ရေး လှုံ့ဆော်အသိပညာပေး

**ကော့သောင်း စက်တင်ဘာ ၁၀**
လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CBTIP) ၏ ဦးဆောင်မှုဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး သတင်းအချက်အလက်ဖြန့်ဝေရေးလှုံ့ဆော်မှု ( Information Campaing on Combatting Human Trafficking ) လှုံ့ဆော်ရေးမော်တော်ယာဉ်ဖြင့် စက်တင်ဘာ ၇ ရက်က ကော့သောင်းမြို့အနှံ့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

လှုံ့ဆော်အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် လူစည်ကားရာမြို့အချက်အချာနေရာများ၊ အခြေခံပညာကျောင်းများအနှံ့ လူကုန်ကူးမှုဖြစ်စဉ်များ မဖြစ်ပေါ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပညာပေးဖျော်ဖြေရေးယာဉ်ဖြင့် ကချင်တိုင်းရင်းသားလူငယ်များ၊ ရခိုင်တိုင်းရင်းသားလူငယ်များနှင့် ကော့သောင်းမြို့ခံလူငယ်များပူးပေါင်း၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးတေးသီချင်းများ သီဆိုဖျော်ဖြေကြပြီး ကော့သောင်းမြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့ဝင်များနှင့် (IOM) မှ တာဝန်ရှိသူများက လမ်းသွားလမ်းလာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများသို့ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဉာဏ်စမ်းမေးခွန်းများမေးမြန်း၍ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ကာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာနှင့်အဝှမ်း လူ့အသိုင်းအဝိုင်းအား ဆိုးရွားစွာခြိမ်းခြောက်လျက်ရှိသည့် လူကုန်ကူးခြင်းနှင့် လူမှောင်ခိုကူးခြင်းပြဿနာများကြောင့် နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင် အဆိုပါပြဿနာများ လျော့နည်းပပျောက်ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး သတိပြုဆင်ခြင်နေထိုင်နိုင်စေရန် အသိပညာပေးလှုံ့ဆော်မှုလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။

**ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

## အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**တာချီလိတ် စက်တင်ဘာ ၁၀**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက်က မြို့မအားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲအဖြစ် ရန်အောင်မြေရပ်ကွက် ဘောလုံးအသင်းနှင့် တာလေမြို့ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်အောင်မြေရပ်ကွက်ဘောလုံးအသင်းက တာလေဘောလုံးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ဒိုင်ဆပ်ကော်မတီများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပွဲစဉ်တစ်လျှောက် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုများကို ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယဆုရ တာလေမြို့ ဘောလုံးအသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုအဖြစ် ငွေကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ ပထမဆုရ ရန်အောင်မြေရပ်ကွက်ဘောလုံးအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုအဖြစ် ငွေကျပ်ဆယ်သိန်းနှင့်ဆုဖလားကိုလည်းကောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မှူးခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဆိပ်ဖြူမြို့၌ မှူးခင်းအသိပညာပေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ စက်တင်ဘာ ၁၀**
မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ လမ်းညွှန်ချက်ဖြင့် ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ မှုခင်းလျော့နည်းကျဆင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်များနှင့် ကားလမ်းဆုံနေရာများတွင် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများကို ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဇံကျော်နှင့်တပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁၅) မူးယစ်တပ်ဖွဲ့စု၊ မကွေး (ပခုက္ကူ) လှုပ်ရှားတပ်ဖွဲ့ဝင်များပါသောအဖွဲ့သည် ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို မှုခင်းအသိပညာပေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ယာဉ်အသုံးပြုမောင်းနှင်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေး လမ်းအမှတ်အသား အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## မိုးစပါးများရေကြီးနစ်မြုပ်ခဲ့သော်လည်း ပြန်လည်စိုက်ပျိုးသည့်စပါးများ အောင်မြင်ဖြစ်ထွန်း



**ကြို့ပင်ကောက် စက်တင်ဘာ ၁၀**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့တွင် ၂၀၁၆-၂၀၁၇ မိုးစပါးစိုက်ပျိုးရာသီတွင် စပါးစိုက်လယ်မြေများစွာ ရေကြီးနစ်မြုပ်မှုဒဏ်ခံစားခဲ့ကြရသည့်အတွက် ပြန်လည်အစားထိုးစိုက်ပျိုးခြင်းကို အချိန်မီဆောင်ရွက်နေကြသည်။

ကြို့ပင်ကောက်မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်မာမာအောင်က 'စိုက်ပျိုးဧကစုစုပေါင်း ၈၅၃၇၆ ဧကမှာ ရေကြီးနစ်မြုပ်မှုကြောင့် ၇၂၀၀ ဧကပျက်စီးခဲ့လို့ အချိန်မီပြန်လည်အစားထိုး စိုက်ပျိုးမှုများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ရက် ၉၀ စပါးမျိုးများ ထောက်ပံ့ပေးလို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ရေကြီးနစ်မြုပ်မှုဒဏ်မခံရသော ကျောင်းကုန်းကျေးရွာမှ တောင်သူဦးကျော်ဇင်ဝင်းက "ကျွန်တော်တို့က ဒီနှစ် သဏ္ဌာန်ကြဲတယ်။ စိုက်ပျိုးစရိတ်သက်သာတာပေါ့။ ဒါပေမဲ့ ပေါင်းမြက်ရယ်၊ ပိုးမွှားရောဂါရယ်ကိုတော့ဂရုစိုက်ရတယ်။ သဏ္ဌာန်ကရေသွင်းရေထုတ်လည်း မှန်မှန်လုပ်ရတယ်။ အခုနှစ်တော့ တော်တော် သီးတယ်။ မနှစ်ကထက် ပိုထွက်မယ်လို့ထင်တယ်" ဟု ပြောသည်။

ရေကြီးနစ်မြုပ်မှုဒဏ်မခံရသော မိုးစပါးများကို အထွက်နှုန်းတိုးတက်လာစေရန် မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းတို့အပြင် ပိုးမွှားရောဂါကာကွယ်ခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နေကြသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

## ဆူးပုပ်ပင်များစိုက်ပျိုး၍ မိသားစုဝင်ငွေတိုးပွား

**ပွင့်ဖြူ စက်တင်ဘာ ၁၀**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းကမ်းပါးဝန်းကျင်ကျေးရွာအများစုသည် ကိုင်းမြေနုများကို စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေလျက်ရှိရာ ဒေးဒရဲကျေးရွာ၊ သာစည်ကျေးရွာ၊ သဲကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာများမှ တောင်သူများသည် ဥယျာဉ်ခြံလုပ်ငန်း၊ ပန်းမျိုးစုံစိုက်ပျိုးခြင်းနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။

ဆူးပုပ်ပင်များကို စိုက်ခင်းခြံစည်းရိုးများအဖြစ် စိုက်ပျိုးကြပြီး မိသားစုဝင်ငွေကို အထောက်အပံ့ရလျက်ရှိသည်။ ဆူးပုပ်ပင် သုညဒသမ ၂၅ ဧကလျှင် အပင် ၅၀၀၀ ခန့်အထိ တန်းပေးစိုက်ပျိုးကြပြီး တစ်နှစ်သားအရွယ်တွင် စတင်၍ အညွန့်များ ခူးဆွတ်ရောင်းချနိုင်သည်။ ငါးရက်လျှင် တစ်ကြိမ် အညွန့်များကိုက်ခူး၍ တစ်ကြိမ်လျှင် ပိဿာ ၂၀ မှ ၂၅ ပိဿာထိ ထွက်ရှိပြီး တစ်ပိဿာလျှင် ၁၆၀၀ ကျပ်ဖြင့် ရောင်းချရသည်။

ဒေးဒရဲကျေးရွာနေ ဆူးပုပ်ပင်စီးပွားဖြစ်စိုက်ပျိုးသူ ဦးမောင်စန်းက ဆူးပုပ်ပင်ကို အစေ့တိုက်ရိုက်ချနည်းနဲ့ အပင်စိုက် နှစ်မျိုးရှိတယ်။ ကျွန်တော်ကတော့ အစေ့တိုက်ရိုက်ချစိုက်ပျိုးတယ်။ တစ်နှစ်သားမှာ စခူးရတယ်။ အပင်ပြုစုမှုသက်သာတယ်။ လုပ်အားခလည်း အကုန်သက်သာတယ်။ ဖောက်သည်မှာတဲ့အပေါ်မူတည်ပြီး အညွန့်တွေ ကိုက်ဖြတ်ခူးပေးရတာရှိတယ်။ ကိုင်းမြေပတ်လည်ကိုလည်း ဆူးပုပ်ပင်တွေနဲ့ စည်းရိုးလုပ်ထားတော့ အပိုဝင်ငွေရတာပေါ့ဟု ပြောသည်။

ဆူးပုပ်ပင်သည် ပူအိုက်စွတ်စိုသောရာသီဥတုကို နှစ်သက်ပြီး မြန်မာပြည်အလယ်ပိုင်းဒေသများတွင် အပင်ဖြစ်ထွန်း၍ စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။ ပွင့်ဖြူမြို့နယ်ကျေးရွာများမှ ထွက်ရှိသော ဆူးပုပ်ရွက်များကို မင်းဘူး၊ စလင်းမြို့တို့မှတစ်ဆင့် မကွေး၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအထိ တင်ပို့ရောင်းချနေလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**


M40,M50
MPT SMARTPHONE
MPT
ရွှေသို့လှမ်းရှိမြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
M40 4.0 inch
32,000 Ks
M50 5.0 inch
99,000 Ks
ဖုန်းဝယ်ယူစဉ်တွင် ပါရှိသည့် MPT နံပါတ်လှ SIM CARD ကို SIM 1 တွင် ထည့်မှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

THE NEW FACELIFT MAZDA BT-50 EXTENDED CAB

WITHSTANDING THE TOUGHEST ROAD AND YET GENTLE FOR EVERYDAY USE.

A WHOLE NEW ADVENTURE STARTS FROM 5% DISCOUNT




NEW SPORTS RIM


NEW TRANSMISSION


FACELIFT MODEL

Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Yangon - No. 96 Kabar Aye Pagoda Road, Sayar San Quarter, Bahan Township. Hotline : 01 554633, 09 260259991
Mandalay - No. 10(A), The Corner of 77th & 35th street, Maharaungmyay Township. Hotline:09 456 1111 04 , 09 456 1111 05

2 YEARS MAZDA WARRANTY



SYP ဆေးရိုးဖင် SYP

အုတ်ရောင်းဝယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး

ကိုဆန်းနိုင် + မစိုးစိုးအေး

အမှတ်(၉/၆၉-B)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ တညင်းကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

Ph: 645757, 095408777, 095145162
0973021997, 09455081166



heart Curtain,Sofa,Furniture

- ခန်းဆီးလိုက်ကာများကို အိမ်တိုင်ရာရောက်တိုင်းတာ တွက်ချက်၍တပ်ဆင်ပေးခြင်း
- ဆိုဖာခုံများကိုလက်လီ/လက်ကားဖြန့်ဖြူးရောင်းချပေးခြင်း
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း
- ဆိုဖာခုံအဟောင်းများကိုပြန်၍ပြုပြင်ပေးခြင်း

No.38, ဇဋီလလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့
Ph: 09-30066799, 09-257335855



FAME Cholecrush® For gallstones
သည်းခြေကျောက်ပျော်ဆေး
TMR 010582(0816)
၂/၂၀၁၅ တဆဆလ/ထိန်(ဝန်ဘ)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME MilkThistle
Potent Antioxidant for Liver
အသည်းဆေး
TMR 007176 (0716)
၂/၂၀၁၅ တဆဆလ/ထိန်(ဝန်ဘ)
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified



နှီချိုတစ်စက် တိုက်ကျွေးလျက် လိုအင်သော အဟာရ ပြည့်စုံစွာပေးသော
မိခင်အား သင်တန်ဖိုးထားတတ်ပါစေ။

"မိဘဂုဏ်" ကိုထွေး

အဆင့်မြင့်စတီးဘလိပ်ခါးသွားဆူးကြိုး တပ်ဆင်ဖြန့်ချိရေး

အဆင့်မြင့် Steelဘလိပ်ခါးသွား ဆူးကြိုးများကို သံချေးမတက် (၁၅)နှစ် အာမခံ၍ တပ်ဆင်ပေးရာတွင် Steel တန်းကြိုး၊ Steel တုတ်ကြိုး အသုံးပြုလျက် ဈေးနှုန်းချိုသာစွာဖြင့် နေရာဒေသမရွေး လက်ခမဲ့တိုက်ရိုက်ရောင်းချတပ်ဆင်ပေးနေပါပြီ။

ရန်ကုန်အရောင်းဆိုင်ခွဲ(၁)- အမှတ်(၁၂)၊ အခန်း(၄/၅)၊ မင်းနန္ဒာလမ်းမကြီး KBZဘဏ်ရှေ့(Capital Hyper Market)အနီး၊ သာကေတမြို့နယ်။
ရန်ကုန်အရောင်းဆိုင်ခွဲ(၂) - အမှတ်(၁၂/၅၄)၊ နှင်းဆီလမ်း၊ ဝိယာလက်ဈေးအနီး၊ မင်္ဂလာဒုံမြို့နယ်။
Ph : 09-5064145, 09-420060449, 09-420707316, 09-250058416 , 09-261664460



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျာမနီ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ဝဲရှ် - ၂၀၁၀) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် - ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် - ၂၀၁၄) နှင့် Certificate ရ

ဖုံ-၅-ကောင် အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖုံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၉၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၀၁၀၇၉၊ ၃၉၂၅၉၄



PUN HLAING SILOAM HOSPITALS

မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"

LIKE US ON facebook Pun Hlaing Siloam Hospitals



အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

စက်တင်ဘာလ ( ၂၂ ) ရက်နေ့မှ ( ၂၆ ) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၉၀၀၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀
www.punhlaingsiloamhospitals.com







ဖခင်အမည်မှန်
အင်္ဂပူမြို့နယ်၊ အထက (ကွင်းကောက်)၊ ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မမေဖင်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆွေဦးဖြစ်ပါသည်။

မင်္ဂလာပါ
Box ...
08-450042704
08-250095116
08-420096296

အင်္ဂလိပ်ဘာသာစကားသင်တန်း
Cambridge ရေး/ဖတ်/ပြော/ကြား
IELTS Foundation
ခြံအမှတ်(၁၃၂)၊ ယမနေလမ်း၊ (၃၄)သစ်တောမြောက်ဒဂုံ။
Ph: 09 421124364

Soya R
အချိုမှုန့်အစားထိုး
သဘာဝဟင်းခတ်မှုန့်
ကျန်းမာရေးအထောက်အကူပြု "မဲပိစပ်" ဖြင့် (သက်သတ်လွတ်) စီမံထုတ်လုပ်ပြီး တာရှည်ခံဓါတုပစ္စည်းနှင့်အချိုမှုန့် "လုံးဝ" မပါဝင်ပါ။
Ph: 09-420316407, 09-400023226, 09-43114485

သတိုးအောင်ဧရာ DESKTOP & LAPTOP
မြန်မာပြည်သားတိုင်း Computer ကိုင်နိုင်ရမည်၊ မည်သည့်ဘဏ်နှင့်မျှချိတ်ဆက်ရန်မလိုဘဲ အဆင့်မြင့် Laptop များကို ကျပ် 50,000 ရှိရုံဖြင့် အရစ်ကျစနစ်ဖြင့်ရောင်းချပေးပါပြီ . . .
ကျပ် (50,000 ကျပ်) ရှိရုံဖြင့် Core 2 Duo စက် (၁) လုံး ပိုင်ဆိုင်နိုင်ပြီး
ပထမအရစ် = 50,000 ကျပ်
ဒုတိယအရစ် = (ဝယ်ယူသည့်နေ့မှ 1 လအကြာ) 30,000 ကျပ် နှင့်
တတိယအရစ် = (ဝယ်ယူသည့်နေ့မှ 2 လအကြာ) 20,000 ကျပ်ပေးချေခြင်းဖြင့်
Core2Duo RAM-1GB HDD-80GB DVD-Combo
(1 Year, Parts & Services)

ရွှေမန်းတောင် အမှတ်တံဆိပ်
အစာကြေဆေးပြား
TMR000063(0715)

ရွှေမန်းတောင် အမှတ်တံဆိပ်
သွေးတိုးကျဆေးပြား
TMR012467(1116)



# ကြော်ငြာ


လေးကြိမ်မြောက်

FREE SEMINAR

ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ



ဒေါက်တာသိန်းလွင်
▸ Building Better Brain for Children



ဒေါ်သက်ထားဝင်း
▸ Effective Parenting



ဒေါက်တာဒေါ်တင်မမြူ
▸ Learning Disabilities

18.9.2016 (Sunday)
1:00 PM - 5:00 PM
MICT Park (Conference Hall)

Main Sponsor

Organised by

nurture preschool

RSVP @ 09254148005/ 6
09262963775/ 6
09259822220/ 6

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ပဉ္စမအကြိမ်မြောက် နယ်စပ်ဈေးဝယ် အထူးခရီးစဉ်
ပူဘယ် ဈေးဝယ် စွယ်တော် ပူးမယ်
၁၆ - ၉ - ၂၀၁၆ မှ ၂၂ - ၉ - ၂၀၁၆ အထိ
သုခမိန်စာပေ 09 51 55654 / 09 965155654 / 01 253079

ရွှေပင့်ကူ
အဘထွက်ပွဲ
အဘထွက်ပွဲ ပုပ္ပါး အဘရွှေ
30000/-
Sep-17

အမည်မှန်
မိတ္ထီလာမြို့ အထက(၁) ဒသမတန်း(E)မှ မောင်ငြိမ်းမင်းသူ၏ အမည်မှန်မှာ ၉/မထလ(နိုင်)၃၄၈၉၅၅အရ မောင်ညိမ်းမင်းသူ ဖြစ်ပါသည်။ မောင်ညိမ်းမင်းသူ

အင်းလေးချစ်သူ (Travels & Tours)

| | | |
|---|---|---|
| ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ | 16/9 | 14-28/10 |
| တောင်ကြီး၊ အင်းလေး၊ ကလော၊ ထန်ဝမ်း | 30/9 | 7-21/10 |
| မိန်းမရဲတောင်၊ ပင်းတယ | | |
| မြင်းဦးလွှင်၊ မန္တလေး၊ မုံရွာ | | 7-21/10 |
| မြဝတီ၊ မဲဆောက် | | 28/10 |

ခရီးစဉ်အားလုံး(၃ညအိပ်၄ရက်) 99000/
ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ Guide Service
09-4210 30 814 , 09- 97 925 2020,09-97 925 2121,09-2636 95 301




Min San Eain Travel & Tours
Tour Grade Car+Hotel Package
Sep-30 to Oct-3
လှိုင်ကော်-ကြက်ဂူ-မိန်းမရဲတောင်-မြသပိတ်ရေပြာအိုင် 125000 Ks
Oct-7 to 10, 14 to 17
မောင်တော်ဦးပွဲ-မိန်းမရဲတောင်-မြသပိတ်ရေပြာအိုင်-တောကြယ်ရေတံခွန် 135000 Ks
Oct-14 to 18
လှိုင်ကော်-ကြက်ဂူ-မြသပိတ်ရေပြာအိုင်-မိန်းမရဲတောင်-တောကြယ်ရေတံခွန်
Ph : 09 5044271, 09 259259153, 01 8551106.

San brotherhood
Air-Con
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း






တပ်ဆင်ပြီးဈေးနှုန်း
1HP 250000 Ks
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation

"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
သမိုင်းလမ်းဆုံ 681854, 706193, 09-73116475
FMI City 706193,09-5084831,682445(Ext)1421
သုနန္ဒာလမ်းဆုံအနီး 09-5190383,09-73251535
ဟံသာဝတီ CNG အနီး 703684, 09-43130068
Capital အနီး 09-5053114, 73251545, 01-708842
ကျောင်းလမ်း 01-704101 , 09-5002738 , 09-450023810
ကျောက်မြောင်း 01-704649, 09-73066836, 09-73004800
ရွှေဂုံတိုင်မီးပွိုင့်အနီး 09-43083868, 01-703241
တောင်/မြောက်လမ်းဆုံအနီး 01-709114, 09-5019316

ACE®
PE WATER TANK
KOREA HI-TECH




- ရေညှိတက်ခြင်းနှင့် ဘက်တီးရီးယား ပိုးမွှားအန္တရာယ် လျော့နည်းအောင် စီမံထားပါသည်။ Silver Nano treated BACTECIDE®
- သောက်သုံးရေနှင့် အစားအသောက်ပစ္စည်းများ သိုလှောင်ရန် ၁၀၀% အထူးသင့်လျော်ပါသည်။ (အမေရိကန် FDA လက်မှတ်ရ ကိုရီးယားကုန်ကြမ်း)
- နှစ်(၃၀)အာမခံပါသည်။
- Chemical Tank အဖြစ်အသုံးပြုလိုပါက သီးခြားမှာယူနိုင်ပါသည်။

နည်းပညာအသစ်ကြောင့် ကျန်းမာရေးနှင့် ညီညွတ်သည် ခိုင်ခံ့သည်




HORIZONTAL TYPE (အလျားလိုက်)
70, 110, 170, 220, 250 GAL
VERTICAL TYPE (ဒေါင်လိုက်)
70, 110, 170, 220, 250, 400, 500, 600, 800, 1000, 1500, 2000 GAL
ရန်ကုန်မြို့တွင်း အရောက်ပို့ပေးပါသည်။
Ph: 01 684743, 09 73094221, 09 450048469
အမြို့မြို့အနယ်နယ်ရှိ ကိုယ်စားလှယ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

မိတ်ကပ် ညီညီမောင်
(စမ်းချောင်း)
မိတ်ဟောင်း မိတ်သစ်များကို ကျေးဇူးတုံ့ပြန်သောအနေဖြင့်
ငွေကျပ် (၃) သိန်း ရှိစုံဖြင့်
1.9.2016 မှ 15.10.2016 ကာလအတွင်း
မိတ်ကပ်၊ ဝတ်စုံ၊ လက်ဝတ်ရတနာ၊ ခေါင်းဆံထုံး၊ လက်ကိုင်ပန်း တို့ကို အပြီးအစီးဆောင်ရွက်ပေးနေပါသည်။
အမှတ် (၆၁)၊ မြေညီထပ်၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်။
Ph: 01 523764, 09 425285025
09 792481369, 09 420087989

ပြည်မြန်မာ
အိမ်ပြောင်းအိမ်ရွှေ့ /ကားအငှား
ဝန်ဆောင်မှုလုပ်ငန်း
မြို့တွင်းနယ်ဝေးသို့
ကားနှင့်လုပ်သားများ
စီစဉ်ပေးသည်။
01 511929, 09 963685160,
09 252463094, 09 781269412

★STAR★
အုံမြို့သစ် အငှားဂိုင်။
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052,
09-73254389,
09-421067330

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲ အသည်းစွဲပျိုမေတို့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne နော်...



Topsyne®
Herbal Cream
FDA မှ အလုံကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021




Apple Production Co., Ltd.
အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉-၄၉၃၁၆၄၀၈ ၊ ၀၉-၈၆၁၈၀၈၁



# မန်ချက်စတာဒါဘီပွဲစဉ် မန်စီးတီးအသင်း အနိုင်ရရှိ

**မန်ချက်စတာ စက်တင်ဘာ ၁၀**

မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်(၄)ဖြစ်သည့် မန်ချက်စတာဒါဘီပွဲစဉ်တွင် မန်စီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် မန်ယူအသင်းသည် မန်စီးတီးအသင်း၏ တိုက်စစ်မှူး ဒီဘရိုင်းနှင့် မန်ယူဂိုးသမား ဒီဂီယာတို့ တစ်ဦးချင်းထိပ်တိုက်တွေ့ဆုံခဲ့ရာတွင် ပထမဆုံးဂိုးသွင်းခွင့်ပေးခဲ့ရပြီး ပွဲကစားချိန် ၃၆ မိနစ်တွင် နာချို၏ သွင်းဂိုးကိုထပ်မံခွင့်ပြုပေးလိုက်ရခြင်းကြောင့် ပထမပိုင်းပွဲချိန်အတွင်းမှာပင် မန်စီးတီးအသင်းက မန်ယူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

နှစ်သင်းစလုံးသည် ဒုတိယပိုင်းပွဲကစားချိန်တွင် အခွင့်အရေးများ ရရှိခဲ့သော်လည်း မန်စီးတီးအသင်းကသာ အိမ်ရှင်မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီး သုံးမှတ်ရယူနိုင်ခဲ့သည်။

ထိပ်တိုက်တွေ့ဆုံမှုအရ မန်ယူအသင်းကသာ အနိုင်ရရှိခဲ့သော်လည်း ယနေ့ပွဲစဉ်တွင်မူ မန်စီးတီးအသင်းက အနိုင်ရလဒ်ကိုဆောင်ကြဉ်းနိုင်ခဲ့သည်။ ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် ဒီဘရိုင်းနှင့် နာချိုတို့က သွင်းယူခဲ့ကြပြီး မန်ယူအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် လေးပွဲကစားပြီးချိန်တွင် လေးပွဲလုံးအနိုင်ရရှိကာ အမှတ်ပေးဇယားထိပ်ဆုံးတွင် ဦးဆောင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ခေါ်ယူထားခဲ့သည့် မန်ယူအသင်း၏ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည်လည်း ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

**(ငွေကြယ်)**

## သံလွင်ကိုကျော် ဘီလူးကျွန်းအနာဂတ်ကို မျှော်လိုက်လျှင်

စာမျက်နှာ - ၈



## ကြေးမုံ ဆန်းဒေးကာတွန်း

စာမျက်နှာ - ၁၆၊ ၁၇



# အသင်းပျက်သိမ်းမှုများရှိသော်လည်း MNLပြိုင်ပွဲကို ၁၂ သင်းဖြင့် ကျင်းပမည်



MNL၌ ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် Southern အသင်း။

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၁၆ ရာသီအပြီးတွင် MNL ကလပ်အသင်းအချို့ဖျက်သိမ်းခဲ့သော်လည်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ လှုပ်ခတ်ခဲ့ရပြီး ယင်းအသင်းများ နေရာတွင် အစားထိုးကာ မူလအတိုင်း ၁၂ သင်းဖြင့် ၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

၂၀၁၆ ရာသီအပြီးတွင် အသင်းပြန်လည်အပ်နှံသည့်အသင်းများ၊ ပြိုင်ပွဲမယှဉ်ပြိုင်တော့ဟု သတင်းထုတ်ပြန်သည့် အသင်းများကြောင့် လှုပ်ခတ်မှုများ ရှိခဲ့သော်လည်း မြန်မာနေရှင်နယ်လိဂ်ကော်မတီအစည်းအဝေးနှစ်ကြိမ်ပြုလုပ်ကာ ရာသီသစ်အတွက် အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၆ ရာသီအပြီးတွင် MNL ကလပ် ဇေယျာရွှေမြေအသင်းနှင့် ပထမတန်းချန်ပီယံဖြစ်ပြီး MNL သို့ တန်းပြန်တက်ခွင့်ရရှိခဲ့သည့် မနောမြေအသင်းတို့မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံ အသင်းအပ်နှံကြောင်း တရားဝင်စာတင်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီက လက်ခံခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့ ❍**




# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ အထူးကဏ္ဍ

စက်တင်ဘာ ၁၁၊ ၂၀၁၆ (တနင်္ဂနွေနေ့)

## တိပ်ကပ်နှလုံးသား



**မြင့်ငွေ (စစ်ကိုင်းပညာရေးကောလိပ်)**

အခါတိုင်း လက်ဖက်ရည်ဆိုင်သွားလျှင် ဆိုင်ကယ်ဖြင့်သွားနေကျ။ သည်ကနေတော့ဖြင့် လမ်းလျှောက်၍ သွားခဲ့သည်။ လက်ဖက်ရည်ဆိုင်သွားရာလမ်း၏ တောင်ဘက်တွင် စစ်ကိုင်းအစေခံခံတပ်ရှိ၏။ ခံတပ်ဘေးရှိလမ်းတစ်လျှောက်တွင် ယာယီတဲအိမ်လေးများ အစီအရီရှိ၏။ ဧရာဝတီရေကြီးချိန်ဖြစ်၍ ကမ်းစပ်တစ်လျှောက်နှင့်သောင်ပြင်ပေါ်တွင် နေထိုင်ကြရရှာသော ရေဘေးမိသားစုများ ခဏနေကြခြင်းဖြစ်သည်။ အစေခံခံတပ်ကြီးသည် အင်္ဂလိပ်နယ်ချဲ့ရန်မှ ပြည်သူများကိုအကာအကွယ်ပေးခဲ့သလို ယခုလည်း ရေဘေးဒုက္ခသည်များကို အကာအကွယ်ပေးနေပြန်၏။ ယာယီတဲအိမ်များသည် အနီ၊ အပြာ၊ အဝါ၊ အစိမ်းရောင်စုံမိုးကာစများဖြင့် ဖြစ်သလိုမိုးကာထားသဖြင့် မိမိမွေးရပ်က အမေရေယာဉ် ပွဲတော် ပွဲဈေးတန်းနှင့်တူနေချေတော့သည်။

၎င်းတို့နှင့်အတူပါလာသော ခွေး၊ ကြက်၊ ဝက် တွေ ကလည်း ကတ္တရာလမ်းသည် သူတို့အပိုင်နယ်မြေဟု ထင်နေပုံရသည်။ လမ်းပေါ်တွင် ထင်တိုင်းကြဲနေကြသည်။ သူတို့ကိုရှောင်၍ လမ်းလျှောက်ရသဖြင့် ငယ်ငယ်က သင်ခဲ့ဖူးသော အခြေခံသိုင်းကွက်များသည် အသုံးဝင်လျက်ရှိ၏။ တစ်ခါမျှအသုံးမပြုခဲ့ဖူးသော မိမိသိုင်းပညာကို ယခုတော့ဖြင့် အသုံးချနိုင်လေပြီဟု ကြံကြံဖန်ဖန် ဂုဏ်ယူမိသေး၏။

"ဆရာကြီး" ဟုခေါ်သံကြားလိုက်၍ အသံလာရာသို့ လှည့်ကြည့်ရာ "လော်စပီကာ" ဖြစ်နေသည်။ လော်စပီကာဆိုသည်မှာ ကျွန်တော်၏ တပည့် ဆဋ္ဌမတန်းကျောင်းသားဖြစ်သည်။ သူ၏နာမည်သည် ပြည့်စုံချမ်းသာဖြစ်သည်။ အသံကျယ်ကျယ်ပြောသဖြင့် ကျွန်တော်ပေးထားသော အနွတ္တသညာ ဂုဏ်ထူးဆောင်အမည်သာဖြစ်သည်။ ကျွန်တော်သည် မိမိ

တပည့်များ၏ အမည်များကို မှတ်နိုင်စွမ်းမရှိပါ။ ကျောင်းဆရာတစ်ယောက်တွင်ရှိရမည့် ဉာဏ်အချက်ကိုဖြင့် မရှိသည်ကို ရိုးသားစွာဝန်ခံပါ၏။ ကျွန်တော့် မှတ်ဉာဏ်ချို့ယွင်းခြင်းဖြစ်ပါသည်။ ထို့အပြင် ယခုခေတ် ကလေးများ၏အမည်များသည် ပတ်လည်ရိုက်ထားသလို ဖြစ်နေပေသည်။

ဥပမာ. . . "အောင်""ထူး""နိုင်" ဟူသောစကားသုံးလုံးကိုပင်အသုံးပြု၍ မောင်အောင်ထူးနိုင်၊ မောင်အောင်နိုင်ထူး၊ မောင်ထူးအောင်နိုင်၊ မောင်နိုင်အောင်ထူး၊ မောင်ထူးနိုင်အောင်၊ မောင်နိုင်အောင်ထူးဟူ၍ ဖြစ်သည်။ "ဆရာကြီးကျွန်တော့်အိမ်ကို ဝင်ပါဦး" ဟုဆိုသဖြင့် ဖော်ရွေသော ကျေးလက်ကလေးများ စစ်ကိုင်းမြို့တွင် ရှိနေသေးသဖြင့် စစ်ကိုင်းကို ပို၍ ချစ်လာသလိုခံစားမိ၏။ "အေးကွ ဝင်မယ်၊ မင်းအိမ်ကဘယ်မှာလဲ" ဟု ဖြေဖြေမေးမေး ပြောလိုက်ရာ "ဒီအိမ်" ဟုလမ်းဘေးရှိ ယာယီတဲအိမ်လေးကိုသူကညွှန်ပြ၏။ ကျွန်တော့်စိတ်သည် ချက်ချင်း ပြောင်းလဲသွားသည်။ ဝင်ထိုင်ချင်စိတ်မရှိ။ ရှက်မိပါသည်။ "အေးကွာ ဆရာကြီးအချိန်မရလို့ နောက်မှလာလည်မယ်" ဟု ပြောကာ ခပ်သွက်သွက်ခြေလှမ်းတို့ဖြင့် လှမ်းမိတော့သည်။ မုသားသုံးခဲ့ခြင်းကို မည်သူမျှ မသိနိုင်ဟု ထင်ခဲ့သည်။ သို့သော် နောင်တစ်ချိန်တွင် သူသိမည်ကိုမတွေးမိခဲ့ပါ။ လော်စပီကာလေးသည် ကျွန်တော့်ကိုနားမလည်စွာဖြင့် ငေးကြည့်နေမည်လား။ သူ့ရဲ့ဖိတ်ခေါ်မှုကို ငြင်းဆန်ခြင်းခံရလို့ ဝမ်းနည်းနေမည်လား ကျွန်တော်မတွေးရဲတော့ပါ။ လက်ဖက်ရည်ဆိုင်ရောက်သောအခါ စားပွဲထိုးကလေးက "ဆရာကြီး ပုံမှန်ပဲလား" ဟုမေးရာ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်မိ၏။ ကျွန်တော့်စိတ် ပုံမှန်မဟုတ်တော့တာ သိသွားလေရော့သလား။ လာချပေး

**လော်စပီကာလေးသည် ကျွန်တော့်ကိုနားမလည်စွာဖြင့် ငေးကြည့်နေမည်လား။ သူ့ရဲ့ဖိတ်ခေါ်မှုကို ငြင်းဆန်ခြင်းခံရလို့ ဝမ်းနည်းနေမည်လား ကျွန်တော်မတွေးရဲတော့ပါ။ လက်ဖက်ရည်ဆိုင်ရောက်သောအခါ စားပွဲထိုးကလေးက "ဆရာကြီး ပုံမှန်ပဲလား" ဟုမေးရာ ကိုယ့်ကိုယ်ကိုယ် မလုံမလဲဖြစ်မိ၏။**

သော လက်ဖက်ရည်ကို တစ်ကျိုက်တည်းမော့သောက်မိ၏။ လက်ဖက်ရည် အရသာသည် အလွန်ခါးနေသည်ဟု ထင်မိ၏။ ကြာကြာလည်း မထိုင်ချင်တော့ပါ။ လက်ဖက်ရည်ဖိုးပေးချေတော့ စားပွဲထိုးကလေးက "ပိုက်ဆံက တိပ်ကပ်နဲ့မို့ပြန်လဲပေးပါဦး" ဟုဆိုပြန်သည်။

လော်စပီကာကိုလည်း ကျွန်တော့်ရဲ့ တိပ်ကပ်နှလုံးသားပေးခဲ့မိလေပြီ။

## မန္တလေးဟာ မန္တလေးဖြစ်လို့

တဖြည်းဖြည်းနဲ့
အိမ်ရှင်တွေက ဧည့်သည်တွေကို
နေရာဖယ်ဖယ်ပေးနေရတဲ့ မြို့။
စက်ဘီးကလေး တချွင်ချွင်အစား
ဆိုင်ကယ်တွေ တထိုးထိုးနဲ့
အိတ်ဇောနံ့တွေ ထောင်းလမောင်းထနေတဲ့ မြို့။
နာရီစင်ကြီးထက်
နာရီစင်ဘေးက အဆောက်အအုံတွေ မြင့်မြင့်လာလို့
နာရီစင်ကြီးက မော့မော့ကြည့်နေရတဲ့ မြို့။
ညိုချောလေးတွေအစား
စကားသံဝဲဝဲနဲ့ ပေါင်တံဖြူလေးတွေ
ကျုံးဘေးမှာ လမ်းလျှောက်နေတဲ့ မြို့။
ဒါပေမယ့်လေ
ခေတ်စနစ်တွေ ဘယ်လိုပြောင်းလို့
သက္ကရာဇ်တွေ ဘယ်လောက်တိုးတိုး
မန်းသားတွေရင်ထဲ
ကျွန်တော် ကျွန်တော် ရှိနေမယ်
ဇာတိချစ်စိတ်နဲ့ အမျိုးဂုဏ်ဟာ
မန္တလေးတောင်လို မြင့်မားမယ်
ယဉ်ကျေးမှုတရားနဲ့ ဘာသာ သာသနာဟာ
မြို့ထဲက စာသင်တိုက်တွေမှာ စာအံသံမစဲသလိုပါပဲ
မန္တလေးဟာ မန္တလေးဖြစ်လို့ကို
သူ့အစဉ်အလာနဲ့ သမိုင်းကို
ဆံချည်မျှင်တစ်မျှင်မျှ အပွန်းအပဲ့မခံပါဘူး
ဂုဏ်ယူလျက်ပါ
မန္တလေးဟာ မန္တလေးဖြစ်လို့ ။ ။

သက်နိုင်ထွန်း (M.Ed)

## အလှဆုံးလူသား

ချစ်မေတ္တာ အစစ်ပန်းတို့
ပွင့်လန်းရာနယ်မြေ။
တောင်မြင်းမိုရ် ပမာပြုလည်း
တုမရပေ။
အနန္တအသင်္ချေ
မေတ္တာတွေ ရေလိုစီး။
စကြဝဠာမှာ
အမေ့မျက်နှာ စံမပြုလည်း
( သားအတွက်တော့)
ရှု၍မငြီး။

မြင့်စည်သူမြိုင်

## မျိုးဆက်သစ်ရင်ပြင် လူငယ်စာပေလက်ရာရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် "မျိုးဆက်သစ်ရင်ပြင်" အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။ ထိုသို့ရေးသားပေးပို့ရာတွင် စာမူများကို ခေတ်သစ်ရေးဟန်ဖြင့်ရေးသားနိုင်သော်လည်း ရေးသားသူ၏ ရည်ရွယ်ချက်၊ စေတနာ၊ တင်ပြပုံ၊ အကြောင်းအရာတို့ကို စကားပြေဖြင့်ဖြစ်စေ၊ စကားပြောဖြင့်ဖြစ်စေ (စကားပြေနှင့် စကားပြော မရောစေဘဲ) လိုရင်းတိုရှင်းရေးသားပေးပို့နိုင်ပါသည်။ လူငယ်လူရွယ်များ စိတ်ဝင်တစား ရေးသားပေးပို့ကြသည့်အတွက် ကြေးမုံကကျေးဇူးအထူးတင်ရှိပါသည်။

ပေးပို့သောစာမူများမှာ များပြားသဖြင့် အဆိုပါလေးချက်နှင့်ကိုက်ညီပြီး ဆီလျော်အောင်ရေးသားသောစာမူများကို ဖော်ပြပေးသွားမည်ဖြစ်ပြီး ပေးပို့သော စာမူအားလုံးအတွက် အကြောင်းပြန်ကြားမပေးနိုင်သေးခြင်း၊ မဖော်ပြပေးနိုင်သေးခြင်းတို့ကို နားလည်ခွင့်လွှတ်စေချင်ပါသည်။

စာမူပေးပို့ရာတွင် အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကျောင်း၊ မိမိ၏ နှစ်သက်ရာဓာတ်ပုံတစ်ပုံ၊ စာမူကို ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားသော သတင်းစာတိုက်၊ မဂ္ဂဇင်းတိုက်များသို့ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြု ဖော်ပြပါရှိရမည်ဖြစ်သည်။

**အထူးပန်ကြားလိုသည်မှာ စာမူများကို**

**mirrormyosathit@gmail.com**

**သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။** ဖော်ပြပါရှိသည့် စာမူခများကို အမှတ် (၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

# အေးချမ်းပါစေ ဝန်းသိုမြေ

**မေစကားဝါ**
တတိယနှစ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
(ရန်ကုန်)

စက်တင်ဘာလ ၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် သတင်းတစ်ပုဒ်ဖတ်လိုက်ရသည်။ "ဝန်းသိုမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ"ဟူသော သတင်း။ အခုတစ်လော ဝန်းသိုတွင် မကြာခဏကြားနေရသည်က မူးယစ်ဆေးဝါး။ ရောင်းသူများက မည်သည့်ရည်ရွယ်ချက်ဖြင့် ရောင်းသည်မသိ။ သုံးသူကလည်း များလှသည်။ ပိုဆိုးသည်က ရောင်းသူများကိုယ်တိုင် သုံးနေကြသည်ဆိုသော သတင်း။ အနာဂတ်လူငယ်များအတွက် ရတက်မအေးဖွယ်။ အရင်က အေးချမ်းသာယာခဲ့သော နယ်မြို့သေးသေးလေးတွင် မူးယစ်ဆေးဝါးအန္တရာယ်ကြီးစိုးနေသည်မှာ မြို့လေး၏အနာဂတ်၊ မြို့နေလူငယ်များ၏ ဘဝ၊ မြို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးဖြစ်နေလေပြီ။

မြန်မာနိုင်ငံ၏ အထက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်နားတွင် မြေပြန့်မကျ၊ အညာလည်းမမည်သော ဝန်းသိုဆိုသည့် နယ်မြို့လေးတည်ရှိပါသည်။ တောင်တန်းများ ပတ်လည်ဝိုင်းနေပြီး သစ်ရိပ်ဝါးရိပ်နှင့် အေးချမ်းသောမြို့လေး၊ စကားသံ ဝဲဝဲလေးများနှင့် ပြောကြသော မြို့လေး၊ ဘာသာရေးကိုင်းရှိုင်းကြပြီး ဘာသာပေါင်းစုံချစ်ခင်ရင်းနှီးစွာ နေထိုင်ကြသော နယ်မြို့လေးမှာ ကျွန်မ၏ဇာတိမွေးရပ်မြေလည်း ဖြစ်ပါသည်။ ဒေသခံများမှာ ရှမ်းစကားမပြောတတ်သော တိုင်းလိုင်(ရှမ်းနီ)များ ဖြစ်ကြပါသည်။ မြို့၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ယခုနှစ်များအတွင်းတွင် ဖွံ့ဖြိုးစပြုလာပြီဖြစ်သောကြောင့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိကြပါသည်။

ဝန်းသိုမြို့ဟုဆိုလျှင် ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်အကြောင်းကို ချန်လှပ်ထား၍မရပေ။ နယ်ချဲ့တော်လှန်ရေးသမိုင်းတွင် ထင်ရှားသူ၊ နယ်ချဲ့ကို ရှုပ်ရှုပ်ချွံချွံ တော်လှန်တိုက်ပွဲဝင်ခဲ့သူ ဖြစ်ပါသည်။ မှန်ကင်းတောင်တိုက်ပွဲ၊ ကျိုင်းခွင်တောင်တိုက်ပွဲများမှာ စော်ဘွားကြီးက ဦးဆောင်တိုက်ခိုက်ကာ အနိုင်ရခဲ့သော တိုက်ပွဲများဖြစ်ပါသည်။ ထိုသမိုင်းသည်လည်း မေ့လျော့ခံခဲ့ရသည်မှာ ကြာခဲ့ပြီ။

လွန်ခဲ့သောနှစ်များအတွင်းက ဝန်းသိုမြို့သည် ဖွံ့ဖြိုးတိုးတက်မှုနှောင့်နှေးပြီး ရှေးရိုးဆန်သောမြို့၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောမြို့ ဖြစ်ပါသည်။ ခရီးသွားလာရေးအတွက် ရထားကိုသာ အားကိုးကြရပါသည်။ ဝန်းသို-မန္တလေး အဝေးပြေးကားလိုင်းများ ပြေးဆွဲနေသည်မှာ မကြာသေးပါ။ ယခုထိ မြို့တွင် ငွေပို့/ငွေလွှဲအတွက် မြန်မာ့စီးပွားရေးဘဏ်တစ်ခုသာ ရှိပါသည်။ ပုဂ္ဂလိကဘဏ်များ မရှိသေးပါ။ ရန်ကုန်နှင့် ဝန်းသို တိုက်ရိုက်အဝေးပြေးကားမရှိပါ။ ဖုန်းလိုင်းများကလည်း ကောင်းကောင်းမမိ။ ဒေသခံပြည်သူများကလည်း ရိုးသားကြတော့ အချို့အရာရှိပုဂ္ဂိုလ်များအတွက် စားကျက်ပါပေ။

ယခုကာလအတွင်းမှာ အနည်းငယ်ဖွံ့ဖြိုးတိုးတက်လာသော်လည်း တိုးတက်မှု၏ ဆိုးကျိုးအဖြစ် လူသားမျိုးနွယ်တစ်ရပ်လုံး၏ အန္တရာယ်ကြီးက ကပ်ပါလာနေသည်။ အရင်က ဝန်းသိုမြို့တွင် မူးယစ်ဆေးဝါးသတင်းများ ကြားရသော်လည်း ယခုလောက်မဆိုးခဲ့ပါ။ သို့သော် ယခုတော့ လူမှုကွန်ရက်(facebook)တွင် တွေ့ရသော မူးယစ်ဆေးဝါးသတင်းများမှာလည်း ဝန်းသိုမြို့အမည်က မကြာခဏဆိုသလို တွေ့နေရသည်။ မြို့၏ ချောင်ကျသော နေရာများတွင် ဘိန်းဖြူထိုးရာတွင်သုံးသော ဆေးထိုးအပ်များ၊ အခြားမူးယစ်ဆေးဝါးများကိုလည်း မကြာခဏ တွေ့ကြရသည်ဆိုသည်။ ဤမျှကြောက်မက်ဖွယ်ကောင်းအောင်ပင် တစ်နေ့တခြား ပျံ့နှံ့နေပြီ။

မြို့ခံ မိဘပြည်သူများမှာလည်း စိတ်အေးချမ်းသာစွာ မနေထိုင်ကြရ။ အလုပ်အကိုင် ငွေကြေးအတွက် ပူပန်ရသည့်အထဲ မိမိတို့၏ သားသမီးများအတွက်ပါ စိုးရိမ်နေကြရသည်။ မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်မှာကို ပူပန်နေကြရသည်။

မြို့က အခုမှဖွံ့ဖြိုးဆဲ။ သို့သော် အဖျက်ကရှိနေပြီ။ လူငယ်အချို့မှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော်လည်း ထိရောက်စွာဖမ်းဆီးအရေးယူနိုင်ခြင်းမရှိသေး၍ ပပျောက်လိမ့်မည်မဟုတ်ပါ။ မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများကို ဒေသခံပြည်သူများအနေဖြင့် အားတက်သရော ပါဝင်ဆောင်ရွက်သင့်ပါသည်။ စာသင်ကျောင်းများတွင်လည်း မူးယစ်ဆေးဝါးအန္တရာယ် ဟောပြောပွဲများကို ကျယ်ပြန့်စွာလုပ်ဆောင်ပေးသင့်ပါသည်။ "အနာဂတ်နိုင်ငံတော်၏ ကာကွယ်ရေးသည် စာသင်ခန်းထဲတွင်ရှိသည်"ဟူသော ဆရာအောင်သင်း၏ စကားအတိုင်း ကျောင်းနေအရွယ် ကလေးလူငယ်များ မူးယစ်ဆေးဝါးအန္တရာယ်ကို သိရှိထားမှသာ နိုင်ငံ၏အနာဂတ်၊ မိမိတို့မြို့နယ်၏ အနာဂတ်အတွက် စိတ်အေးရမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် ရပ်ကွက်အလိုက်၊ ရွာအလိုက် အသိပညာပေးလုပ်ငန်းများကို မြို့နယ် တာဝန်ရှိသူများက ဦးဆောင်ကာ ပြုလုပ်ပေးသင့်ပါသည်။

မူးယစ်ဆေးဝါးသည် လူငယ်ထုအတွင်းတွင် အများဆုံး ပျံ့နှံ့လျက်ရှိနေသည်။ လူငယ်ဆိုသည်က အသစ်အဆန်းကို နှစ်သက်သည်။ စူးစမ်းလိုစိတ်၊ စမ်းသပ်လိုစိတ် များပြားသည်။ လွတ်လပ်စွာနေထိုင်လိုကြသည်။ သို့သော် ချုပ်ချယ်မှုကို မုန်းတီးကြသည်။ ထို့ကြောင့် လူငယ်ထုများအတွင်း ပျံ့နှံ့နေသော မူးယစ်ဆေးဝါးအန္တရာယ်ကို မိဘပြည်သူများအနေဖြင့် စနစ်တကျနည်းလမ်းမှန်ကန်စွာ တိုက်ဖျက်ပညာပေးသင့်ပါသည်။

မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေသော အန္တရာယ်ဆိုးကြီးဖြစ်ကြောင်း၊ လူသားတို့၏ အနာဂတ်ဘဝအတွက် ဆိုးကျိုးများသာ ဖြစ်စေတတ်ကြောင်း၊ ထိုအန္တရာယ်ဆိုးကြီးအား ပြည်သူလူထုအားလုံး ဝိုင်းဝန်းတိုက်ဖျက်သင့်ကြောင်း စသည့် အသိပညာပေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်သင့်ပါသည်။ ထို့ပြင် ရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲရောင်းချသူမှန်သမျှကို ထိရောက်စွာဖမ်းဆီးအရေးယူသင့်ပါသည်။

အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးမည်၊ ပြည်သူများကလည်း ပူးပေါင်းပါဝင်ပေးမည်၊ ရဲတပ်ဖွဲ့ကလည်း ထိထိရောက်ရောက် ဖမ်းဆီးနှိမ်နင်းမည်ဆိုလျှင် အတော်အတန်ပပျောက်သွားလိမ့်မည်ဟု မျှော်လင့်ပါသည်။ မိမိရပ်ရွာ၊ မြို့နယ်၊ နိုင်ငံကို တိုးတက်စေလိုသူတိုင်း မူးယစ်ဆေးဝါးကို အလိုမရှိကြပါ။ မူးယစ်အန္တရာယ်ကို ကြောက်ရွံ့မုန်းတီးကြပါသည်။ ထို့ကြောင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု၏ ရန်သူဖြစ်သော မူးယစ်ဆေးဝါးကို ပူးပေါင်းတိုက်ဖျက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# မျှော်လင့်နေသောအဖြေ

**မိုးယံဝင့်ထည်**
B.Sc(Zoology)

"ကျွန်မရဲ့ဖြစ်ပုံ . . . ဖြစ်ပုံဆန်းစုံ . . . ပွဲဈေးတန်းလျှောက်မိလို့ မောင်ကြီးနဲ့ဆုံသလေတော့ . . . မြင်မြင်ချင်းအချစ် မောင်ကြီးအကြည့်ကလိနေပုံ . . . ပျိုလေးမိရွှေဘဝင် တသိမ့်သိမ့်လှိုက်လို့တုန် . . . မြင်ရချည်ရဲ့ ချစ်မိတဲ့ချစ်အာရုံ . . .။

"ဟဲ့ မိရွှေချော၊ လက်ထဲမှာလည်းသတင်းစာကြီးကိုင်ပြီး သီချင်းလေးတအေးအေးနဲ့ပါလား"

"ပျော်နေတာလေ အဟိ"

"ဘာတွေများပျော်နေတာလဲ ကောင်မရဲ့၊ ငါ့ပြောစမ်းပါဦး"

"သူ့ဆီက အဖြေရလို့ပေါ့အေ"

"အယ် မိန်းကလေးတန်မယ့်အဖြေရတာ ပျော်နေတယ်။ ညည်းက ဘာအဖြေများရလို့ ဒီလောက်ပျော်နေရတာလဲ"

"ချစ်အဖြေပေါ့ဟာ"

"အမယ်ကြည့်စမ်း ညည်းကစပြီး အဖြေတောင်းရအောင် အဲကောင်က ဘာတွေများမက်စရာရှိနေလို့လဲအေ"

ကျွန်မလည်း သူငယ်ချင်းမကိုစချင်တာနဲ့ ချက်ချင်းပြန်မဖြေလိုက်ဘူး။ ကျွန်မနာမည်က ချောချော။ စာရေးစာဖတ် ဝါသနာပါသူပါ။ စာရေးဆရာဖြစ်ချင်တဲ့ အိပ်မက်ကလည်း ငယ်ငယ်ကတည်းက။ တောအရပ်မှာကြီးပြင်းလာရတော့ ဝါသနာကိုအကောင်အထည်မဖော်နိုင်ခဲ့ဘူး။ ဆရာမခင်ခင်ထူးရဲ့ဝတ္ထုတွေဆို သိပ်သဘောကျခဲ့တာ။ ဆရာမခင်ခင်ထူးရဲ့ "အညာသူအညာသား ကျွန်မဆွေမျိုးများ" ဝတ္ထုဆိုရင် ကျွန်မတို့အကြောင်းတွေရေးထားသလားတောင် ထင်ခဲ့မိသည်အထိ။ ကျွန်မ စာတွေရေးဖြစ်ခဲ့ပေမယ့် စာသင်ရတဲ့အလုပ်တွေနဲ့မအားတော့ ဘယ်ကိုမှ မပို့နိုင်ခဲ့ဘူး။

တစ်နေ့မှာတော့ ကျွန်မစာရေးဝါသနာပါတာကို သိတဲ့ ဆရာမတစ်ယောက်က ကြေးမုံသတင်းစာရဲ့ မျိုးဆက်သစ်ရင်ပြင်နဲ့ ကျွန်မကိုမိတ်ဆက်ပေးခဲ့တယ်။ ကျွန်မဝမ်းသာလိုက်တာများ ပြောမပြတတ်အောင်ပဲ။ ဖုန်းလေးရှိရုံနဲ့ ကျွန်မရေးထားတဲ့စာတွေကို အဲဒီနေ့ကစလို့ ကျွန်မပို့ခဲ့တာပေါ့။ mirrormyosathit@gmail.com ကို ကျွန်မအမြဲအဖြေတောင်းခဲ့တယ်။ ပို့တာသာများသွားတယ်။ ကျွန်မ မရခဲ့ဘူး။ မရခဲ့ပေမယ့် ကျွန်မလက်မလျှော့ခဲ့ပါဘူး။ တောင်းမြဲတောင်းဆဲပါပဲ။

"သူပန်ထားတဲ့ပန်းနီနီ နေရာခဏလဲချင်သည် . . . တစ်နေ့နေ့တော့ချစ်၍လာလိမ့်မည် . . ."။ ထူးအိမ်သင် သီချင်းလေးလိုပဲ တစ်နေ့နေ့တော့ ကျွန်မကိုပြန်ချစ်လာဖို့ မျှော်လင့်ချက်ကြီးစွာထားခဲ့တယ်။ အရေးမပျက်၊ အပို့မပျက်။ ရည်မှန်းချက်ကြီးသူအတွက် အောင်မြင်မှုကရောက်ကိုရောက်လာမယ်လို့ ကျွန်မယုံကြည်တယ်လေ။ ခုတော့ ကျွန်မမျှော်လင့်ထားသလို သူက ကျွန်မကိုအဖြေပြန်ပေးခဲ့ပြီလေ။ ကျွန်မအတွက်ကတော့ ချစ်အဖြေပါပဲ။ စာပေကို ချစ်မြတ်နိုးသူကျွန်မအတွက် ကျွန်မရေးသားထားတဲ့ စာမူလေး စာမျက်နှာထက်ဖော်ပြခံရခြင်းကပင် အခြားဘယ်အရာနဲ့မှ မလဲနိုင်သောပျော်ရွှင်မှုပင်။

"ဟဲ့ မိရွှေချော ငါမေးတာဖြေဦးလေ"

သူငယ်ချင်းအသံကြားရတော့မှ ကျွန်မရဲ့ ပျံ့လွင့်နေသော စိတ်တွေက ပစ္စုပ္ပန်သို့ပြန်ရောက်လာတော့တယ်။

"အေးပါအေညည်းကလည်း ပြောပါ့မယ်တကတည်း ငါအဖြေရတာကလေ"

"အောင်မလေး ပြောဖို့အရေး ပဲများနေလိုက်တာ၊ နေအေ နားမထောင်တော့ဘူး။ ငါ့စာသင်ချိန်ရောက်တော့မယ် သွားပြီ"

"ညည်းကလည်း ပြောပါ့မယ်ဆိုမှ နေပါဦးအေ၊ ငါအဖြေရတာကလေ ကြေးမုံဆီက"

"ဟဲ့ ဘယ်ကကြေးမုံတုန်း၊ တို့ကျောင်းမှာ ကြေးမုံအမည်နဲ့ ကျောင်းဆရာမရှိပါဘူးအေ"

"ဟဲ့ ငါကလည်း လူကြေးမုံရှိလည်း စိတ်မဝင်စားပါဘူးအေ။ ငါစာတွေရေးတာသိတယ်မဟုတ်လား။ ခု ငါအဖြေရတာက ကြေးမုံသတင်းစာက "မျိုးဆက်သစ်ရင်ပြင်ကဏ္ဍ"မှာ ငါရေးထားတဲ့စာမူလေး ပါလာတာကို ပြောတာ။ ရော့ ရှာပြီးဖတ်ကြည့်လိုက်"။

■

## နေ့တိုင်း တနင်္ဂနွေဖြစ်ပါစေ

လှပပျိုမြစ် မျိုးဆက်သစ်တို့
သစ်လွင်ပေါက်ဖွား ကလောင်များဖြင့်
ဆောင်းပါးဝတ္ထု ကာတွန်းကဗျာ
စုံလှစွာကို
တစ်ပတ်တစ်မျိုး ထပ်မရိုးအောင်
ရေးပြအစဉ် ထိုရင်ပြင်ကို
အစဉ်အားပေး စောင့်မျှော်ရေးဖြင့်
ဖတ်ရှုရသူ တို့မှာမူကား
ဗဟုသုတ များစွာရဖို့
ခုနစ်နေ့ရက် အဆက်ဆက်ကို
မပြတ်ခါလေ တနင်္ဂနွေသာ
ဖြစ်ရပါစေ ဆုတောင်းနေသည်
ကလောင်သွေးတို့ နွေးစေသော်။ ။

**သု(မအူပင်)**
ပထမကြိုးတန်း
သုခါရာမတိုက်ကျောင်း၊ မဟာဝိသုတာရာမ
တိုက်သစ်ကျောင်းတိုက်၊ ညောင်တုန်းမြို့။

## ချိုးကူသံပေး ငြိမ်းချမ်းရေး

ချိုးကူသံပေး ငြိမ်းချမ်းရေး
မနေးလိုလား မြန်ပြည်သား
စိတ်အားထက်သန် ဇာတိမာန်
အမြန်ရရေး အစဉ်တွေး
မနေးရလိုတယ်လေ့ ရလိုတယ်လေး။
ချိုးကူသံသာ ပြည်မြန်မာ
ရလာခွင့်ရေး ဘယ်မနေး
ငြိမ်းအေးစေဖို့ မျော်တွေးလို့
ငါတို့ခေတ်မှာ ရရမှာ
သာယာအေးချမ်း တစ်စိတ်ဝမ်း
ငြိမ်းချမ်းရမယ်လေ့ ရမယ်လေး။
ချိုးလေးကူသံ မိုးလုံးလျှံ
တို့မြန်မာပြည် ငြိမ်းချမ်းပြီ
ဂွမ်းဆီထိလို့ ဝမ်းသာလို့
ငါတို့ပျော်ရတယ်လေ့ ပျော်ရတယ်လေး။
ချိုးကူသံပေး ငြိမ်းချမ်းရေး
မနေးရလိုတယ်လေ့ ရလိုတယ်လေး။

**မောင်စည်သူ(အဖျောက်)**

## ပင်လုံဆုတောင်း

စစ်ပွဲတွေရပ် ချိုးငှက်သံဝေ
ဗုံးသံတွေရပ် စာအံသံဝေ
အတ္တတွေရပ် မေတ္တာတွေဝေ
သွေးကွဲခြင်းရပ် ပေါင်းစည်းအပ်ကာ
ပင်လုံဆုတောင်း
ကမ္ဘာတည်သရွေ့ တည်ပါစေသား။ ။

**စန္ဒီ(English)**
တတိယနှစ်၊ အင်္ဂလိပ်စာအထူးပြု
ပဲခူးတက္ကသိုလ်။



## စိမ်းညို့ဖူး(မန်းလေး)

# ချယ်ရီတွေလည်း မွှေးစေချင်



"အဖူးရေ အဖူး . . . "

အိမ်ရှေ့ကအော်သံကြားလို့ ထွက်ကြည့်တော့

"ဩော် မမြ ဘယ်သူများလဲလို့ လာ အထဲဝင်လေ"

"မဝင်တော့ဘူး၊ မူဆယ်ကပြန်လာတာ၊ မခင်လေးတို့က ပျားလိမ္မော်လမ်းကြုံပေးခိုင်းလိုက်လို့ လာပေးတာ။ ပစ္စည်းတွေပို့စရာရှိသေးလို့ ပြန်တော့မယ်။ မခင်လေးက မှာလိုက်သေးတယ်။ အချိန်ရရင် မူဆယ်လာလည်ပါဦးတဲ့"

"ဟုတ်ကဲ့ပါ အချိန်ရရင် လာခဲ့ပါမယ်လို့ ပြောပေးပါ။ မမြ မူဆယ်ပြန်တက်မယ်ဆို အိမ်ဝင်ခဲ့ပါဦး။ မခင်လေးတို့အိမ်အတွက် ထိုးမုန့်ထည့်ပေးမလို့"

"အေးပါအေးပါ ခုတော့ ငါသွားလိုက်ဦးမယ်"

ကျွန်မ မူဆယ်ဆိုတဲ့အသံကြားတိုင်း ရင်ထဲမှာ လှိုင်းတစ်ခု ထထသွားတယ်။ မူဆယ်လက်ဆောင် ပျားလိမ္မော်ခြင်းတောင်းလေးကြည့်ရင်း အတွေးတွေက အတိတ်ဆီသို့ . . .။

"သမီး"

"ရှင်"

"ရော့ဒီမှာ ညည်းစာအုပ်ရပြီလေ"

ပတ်စ်ပို့စာအုပ်လေးလှမ်းပေးရင်း ပြုံးပြသည်။

အချိန်ဘယ်လောက်ကြာကြာ ရပ်နေမိလဲမသိ။ အရင်က တစ်ခါမှမတွေ့ဖူးတဲ့ မျက်နှာစိမ်းတစ်ယောက်နဲ့ အတူ ဖြစ်လာတဲ့ခံစားချက်သူစိမ်းတွေ။ ဒါဟာ ဆယ်ကျော်သက် ဆယ့်ရှစ်နှစ်မလေးရဲ့ ပထမဆုံးအကြိမ်ဖြစ်ပေါ်လာတဲ့ ခံစားချက်လို့ ဝန်ခံပါရစေ။

ထူထဲနက်မှောင်တဲ့ မျက်ခုံးတစ်စုံကြောင့်ပဲလား။ နှာတံစင်းစင်းလေးက ခရေဇီဖြစ်ခဲ့ဖူးတဲ့ စပိုင်မင်းသားလေးနဲ့ ခပ်ဆင်ဆင်တူနေလို့လား။ ဒီလိုလည်း မဟုတ်ဘူး။ အကြည့်ချင်းတစ်ချက်ဆုံတော့ ခြေတွေမခိုင် ယိုင်လဲမတတ်။ နှလုံးခုန်သံက တစ်ချက်ဆိုတစ်ချက် အသူရာတို့ စစ်ခင်းနေသလို။ ပထမဆုံးအကြည့်၊ ပထမဆုံးခံစားချက်မှာ ပထမဆုံးအကြိမ် ရူးသွပ်မှု။ အဲနေ့ညက အိပ်မက်ထဲမှာ မင်းသားတစ်ပါး နန်းတက်တော့ ညီလာခံမှာ မိဖုရားနေရာအတွက် အသည်းအသန် ကိုယ့်မဲကိုယ်ပေးလိုက်မိတယ်လေ။

ဒီနေ့ ခါတိုင်းထက်ပိုပြီး စောစောထွက်လာခဲ့မိ တယ်။ မသိစိတ်က မြင်ချင်မိတာ ခပ်သွက်သွက်ခြေလှမ်း တွေက သက်သေပြနေတယ်။

သူ့အတွက် အဖြူရောင်စတိုင်ပင်နဲ့ အဖြူရောင်ယူနီဖောင်းကို အနက်ရောင်ရှူးဖိနပ်က ဂျန်တဲလ်မန်း ဆန်စေတယ်၊ အရပ်က ခြောက်ပေ။ တည်ကြည်လွန်းတဲ့မျက်နှာ။ ဘော်ဒီဂိုးလ်လို့အော်နေတဲ့ ဂျင်မ်ခန်းမက ကာလသားတွေ အားကျလောက်တဲ့ ကိုယ်နေဟန်ထားက ပြုံးလိုက်ရင် ယူဇနာတစ်ရာအတွင်း မဒီတွေ အသည်းမြေခလောက်မယ်ထင်ရဲ့။

"သမီး ဒီနေ့စောလှချည်လား"

"ဟုတ်"

"ဟိုဘက်မှာနေတာလား"

"ဟုတ်"

သွေးရိုးသားရိုး ပုံမှန်ကြားနေကျမေးခွန်းလေးတစ်ခု၊ မေးခွန်းပိုင်ရှင်လေးပဲ ကွဲလွဲခဲ့တာလေးတင် ရှက်သွေးတွေဖြာလို့၊ ဒီမြီးကောင်ပေါက်မ ရင်ခုန်သံသည် မူဆယ်မြို့က သုံးဘီးကားတွေရဲ့ လီဘာသံကို လွှမ်းမိုးသွားတယ်။

မူဆယ်ဈေးက ရှမ်းခေါက်ဆွဲစားတော့ ငရုတ်သီးတွေတောင် ချိုလို့။ မုန်လာချဉ်နံ့တောင် အာရုံမှာ မထင်တော့ဘူး။ အသွေးထဲ အသားထဲ အာရုံတွေထဲ ယူနီဖောင်းအဖြူရောင်က အဖြူကသိုဏ်းကျင့်ရင် စျာန်ရမယ်ထင်။

ဒီရက်ပိုင်း မြီးကောင်ပေါက်မလေးအတွက် နေ့စွဲတွေက ကကြိုးကကြောင်နိုင်လွန်းတယ်။ မမြင်ရတော့ မြင်ချင်မိ။ မြင်နေရတော့ ရင်ခုန်သံက စည်းဝါးမကိုက်။ လမ်းလျှောက်သင်ကာစ ကလေးငယ်လို ဘယ်တစ်လှမ်း ညာတစ်လှမ်း တော်တော်ခက်ခက်ခဲခဲ အားယူကာလှမ်းခဲ့ရတယ်။

သနပ်ခါးရေကျဲနေရာမှာ မိတ်ကပ်က နေရာယူချင် တိုင်းယူ၊ ဂျူတီဖရီးက ရယ်ဗလွန်တံဆိပ် အနီရဲရဲနှုတ်ခမ်းနီတောင့် အမေ့ကို ပူဆာမိပြီ။

အင်မီဂရေးရှင်းပေါက်က တံဆိပ်တုံးက တစ်ချက်မော့ကြည့်တယ်။ ဟ မြီးကောင်ပေါက်မလေး ဒီနေ့ ရေမွှေးနံ့တွေကြိုင်လှိုင်နေပါပေါ့လား။ ဟား ဟား ဟား စလစ်ပါအသစ်တောင် အဆင်မချောတာ ဟိုက်ဟီးနဲ့ဆို မူဆယ်က ပလက်ဖောင်းတွေက သိပ်မညီဘူးနော်။ ခပ်ငေါ့ငေါ့လေး လှောင်နေသလိုပင်။

သူ တစ်ချက်မော့ကြည့်တယ်။ နောက်ပြီး တစ်ချက်ပြုံးပြတယ်။ အရင်လိုမေးနေကျမေးခွန်းတွေ မရတော့။ ငါ့ပုံစံ အဆင်မပြေလို့လား။ အဆင်မပြေနိုင်လွန်းတာ သိတယ်။ နှုတ်ခမ်းနီ မကြိုက်ဘူး။ မိတ်ကပ်တွေ အသားမကျဘူး။ ဖိနပ်က တော်တော်ပေါက်တယ်။ ပလတ်စတာသုံးခုလောက် ကပ်ရတယ်။ မျက်ရည်တွေများတောင် ဝဲတက်ခဲ့တယ်။ ခြေဖမိုးကရေကျည်ဖုတွေ အချစ်ကြောင့် တစ်ပိုင်းရူးခဲ့တာ ကျန်တဲ့အပိုင်းကပါ လှုပ်လီလှုပ်လဲ့။

ရှမ်းခေါက်ဆွဲဆိုင်ရောက်တော့ "မိန်း ဖြောင်လျှန့်" လို့ အားရပါးရပြောလိုက်တဲ့ အန်တီတရုတ်မကြောင့် နည်းနည်းတော့ စိတ်သက်သာရာရတယ်။

အိပ်မက်မက်တိုင်း မိဖုရားနေရာက ဆိုပေမယ့် စူဠသုဘဒ္ဒါတော့ အဖြစ်မခံလို့။ ဖနောင့်ရေကြည်ဖုလေး သိပ်နာတယ်။ ခြေညှိုးလေးက အသနားခံတော့ ဒီနေ့ ကတ္တီပါဖိနပ်လေးစီးပြီး ခါတိုင်းလို ခပ်စောစောထွက်လာခဲ့တယ်။

အင်မီဂရေးရှင်းဂိတ်မှာမတွေ့တော့ မူဆယ်မြို့ရဲ့ မနက်ခင်းကြီး ရုတ်တရက်နေကြတ်သွားသလို ဒီ မြီးကောင်ပေါက်မလေးအပေါ် ကွက်ကြားမိုးက ရွာချလိုက်တယ်။ ဝန်ထမ်းလေ၊ ဂျူတီကျရာရောင်းရတာ။ အစောကတည်းက ဖွင့်မပြောလိုက်မိခဲ့တာ ဘဝရဲ့ နောင်တမှတ်တိုင်တစ်တိုင်စိုက်လို့။

"မီးကောင်ပေါက်မလေး ဦးကိုချစ်တယ်"

အလိုလိုဝဲတက်လာတဲ့ မျက်ရည်တွေကြောင့် တံဆိပ်တုံးလေးတောင် သနားသွားရှာတယ်။ ဒီနေ့ ရှမ်းခေါက်ဆွဲ ငန်တယ်။ နံရိုးဟင်းရည် လျှာရင်းမမြက်ဘူး။ မူဆယ်ဈေးကဗွက်တွေ သိပ်စိတ်ပျက်ဖို့ကောင်းတယ်။ ချယ်ရီပန်းတွေ မမွှေးတာကို ဘဝင်မကျဘူး။ မုန့်ဖိုးလာတောင်းနေကျ ဆံပင်နီကြောင်ကြောင်ကောင်မလေး ဒီနေ့ ဘုကြည့်ကြည့်ပစ်လိုက်တယ်။ ဆောရီးကလေးမ၊ အဲဒီ မြီးကောင်ပေါက်မလေးကို ဒီတစ်ရက် နားလည်ပေးလိုက်ပါ။ အဆင်ပြေတဲ့တစ်ရက် မုန့်ဖိုးနှစ်ရက်စာပေးမယ်။ ဒီနေ့ပြဿဒါး တစ်ဖြစ်လဲ ချစ်သူပျောက်တဲ့ နှစ်ဆယ့်တစ်ရာစု မပဉ္စာပေါ့။

အပြန်လမ်းမှာ ဂိတ်ပေါက်က အကျည်းတန်နေ တယ်။ တံဆိပ်တုံးကို မျက်နှာလွှဲနေလိုက်တယ်။

"သမီး"

ရုတ်တရက်မထင်မှတ်တဲ့အသံကြောင့် ခတ်ကြီးလေးပါး ဖောက်ပြန်သွားတာ ပူမှု၊ အေးမှု သဘောတွေ ထင်ရှားလွန်းနေတယ်။ ဝါယောဓာတ်ကောင်းကောင်း အလုပ်လုပ်နေတယ်။ လူက လေထဲကို လွင့်နေသလို ခြေထောက်တွေ မြေကြီးကို မထိဘူး။ ဒါဟာ အချစ်ရဲ့ ရွှေပြေးနိမိတ်တွေပဲလား။

"သမီးကိုစောင့်နေတာ ဟိုဘက်မှာ လိုတာလေး သွားဝယ်ချင်လို့၊ အချိန်ရရင် မားကတ်ခဏလိုက်ပို့ပေးပါလား"

"ရှင် ဟုတ်ကဲ့"

ဒီနေ့ အဖြူရောင်ဝတ်စုံမဟုတ်သလို အနက်ရောင်ရှူးလည်းမပါဘူး။ စတစ်ကော်လံနဲ့ ပုဆိုးကို ကျကျနနဝတ်ထားတယ်။ ကတ္တီပါဖိနပ်အပါးလေး။ တိုက်တိုက်ဆိုင်ဆိုင် ကြက်သွေးရောင်ချင်း လာတူနေတယ်။ ဆယ်ကျော်သက်တယ်လည်းခက်လှတယ်။ ဖိနပ်လေး အရောင်တူတာလေးနဲ့တင် အရိုးထဲက ပီတိတွေတောင်စိမ့်ကျလာတယ်။

ခြေလှမ်းခပ်ကျဲကျဲကို အမီလိုက်ရလို့ မောတာလား။ အသက်ရှူသံမမှန်လို့ မောတာလား။ ကိုယ်တိုင်တောင် မရေရာသေးဘူး။ သူက ပေါ့ပေါ့ပါးပါး စကားတွေပြောရင်း ရယ်ရင်း၊ တစ်ခါတလေ စိုးရိမ်စိတ်နဲ့ ချော်လဲမှာစိုးလို့ လက်မောင်းလေးကို အသာလှမ်းဖမ်းရင်း မြီးကောင်ပေါက်မကတော့ လူသေကောင် ငွေတစ်မတ်ကိုင်ရင်း ကူးတို့ဆိပ်ကို သွားနေသလို အေးစက်တောင်းတင်းပြီး ဦးနှောက်သွေးခဲနေလို့။

မားကတ်ကအပြန် တိတ်တိတ်လေး ဆုတွေတောင်းနေတာ ကွမ်ရင်မယ်တော်နာမည်ကို အခါခါရွတ်ပြီး တိုင်တည်တယ်။ ဦးတည်ဘွား ကလေးတွေ ချစ်တယ်ဆို။ ဒီမြီးကောင်ပေါက်မကို ကလေးစာရင်းခဏသွင်းလိုက်စမ်းပါဗျာ။ ဒီဦးနဲ့ မနက်တိုင်း ဈေးဝယ်ထွက်နိုင်ရပါလို၏။ ဒီဦး တစ်နေ့ အိမ်ဦးနတ်ဖြစ်ပါစေ။

"ကျေးဇူးပဲ သမီး မောသွားပြီနော်၊ ဟိုနားက အအေးဆိုင်ခဏထိုင်ရအောင်"

"ရှင် သမီးမသောက်တော့ဘူး" ကယောင်ကတမ်းတော့ ငြင်းလိုက်မိတယ်။ ကဲပါ ဦးတိုက်ပါ့မယ်။ လက်ကောက်ဝတ်လေးကိုင်ကာ ဆွဲခေါ်သွားတော့ ဖြစ်နိုင်ရင် အဲဒီအအေးဆိုင် ကမ္ဘာ့ဝင်ရိုးစွန်းအစွန်ထိ ရွှေ့ပစ်ချင်တာ။ လက်ကိုဆွဲပြီးလမ်းလျှောက်ရတာ အကျေနပ်ဆုံး အရာပါ။

"သမီးဘာသောက်မလဲ"

"သံပရာရည်ပဲ ဦး"

ပုံမှန်ဖြစ်ဖို့ အချဉ်ဓာတ်ကိုရွေးလိုက်တာ စတော်ဘယ်ရီဖျော်ရည်သောက်ပြီး အရူးတစ်ယောက်လို မဖြစ်ချင်လို့။

"ဦးလည်း သံပရာရည်ကြိုက်တယ်"

"သံပရာရည်နှစ်ခွက်"

တစ်သျှူးဘောက်ထဲက တစ်သျှူးတွေ တစ်ရွက်ပြီး တစ်ရွက် ဆွဲထုတ်တော့ အနေခက်နေတာ သဘောပေါက်တယ်။ ဒီမြီးကောင်ပေါက်မ ဒီလိုဆိုင်မှာ သူစိမ်းတစ်ရုံဆံနဲ့ နှစ်ယောက်တွဲပြီးမထိုင်ဖူးတော့ ရုပ်ပျက်ဆင်းပျက်ကို ဖြစ်လို့။

"သမီးနေရခက်နေလား၊ ရှက်မနေပါနဲ့ လာ ဒီနားတိုးခဲ့"

"သံပရာနှစ်ခွက်ရပြီ"

ခွက်ကို ချက်ချင်းဆွဲယူပြီး အသက်မရှူဘဲ ပိုက်ကိုကိုက်ကာ အငမ်းမရ သောက်ပစ်လိုက်တယ်။ မျက်နှာချင်းဆိုင် အခြေအနေမှာ အာခေါင်က ကန္တာရလိုဖြစ်နေပြီလေ။

ရုတ်တရက် ဦးဆီက

"အား ချဉ်လိုက်တာ"

ထအော်တော့ ကလေးဆန်လွန်းတာလည်း ချစ်ဖို့ကောင်းနေပြန်ရော။ လက်ထဲကခွက်ကို ဆတ်ခနဲ လှမ်းယူကာ သောက်ဖို့ဟန်ပြင်တယ်။

"ဦး သမီးဟာလေ"

"သမီးက ရွံတတ်လို့လား"

"မဟုတ်ပါဘူး။ သမီးသောက်ပြီးသား ဦးကိုအားနာလို့"

တစ်ချက်ပြုံးပြပြီး "ရပါတယ်၊ သမီး အအေးရော ချဉ်လား သိချင်လို့ပါ"

ပြောပြောဆိုဆို ရွှေ့သွားနဲ့ ဖိကိုက်ထားတဲ့ ပိပြားနေတဲ့ အအေးပိုက်ကို ခက်ခက်ခဲခဲသောက်နေတာ မြင်တော့ အားနာမိသလို ကိုယ့်လုပ်ရပ်ကို ရှက်လိုက်မိသေးတယ်။ အချဉ်မကြိုက်တဲ့ ဦး။ အချိုကဲခိုင်းနေတာ ဘာမဆိုင် ညာမဆိုင် သံပရာရည်ကို သကြားများများထည့်ဖျော်ဖို့ ဦးနှောက်ကမှတ်သားနေတာ အသေအချာပဲ။

"ကျေးဇူးပဲ သမီးရေ။ ရော့ ဒါ ဦးဖုန်းနံပါတ်၊ အရေးအကြောင်းရှိရင်ဆက်။ ဒီမှာ လေးလလောက်နေဖြစ်ဦးမှာ"

"ဟဲလို ဦးလား . . . "

"သမီးပြော . . . "

"ဟဲလို သမီးနေကောင်းလား။ သတိရတယ် သမီးရေ။ ပန်စိုင်းက မူဆယ်ထက် ပိုအေးတယ်။ သမီးသာ အနားရှိရင် သိပ်ကောင်းမှာပဲ"

"ဟဲလို ဒီမှာမိုးတွေ အရမ်းရွာနေတယ်။ ဦးကို အရမ်းသတိရတာပဲ"

"ဟဲလို သမီး မနက်ဖြန်ဂျူတီက မူဆယ်ကျမှာ၊ ဦး ဒီညတော့ အိပ်လို့မရလောက်ဘူး"

". . . . . . . . . . . . "

"မနက်ဖြန်မစောင့်နိုင်တော့ဘူး။ ဒီညတောင် ပြေးလာချင်တယ်။ သမီးနဲ့တွေ့ရဖို့ ဦးရင်တွေခုန်နေတာအရမ်းပဲ"

မူဆယ်မြို့လေးသိပ်လှတယ်။ ဦးလက်ကိုဆွဲပြီး တောင်ပေါ်တက်ရတာ ကမ္ဘာကြီးတစ်ခုလုံးပိုင်ဆိုင်ထားသလိုမျိုးပဲ။ ပြည်ချစ်ဘုရားမှာ ဆုတွေအတူတူတောင်းကြတယ်"

"သမီးရေ ဦး ပြန်ရတော့မယ်"

ဒီတစ်ခေါက်ပြန်ရင် ရနောင်းကို တာဝန်ကျမှာ။ နိုင်ငံတစ်ဝက်လောက်ခြားတဲ့အနေအထားမှာ အိုဗာဆီးကောအတွက် မုန့်ဖိုးတွေ ကြိုစုထားမိတယ်။

ရှမ်းခေါက်ဆွဲလည်း နေ့တိုင်းမစားဖြစ်သလို လက်ဖက်ရည်တောင် ဘူးနို့ဆီက ချွဲပိုကျပ်တယ် ထင်သွားတယ်။ ဆံနီမလေးရေ ငါအမြဲပေးနေကျ တစ်ယွမ်။ ဒီနေ့ကစပြီး ငါးကျော့ပဲ ယူပါကွာ။

ဦးရေ ဆုပ်ကိုင်ခဲ့တဲ့ ဦးလက်တစ်စုံ ဘယ်အရာမှ အစားမထိုးခဲ့သေးဘူး။ ဦးတစ်ယောက် အဆက်အသွယ်တွေပြတ်လို့ ဘယ်ဆီများရောက်နေပြီလဲ။

မူဆယ်မြို့လေးကို သမီးလည်း စွန့်ခွာလာခဲ့ပြီ။ +၈၅ မခံနဲ့တော့ ဦးရေ။ +၉၅၉ ဦးကို ဖုန်းနံပါတ်လေး ပြောချင်တာ။ ခဏဖြစ်ဖြစ် ဦးနဲ့ဆုံပါရစေ။

ဒီနေ့ မားကတ်ရောက်တော့ ကွမ်ရင်မယ်တော်ကို တီးတိုးအပူကပ်မိတယ်။ မွှန်းစတားရုပ်လေးတွေ့တော့ လှမ်းယူတယ်။ ခြေဖျားထောက်တာတောင်မမီဘူး။ နောက်ကနေ တစ်စုံတစ်ယောက်က လှမ်းယူပြီး ဈေးခြင်းထဲကို ထည့်ပေးတယ်။

"ကျေးဇူးပဲ"နောက်လှည့်ကြည့်တော့

"ဟင် . . . ဦး"

"ဟာ . . . သမီး"

ပြေးဖက်ချင်တယ်။ ပတ်ဝန်းကျင်က အဆင်မပြေဘူး။

"သမီး မတွေ့တာတောင်ကြာပြီနော်။ ဒီအတောအတွင်း နေကောင်းရဲ့လား ဆံပင်တွေတောင်ရှည်လာတယ်"

"အရမ်းလွမ်းနေခဲ့တာ ဦးရယ်။ နောက်ဆို မပြောမဆို ပျောက်မသွားပါနဲ့"

ရင်ထဲမှာ အသံကျယ်ကျယ်နဲ့ ဝုန်းဒိုင်းကြဲ ပြောနေပေမယ့် အာစေးနေခဲ့တယ်။

"မောင် ချစ်ကလိုက်ရှာနေတာ"

ဦးလက်မောင်းကိုလာဆွဲတဲ့မိန်းမချောတစ်ယောက်။

"မောင် မောင့်ညီမလေးလား"

"ဟုတ်တယ် အသိတစ်ယောက်ရဲ့ သမီးလေးပါ"

"ဩော် သမီး ဒါ ဦးနဲ့ စေ့စပ်ထားတဲ့ ဦး ချစ်သူပါ။ နောက်လထဲ မင်္ဂလာဆောင်ဖြစ်မယ်။ သမီးလာခဲ့ဦးနော်"

ကွမ်ရင်မယ်တော် မြီးကောင်ပေါက်မရဲ့ ဆုတောင်းကို နားကြားမှားခဲ့လေသလား။ ဈေးခြင်းထဲက မွှန်းစတားအရုပ်လေးကိုပြန်ထားခဲ့ပြီး အမြန်ဆုံးထွက်လာလိုက်တယ်။

အိမ်အပြန်လမ်းနဲ့ သိပ်မတည့်တဲ့ မြီးကောင်ပေါက်မတစ်ယောက်ရဲ့ အချစ်သစ်ပင်ငယ်လေး မကြီးပြင်းခင် ရေငွေးလောင်းခံရတော့. . .။ အတိတ်က လွမ်းစရာနေ့စွဲတွေက စိမ်းညို့ညို့တောင်တန်းတွေ မြင်လိုက်တိုင်း မနေ့တစ်နေ့ကလိုပါပဲလား ချယ်ရီရယ်။ ။

# အမှန်တကယ်ပြောင်းလဲနေပြီလား


**သာစိ**
ရန်ကုန်ပညာရေးတက္ကသိုလ်၊
ပဉ္စမနှစ် (ဒုတိယနှစ်ဝက်)

ဗျို့ . . . ဆရာ သာစိတို့ရွှေပြည်တော်ကြီးမှာ အမြင်မတော်စရာတွေကလည်း အတော်ခပ်များများပါကလား။ မပြောမပြီး၊ မတီးမမြည်ဆိုသလိုပေါ့ဗျာ။ အမြင်မတော်စရာတွေ တွေ့မှတော့လည်း သာစိတို့က ဒီအတိုင်းငြိမ်မနေနိုင်ဘူးဗျာ။ လူမုန်းခံပြီး ပြောရတော့ပေမပေါ့။

အနို့သော် သို့သော်လည်းပဲ သာစိပြောတဲ့စကားမှန်၊ မမှန်ကိုတော့ ဆရာများကိုယ်တိုင် သေချာစဉ်းစားသုံးသပ်ကြည့်ပြီး ဆုံးဖြတ်စေချင်သဗျ။ ကဲ စပြီဆရာရေ။ ဆရာများလည်းသိပြီးသားပါ။ သာစိတို့ ရွှေပြည်တော်ကြီးဟာ "ပြောင်းလဲချိန်တန်ပြီ"ဆိုတဲ့ ကြွေးကြော်သံနဲ့အတူ ချီတက်လာခဲ့တာ ဘာကြာသေးလို့မင့်ဟာ။ မဟုတ်ဘူးလား ဆရာများခင်ဗျာ။

အင်း . . . အနို့ကလို၊ သို့ကလိုပေပဲပေါ့။ "ပြောင်းလဲချိန်တန်ပြီ"ဆိုတဲ့ဆောင်ပုဒ်အတိုင်း သာစိတို့ ရွှေပြည်သူ/ရွှေပြည်သားတွေဘက်ကကော အမှန်တကယ်ပြောင်းလဲခဲ့ကြလားဆိုတာ စဉ်းစားကြည့်ဖို့ကောင်းသဗျ။ ပါးစပ်ကသာအော်အော်နေပြီး အဟုတ်တကယ်ထမလုပ်ရင်လည်း ဘာမှဖြစ်မလာဘူးဆိုတာကိုလည်း ဆရာများလည်း အသိသားမှတ်လား။ ဟိုး . . . ဆရာရေ သာစိပြောတာလောသွားသဗျ။ သာစိပြောချင်တာက အနီရွှေပြည်တော်နေ ပြည်သူလူထုတွေရဲ့ စိတ်ဓာတ်တွေ အစစ်အမှန်ကော ပြောင်းသွားကြရဲ့လားဆိုတာကို ပြောတာပါဗျာ။ ကျန်တာတွေတော့ ပြောင်းလဲပြီး စိတ်ဓာတ်တွေမပြောင်းလဲသေးရင် မခက်ပေဘူးလားခင်ဗျာ။

အင်း ဘာနဲ့နှိုင်းရမလဲဆိုတော့ "ပါးစပ်ကသာ ဘုရားဘုရား အော်နေပြီး လက်က ကားယားကားယား" လုပ်နေသူနဲ့ တူမနေပေဘူးလားလို့။ မပြောင်းလဲသေးတဲ့ လူတွေကို ပြောတာပါဗျာ။ သာစိကတော့ ထင်သဗျ။ လူတစ်ယောက်မှာ စိတ်ဓာတ်က အရေးအကြီးဆုံးပဲလို့။ သို့ပေတဲ့ ဆရာများလည်း ကိုယ့်အကြိုက်နဲ့ကိုယ်မို့လို့ ကြိုက်သလို ထင်မြင်ယူဆနိုင်ပါသဗျ။

သို့ပေသိ လူတစ်ယောက်မှာ စိတ်ဓာတ်မကောင်းရင်တော့ ဘာမှလုပ်လို့မရတော့ဘူးလို့ သာစိကတော့ ရဲရဲကြီးယုံသဗျာ။ ဆရာများလည်း ယုံတယ်မလား။ ဟဲ . . . ဟဲ . . . ဟဲ။ အင်း . . . သာစိလေကြောရှည်တာနဲ့ပဲ ဆိုလိုရင်းကို မရောက်ဘဲဖြစ်နေဦးမယ်။ ကိုင်း . . . သာစိပြောချင်တာကဒီလိုဗျ။ သာစိတို့လို သာမန်ပြည်သူတွေအနေနဲ့ နေ့စဉ်လိုလိုမြင်နေ၊ တွေ့နေရတာက ဆိုင်းဘုတ်တွေခင်ဗျ။ ဘာဆိုင်းဘုတ်တွေလည်းဆိုတာ ဆရာများလည်းမပြောခင်က ချက်ဆိုနားခွက်က မီးတောက်နေရောပေါ့။

ဟုတ်သဗျ။ သတိပေးဆိုင်းဘုတ်တွေပေါ့၊ ဆရာများရဲ့။ ဥပမာတစ်ခု၊ နှစ်ခုလောက် သာစိထုတ်ပြလိုက်ရင် ဆရာများလည်း သဘောပေါက်လိမ့်မယ်လို့ သာစိက ယူဆသဗျ။ ဤနေရာတွင် အမှိုက်မပစ်ရတို့၊ ဤနေရာတွင် ကွမ်းတံတွေး၊ ဆေးလိပ်၊ အရက်မသောက်ရတို့၊ မသုံးရတို့ပေါ့ဗျာ။ အနို့လို သတိပေးဆိုင်းဘုတ်တွေကို သာစိက ပြောတာပါဗျာ။ သို့ကလို သတိပေးဆိုင်းဘုတ်တွေ ဘယ်လောက်ကပ်ကပ်၊ သတိပေးစကားတွေ ဘယ်လောက်ပြောပြော သာစိတို့ ရွှေပြည်သူ/ရွှေပြည်သားတွေက စည်းကမ်းမလိုက်နာပါဘူးဗျာ။

ထင်ရာလုပ်သဗျို့။ သို့ကလို အမှိုက်မပစ်ရဆိုတဲ့ ဆိုင်းဘုတ်ဘေးနားမှာ အမှိုက်တွေတောင်ပုံရာပုံ ဖြစ်နေတာ သာစိတွေ့ဖူးသဗျ။ အံမယ် . . . စိုက်ထူတွဲရိုက်ထားတဲ့ ဆိုင်းဘုတ်ကိုတောင် အမှိုက်ပုံထဲမှာ ပြန်ရှာယူရသဗျ။ ရယ်ရအခက်၊ ငိုရအခက်ပေါ့ဗျာ။ ရှိသေးသဗျ။ ကွမ်းတံထွေး မထွေးရလို နေရာမျိုးမှာ ကွမ်းတံတွေး ထွေးလိုက်ကြတာ မြင်မကောင်းပဲဗျို့။ တချို့များ တိုက်နံရံတွေကိုပျစ်ခနဲ၊ ပျစ်ခနဲထွေးနေလိုက်တာ ရုတ်တရက်အဝေးကနေကြည့်ရင် တိုက်ကို အနီရောင်ဆေးသုတ်ထားသလိုပဲဗျို့။ ဟဲ. . ဟဲ. . ဟဲ. . . ။

ပြောရရင်တော့ တစ်ထောင့်တစ်ညပုံပြင်လိုပဲဗျို့။ မပြီးနိုင် မစီးနိုင်ပေါ့ခင်ဗျာ။ ကားပေါ်ကနေ ရေသန့်ဗူးခွံတွေ လွှင့်ပစ်တာ၊ ကွမ်းတံတွေးတွေကို လမ်းမပေါ် ပျစ်ခနဲထွေးချတာ၊ လူမြင်ကွင်းလို အများသူငါတွေ အပန်းဖြေတဲ့နေရာမျိုးမှာ သမီးရည်းစားစုံတွဲတွေ မဖွယ်မရာ၊ အမြင်မတော်တာတွေပြုလုပ်တာ။ ပြောရရင်တော့ အများကြီးမှ အများကြီးပဲဟရို့။ နို့ကလို လုပ်ရပ်တွေကိုကြည့်ရင် သာစိတို့ရွှေပြည်တော်ကြီး မပြောင်းလဲသေးဘူးဆိုတာ ထင်ရှားမနေပေဘူးလားဗျာ။ ဒါကြောင့်မို့ သာစိက ပြောတာဗျာ။

"ပြောင်းလဲချိန်တန်ပြီ"ဆိုတဲ့ စကားအတိုင်း သာစိတို့ စိတ်ဓာတ်တွေအရင်ပြောင်းပစ်ဖို့လိုသဗျ။ သာစိတို့ ရွှေပြည်သူ/ရွှေပြည်သားတွေရဲ့ စိတ်ဓာတ်တွေ၊ လုပ်ရပ်တွေ၊ ခံယူချက်တွေ မပြောင်းလဲမချင်း၊ မပြင်မချင်း သာစိတို့ လိုချင်နေတဲ့ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်အံ့"ဆိုသော ကြွေးကြော်သံကလည်း သာစိတို့တွေနဲ့ အလှမ်းဝေးနေဦးမှာပဲဗျို့။

နောက်ပြီး ဆွဲချိတ်ထားတဲ့ဆိုင်းဘုတ်တွေကလည်း ဆက်ပြီးအသက်ငင်နေဦးမှာပါပဲဗျို့။ သာစိကို အတွန့်တက်သဗျ။ စနစ်မကောင်းခဲ့လို့ အခုလိုဖြစ်နေရတာပါဆိုပြီး . . . ။ အင်း . . . မှန်တော့လည်းမှန်သား ဆရာများရဲ့။ သို့ပေမင့် . . . သာစိတစ်ခုမေးချင်သဗျ။ အနီလို စနစ်ကောင်း စပြုလာပြီဖြစ်တဲ့အချိန်အခါသမယမျိုးမှာ ဘာဖြစ်လို့စိတ်ဓာတ်တွေ မပြောင်းလဲကြတာလဲလို့။ သာစိကတော့ တဲ့တိုးသမားဗျ။

မေးစရာရှိရင်လည်း ပွင့်ပွင့်လင်းလင်း မေးထည့်လိုက်တာပဲ။ မမေးသင့်ပေဘူးလား ဆရာမင်းများရယ်။ ဒါမှလည်း အမှားကိုသိပြီး အမှန်ပြင်ကာ လမ်းမှန်ပေါ်ရောက်ပေမပေါ့။ အင်း . . . အဲဒါတွေခက်တာ ဆရာများရဲ့။ အနီ ရွှေပြည်သူ/ရွှေပြည်သားတွေက တစ်ခုခုများဖြစ်လာခဲ့ရင် စနစ်မကောင်းခဲ့လို့ချည်းပဲ အကုန်ပုံချနေတော့တာပဲဗျို့။ အင်း . . . ရွှေပြည်သူ/သားတွေရဲ့ မကောင်းတဲ့ စိတ်ဓာတ်အမူအကျင့်တွေကိုတော့ ပြင်ဖို့မကြိုးစားကြဘူးဗျို့။

ဒီလိုသာ တစ်ခုခုကိုယိုးမယ်ဖွဲ့ပြီး လိုက်စွပ်စွဲအပြစ်တင်နေခဲ့ရင် သာစိတို့နိုင်ငံ ဘယ်တိုးတက်တော့မလဲဗျာ။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါစေတော့။ ပြီးခဲ့တဲ့ အမှားတွေထဲကနေ သင်ခန်းစာယူပြီး ပိုကောင်းအောင်ဆက်လုပ်ကြတာ သာ၍မကောင်းပေဘူးလားလို့။ အင်း . . . နိုင်ငံ့အကြီးအကဲက ဘယ်လောက်ပဲပြောပြော လိုက်နာသူ ပြည်သူလူထုတွေရဲ့ မကောင်းတဲ့စိတ်ဓာတ်တွေ မပြင်သေးသရွေ့တော့ သာစိတို့နိုင်ငံလည်း ပြာပုံဘဝကနေ တက်ဦးမှာ မဟုတ်သေးဘူးဗျို့။ စနစ်မကောင်းခဲ့တာကိုသာ လက်ညှိုးထိုး အပြစ်တင်နေပြီး မိမိတို့ရဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေကိုမပြင်သေးသရွေ့တော့ သာစိတို့ ရွှေပြည်တော်ကြီးဟာလည်း ကမ္ဘာ့အဆင့်ကို မီဖို့မပြောနဲ့ အာဆီယံနိုင်ငံအတွင်းမှာတောင် အဆင့်ရှိရှိရပ်တည်နိုင်ဖို့ မလွယ်ရေးချမလွယ်ပဲဗျို့။ အင်း . . . မကောင်းတဲ့ စိတ်ဓာတ်တွေ မပြင်သရွေ့တော့ သာစိတို့ရွှေပြည်တော်ကြီးက ကျားတော့ကျားပဲ ဒါပေသိ ဖွတ်ကျားဆိုတာမျိုးပဲဖြစ်မှာ ဧကန်ပဲဗျို့။ အဲ . . . လွန်တာရှိလည်းဝန္ဒာမိပါဗျာ။ ကိုင်း . . . တစ်ခန်းရပ်ကြဦးစို့။ ။

# ဘိုကေချစ်သော စိတ်တိုကြီး


**ဝိုင်ပြာ**
နောက်ဆုံးနှစ် အင်္ဂလိပ်စာ၊
အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်။

"ကျေးလက်က နွေးထွေးတဲ့ အမေ့အိမ်လေးအကြောင်း . . . တွေးမိနေလို့ . . . "

ရုံးပိတ်ရက်တွင် မိုးအေးအေးရှိသည်နှင့် ကော်ဖီပူပူလေးတစ်ခွက်သောက်ရန်အလို့ငှာ ဖျော်နေစဉ် ရေဒီယိုမှ ကိုငှက်ကြီး(ထူးအိမ်သင်)၏ သီချင်းသံကြောင့် သီဟတစ်ယောက် နယ်တွင်ကျန်နေခဲ့သော အမေ့အိမ်ကလေးကို သတိရသွားမိ၏။

အမေ့အိမ်ကို သတိရတော့ ရွာကလေးကိုပါ သတိရ၏။ ရွာကလေးကိုပါသတိရတော့ မိမိငယ်ဘဝအဖြစ်အပျက်လေးများကိုပါ သတိရမိသွား၏။ ထို့အတူ မိမိမွေးခဲ့ဖူးသော ခွေးစိတ်တိုကြီးကိုပါ သတိရမိသွားရင်း အတွေးတို့က လွန်ခဲ့သော ၁၅ နှစ်ခန့်သို့ ပျံသန်းသွားလေတော့၏။

(၁)

တမာတကောချောင်းလေးထဲတွင် လှေငယ်လေးတစ်စင်း တရွေ့ရွေ့သွားနေ၏။ လှေပေါ်တွင် ဘိုကေဟုခေါ်သော ခုနစ်နှစ်အရွယ်ကလေးလေးနှင့် ထိုကလေး၏အမေတို့ လှော်ခတ်စီးနင်းလာ၏။ ဘိုကေတို့ရွာတွင်နေထိုင်ရာရွာမှ စိုက်ပျိုးရာလယ်ယာသို့သွားရန် ရေလမ်းခရီးကို အသုံးပြုလေ့ရှိကြပါ၏။

ဘိုကေသည် ရေပက်နေရင်းမှ မိမိတို့လှေနောက်သို့ ခွေးကလေးတစ်ကောင် ချောင်းရိုးအတိုင်းလိုက်လာသည်ကို မြင်လိုက်ရ၏။ ထိုခွေးကလေးမှာ ရွာလှေဆိပ်တွင် ဘိုကေသနား၍ မုန့်တစ်ဖဲ့ကြွေးခဲ့သော ပိုင်ရှင်မဲ့ခွေးလေးပင်တည်း။ ခွေးကလေးမှာ မောဟိုက်နေဟန်တူသော်လည်း အတန်ကြာထိ လိုက်မြဲလိုက်လာလေ၏။ ဘိုကေလည်း သနားစိတ်ဝင်လာပြီး ခွေးကလေးကို လှေပေါ်တင်ခေါ်ရန် ပူဆာသော် ဘိုကေ၏အမေလည်း ခွင့်ပြုလိုက်ရတော့၏။ လှေကို ကမ်းကပ်၍ ခွေးကလေးကို လှေပေါ်တက်စေသောအခါ ဘိုကေသည် ပွေ့၍ အိမ်သို့ခေါ်ခဲ့လေ၏။

ဤသို့ဖြင့် ဘိုကေတို့အိမ်တွင် စိတ်တိုဟူသော ခွေးကလေးတစ်ကောင် မွေးစားဖြစ်ခဲ့လေ၏။

(၂)

ဤသို့ဖြစ်ပျက်ပြီး တစ်နှစ်အကြာ ညနေခင်းတစ်ခုတွင် စိတ်တိုသည် ဘိုကေထံသို့ပြေးလာ၍ ဟောင်လိုက်၊ လှေချည်ထားရာ ချောင်းကမ်းစပ်သို့ပြေးသွား၍ ဟောင်လိုက်ဖြင့် ခေါက်တုံ့ခေါက်ပြန်ပြုနေလေ၏။ ဘိုကေ၏အမေလည်း စိတ်တိုနောက်သို့ ဘိုကေကို သွားကြည့်ခိုင်းလေ၏။ ဘိုကေ ချောင်းကမ်းစပ်သို့ရောက်သော် ရေတက်စချောင်းထဲသို့ မျောပါစပြုနေသော ဘိုကေတို့၏လှေကလေးကို တွေ့ရတော့သည်။(လှေငှားသွားသူ ရွာသားကြီးမှာ လှေပြန်ထားပေးရာတွင် ကြိုးချည်ရန် မေ့ခဲ့ဟန်တူပါသည်။) ရေစီးနှင့်မျောပါသွားတော့မည့်လှေကို စိတ်တိုကြောင့် အချိန်မီပြန်ဆယ်ယူနိုင်ခဲ့၏။

"စိတ်တို သတိမပေးလို့ လှေပျောက်သွားရင် သားတို့တဲကို နေ့တိုင်းလမ်းလျှောက်ရမှာပေါ့နော် အမေ"လို့ ဘိုကေက ကလေးပီပီ ပြောသောအခါ ဘိုကေ၏အမေက လူကြီးပီပီပြုံးလေ၏။

(၃)

နှစ်ပေါင်းလရှည်ကြာမြင့်သော် စိတ်တိုလေးသည် လိမ္မော်ရောင် အမွေးများနှင့် ခပ်ဖွံ့ဖွံ့ထွားထွားစိတ်တိုကြီးဖြစ်နေလေပြီ။ တစ်နေ့တွင် ဦးလေးဖြစ်သူတို့ လင်မယားသည် ဘိုကေတို့တဲသို့ အလည်လာ၏။ ဘိုကေက ဦးလေးလင်မယားအား စိတ်တိုကြီးသည် မည်မျှလိမ္မာကြောင်း၊ မည်မျှအဖော်ရကြောင်း ကြွားနေလေ၏။ ဘိုကေက မိမိ၏စိတ်တိုမှာ ဈေးပင်ဝယ်ခိုင်းလို့ရကြောင်း ပြောပြရာ ဦးလေးက မယုံကြောင်းပြော၍ ယုံအောင်သက်သေပြမည်ဟုဆိုကာ ခွေးလည်ပတ်တွင် ဈေးဖိုးစာရွက်နှင့် ပိုက်ဆံကိုသားရေကွင်းနှင့် စည်းပေး၏။ ပြီးနောက် "စိတ်တိုကြီးရေ ဈေးဆိုင်သွား"ဟုပြောကာ လွှတ်လိုက်၏။ ရွာတွင်းရှိ ဈေးဆိုင်နှင့် ဘိုကေတို့တဲမှာ အတန်ငယ်ဝေးသောကြောင့် ထမင်းအိုးတစ်လုံးကျက်အကြာတွင် စိတ်တိုကြီးပြန်ရောက်လာ၏။ လည်ပင်းမှ ဈေးဖိုးထုပ်လေးကို ဘိုကေ ဖြုတ်ယူပြီးသော် စိတ်တိုသည် သူ၏စံမြန်းရာတဲအပြင်သို့သွား၍ အမောဖြေနေလေတော့၏။

(၄)

နံနက်ခင်းတစ်ခုတွင် ဘိုကေ၏အဖွားသည် ဘိုကေကို ရွာမြောက်ပိုင်းမှ အကြော်တဲသို့ အကြော်ဝယ်ခိုင်းလေ၏။ (အကြော်သည်အမယ်အိုး၏အိမ်တွင် ရန်ပြုတတ်သော ခွေးဆိုးတစ်ကောင်ကို မကြာသေးမီကမှ မွေးမြူထားကြောင်း ဘိုကေရော ဘိုကေ့အဘွားပါ မသိကြချေ။) ဘိုကေ အကြော်တဲခြံဝင်းနားရောက်သည်နှင့် ခွေးဆိုးသည် ဘိုကေ့ထံ တစ်ဟုန်ထိုးပြေးလာ၏။ ဘိုကေ ပြေးမလွတ်နိုင်တော့။ ကြောက်လွန်း၍ မျက်စိသာမှိတ်ထားမိတော့သည်။ ခွေးဆိုးသည် ဘိုကေ့အားကိုက်လုဆဲဆဲတွင် အခြားခွေးတစ်ကောင်၏ ခုန်အုပ်ခြင်းကိုခံရလေ၏။ ခုန်အုပ်သော ခွေးသည်ကား အခြားမဟုတ် ဘိုကေ၏ ဇာတ်လိုက်ကျော် စိတ်တိုကြီးပေတည်း။ ခွေးဆိုးမှာလည်း ထွားကျိုင်းသန်မာလှသော စိတ်တိုကြီးကိုမယှဉ်သာဘဲ အမြီးကုပ်ကာ ပြေးရလေတော့၏။

(၅)

ဘိုကေတို့နယ်ဘက်တွင် သူခိုးများသောင်းကျန်းနေသော ကာလတစ်ခု၏ ညတစ်ညတွင်ဖြစ်၏။ အိမ်နောက်ဖေးရှိ စပါးကျီဘက်မှ စိတ်တိုကြီး၏ ဟောင်သံဆိုးဆိုးရွားရွား ထွက်ပေါ်လာ၏။ ဘိုကေတို့အိမ်သားများနိုးလာပြီး ဖခင်လုပ်သူက အိမ်နောက်ပေါက်မှ စပါးကျီဘက်သို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်သော် စပါးကျီအနောက်ဘက် ချောင်းစပ်တွင် စပါးအပြည့်တင်ထားသော စပါးသူခိုးနှစ်ယောက်ကို တွေ့ရလေ၏။ သူခိုးတစ်ယောက်မှာ လှေပဲ့ပိုင်းတွင်နေရာယူကာ လှော်ပြေးရန်အသင့်ပြင်နေသော်လည်း ကျန်တစ်ယောက်မှာမူ လှေပေါ်သို့တက်၍ မရသေးချေ။ အကြောင်းမှာမူကား စပါးသူခိုး၏ခြေထောက်ကို စိတ်တိုကြီး ကိုက်ခဲထားခြင်းကြောင့်ပေတည်း။ တစ်ခဏအတွင်းမှာပင် အိမ်နီးချင်းများနိုးလာပြီး သူခိုးများကို ဖမ်းဆီးလိုက်ကြတော့သည်။

စိတ်တိုကြီးမှာလည်း သူခိုးများ အဖမ်းခံမှသာ အဟောင်ရပ်တော့၏။ "သားရဲ့စိတ်တိုကြီးကယ်လို့ အဖေတို့ စပါးတွေ အခိုးမခံရတာနော်"ဟု ဖခင်ဖြစ်သူကို ဘိုကေ ဂုဏ်ယူဝံ့ကြွားစွာပြောကာ စိတ်တိုကြီးကို ထွေးပွေ့ရန် "အို့ အို့"ဟု ခေါ်လေ၏။

စိတ်တိုကြီးသည် သခင်ဖြစ်သူ ဘိုကေ့ထံ လေးတွဲ့စွာအားယူ၍ လျှောက်လာရင်း. . .

တစ်လှမ်း. . . နှစ်လှမ်း. . . သုံးလှမ်းမြောက်တွင် ဟန်ချက်မထိန်းနိုင်ဘဲ ဘုန်းကနဲလဲကျသွားတော့၏။ ဓာတ်မီးရောင်အောက်မှာ စိတ်တိုကြီး၏ခန္ဓာကိုယ်တွင် သွေးအလိမ်းလိမ်းနှင့်။ လည်ကုပ်စပ်နားတွင် မိုန်းဒဏ်ရာတွေ အများအပြား။ လှေပေါ်တက်ကာ ထွက်ပြေးရန်ကြိုးစားသည်ကို ကိုက်ဆွဲကာ တားဆီးထားသော စိတ်တိုကြီးအား စပါးသူခိုးက ဒေါသတကြီးဖြင့် ဆင့်ကာဆင့်ကာ မိုန်းနဲ့ထိုးနေပုံများကို ဘိုကေ့မျက်လုံးထဲမှာ ပြန်မြင်ယောင်လာလေသည်။ မျက်ရည်များသည် ဘိုကေ့မျက်လုံးအတွင်းမှ ပါးပြင်ပေါ်သို့ လျှံကျလာတော့၏။ စိတ်တိုကြီးမှာမူ အရုပ်ကြိုးပြတ်ငြိမ်သက်လျက် သူ့သခင် ဘိုကေ့ကို အပြီးသတ် နှုတ်ဆက်သွားလေတော့၏။

××××××××

သီဟ သက်ပြင်းရှည်ချကာ ကော်ဖီပူပူကို တစ်ကျိုက်မော့လိုက်၏။ အချိန်များသည် အကုန်လွယ်၏။ လွန်ခဲ့သော ၁၅ နှစ်က အပူအပင်ကင်းသော ငယ်နာမည် ဘိုကေမည်သည့် ကလေးငယ်လေးသည် ယခုအချိန်တွင် သာမန်ရုံးဝန်ထမ်းလေး သီဟအဖြစ် လောကဓံတိုက်ပွဲတွေ ဝင်ရပါဦးမည်လားဟုအသိဝင်ကာ အတွေးကို တစ်ခန်းရပ်၍ ရုံးမှပါလာသော အလုပ်များလုပ်ရန် ပြင်ဆင်တော့လေသတည်း။ ။

